# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဝီရိယမလျှော့ဘဲ အားထုတ်**

ကုန္ဒြေ၌ ကောင်းစွာမစောင့်စည်းခြင်း၊ အစားအသောက်၌ အတိုင်းအရှည်မသိခြင်း၊ ပျင်းရိခြင်းတို့သည် ကိလေသာတရားကို တိုးပွားစေသဖြင့် ဣန္ဒြေကိုစောင့်လျက် အစားအသောက်၌ အတိုင်းအရှည်ကိုသိရှိပြီး ဝီရိယကိုမလျှော့ဘဲ အားထုတ်ရာ၏။

ယမကဝဂ် (ဓမ္မပဒ - ၈)


၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၃၇)


# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ထိုင်းနိုင်ငံ သံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ


စာ ၇ » ၃




# ဗိုလ်ချုပ်အောင်ဆန်း၏ ၁၀၂ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ယနေ့သည် မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ၁၀၂ နှစ် မြောက် မွေးနေ့ရက်မြတ် ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရှမ်းပြည်နယ် တောင်ကြီးမြို့ပေါ်ရှိ ရွှေဘုန်းပွင့်စေတီနှင့် စူဠာမုနိစေတီများသို့ သွားရောက်ဖူးမြော် ကြည်ညို၍ ကောင်းမှုကုသိုလ်ပြု အမျှပေးဝေခဲ့သည်။

ထိုသို့သွားရောက် ဖူးမြော်ကြည်ညိုသည့် စေတီများ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗိုလ်ချုပ်အောင်ဆန်း၏ ရောက်ရှိအသက် ၁၀၂ နှစ်ကို ရည်စူးပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ ဆီမီး ၁၀၂ တိုင် ပူဇော်ခဲ့သည်။

နံနက် ၉ နာရီတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရွှေဘုန်းပွင့်စေတီအား ဖူးမြော်ကြည်ညိုပြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့နံထောင့်၌ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဆီမီး ၁၀၂ တိုင် ထွန်းညှိ၍ ကုသိုလ်ပြုသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❁


**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိဘမဲ့ကလေးများနှင့် မသန်စွမ်းကလေးများအား နေ့လယ်စာ အာဟာရကျွေးမွေးပွဲတွင် ကလေးငယ်များနှင့်အတူ လက်ရည်တစ်ပြင်တည်း သုံးဆောင်စဉ်**




မြန်မာ့အလင်း

# တည်ငြိမ်အေးချမ်းရေးသည် မောင်တောဒေသအတွက် လိုအပ်ချက်

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇန်နဝါရီ ၈ ရက်မှ ၂၃ ရက်အထိ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ပြီး ယင်းကိုယ်စားလှယ်အဖွဲ့က တင်ပြလာသည့် အစီရင်ခံစာကို အခြေခံ၍ **Interviews with Rohingyas Fleeing From Myanmar Since 9 October 2016** ခေါင်းစဉ်ဖြင့် အစီရင်ခံစာတစ်စောင်ကို ယခုလဆန်းပိုင်းက ထုတ်ပြန်ခဲ့ရာ လွန်စွာစိုးရိမ်ဖွယ်ရာ သဘောသဘာဝများပါရှိသော စွပ်စွဲချက်များ ပါရှိခဲ့သည်။ မောင်တောဒေသတွင် နယ်မြေရှင်းလင်းရေး ဆောင်ရွက်မှုများကြောင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေးလာကြသူများဟု ဆိုသူများကို တွေ့ဆုံမေးမြန်းချက်များအရ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးဆောင်ရွက်စဉ်အတွင်း လူသတ်မှု၊ အဓမ္မပြုကျင့်မှု၊ ရိုက်နှက်ညှဉ်းပန်းမှု စသည်တို့ပါဝင်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့ကြောင်း စွပ်စွဲခဲ့သည့်အပြင် နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ချက်ချင်းရပ်ဆိုင်းပေးရန်လည်း တောင်းဆိုခဲ့ကြောင်း သိရသည်။

စင်စစ်အားဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောခရိုင်အတွင်း ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များဖြစ်ပွားခဲ့ပြီးနောက်ပိုင်း တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ တစ်ဖက်တွင်လည်း အဆိုပါဒေသရှိ လူ့အဖွဲ့အစည်းများအတွင်း အကြမ်းဖက်တိုက်ခိုက်သူများက အပြစ်မဲ့အရပ်သားပြည်သူများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များအား အကြောက်တရားကြီးစိုးစေရန်၊ အမှန်တရားကို ဖော်ထုတ်ခြင်းမပြုနိုင်ရန်၊ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း မရှိစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ၎င်းတို့နှင့် ဘာသာတူ၊ လူမျိုးတူများကိုပင် ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ပြုလုပ်ခဲ့ကြရာ ၂၀၁၆ အောက်တိုဘာ ၉ ရက်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်အထိ သေဆုံးသူ ၁၃ ဦး၊ ဖမ်းဆီးခံရသူ ရှစ်ဦးရှိခဲ့သည့်အနက် သုံးဦးကို ပြန်လည်တွေ့ရှိခဲ့ကာ ငါးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ယခုလဆန်းပိုင်းက သတင်းထုတ်ပြန်ခဲ့သည်။

ရခိုင်ပြည်နယ် မြောက်ပိုင်း မောင်တောခရိုင်အတွင်း ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်များနှင့် ပတ်သက်၍ ကောလာဟလများ ၊ သတင်းအမှားများ မကြာခဏထွက်ပေါ်လာလေ့ရှိပြီး အငြင်းပွားဖွယ်ရာ သတင်းအချက်အလက်များ၊ ဓာတ်ပုံများနှင့် ပတ်သက်၍လည်း မကြာခဏဆိုသလိုပင် ပြန်လည်စိစစ်ရခြင်း၊ ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်ဟူသော ဒေသများထိ သွားရောက်ကာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရပြီး သတင်းအမှန်များထုတ်ပြန်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ရသည်။ ယခုလည်း **OHCHR** အစီရင်ခံစာပါ အချက်အလက်များနှင့် ပတ်သက်၍ မောင်တောဒေသစုံစမ်းစစ်ဆေးရေး ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဒေသတွင်း ကွင်းဆင်းစုံစမ်းမေးမြန်းမှုများ ပြုလုပ်နေကြကြောင်း သိရှိရသည်။ စုံစမ်းစစ်ဆေးမှုများအရ **OHCHR** ၏ အစီရင်ခံစာပါ စွပ်စွဲချက်များအတိုင်း ကျူးလွန်မှုများရှိခဲ့ကြောင်း အထောက်အထားခိုင်ခိုင်မာမာတွေ့ရှိပါက လိုအပ်သော အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း ရှင်းလင်းစွာ ပြောကြားထားပြီးဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ဘက်ပေါင်းစုံမှ ချဉ်းကပ်ကာ ရေတိုရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်နေစဉ်အတွင်း ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် နိုင်ငံခြားပယောဂများ ပါဝင်သည့် အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မဖြစ်မနေဆောင်ရွက်ရမည့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် တရားဥပဒေစိုးမိုးရေးဘောင်အတွင်းမှ လူ့အခွင့်အရေးနှင့် ညီညွတ်စွာဆောင်ရွက်ရန်၊ အင်အားအလွန်အကျွံသုံးခြင်းမပြုရန် ညွှန်ကြားထားပြီးဖြစ်သကဲ့သို့ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ကလည်း ညွှန်ကြားချက် / ပြဋ္ဌာန်းချက်များ အပေါ် ဖောက်ဖျက်ကျူးလွန်မှုဖြစ်ရပ်များ ရှိ မရှိ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သတင်းများ ထုတ်ပြန်ထားကြပြီးလည်းဖြစ်သည်။

ယမန်နှစ် အောက်တိုဘာ ၉ ရက်က နယ်ခြားစောင့်ရဲစခန်းသုံးခုကို နိုင်ငံခြားမှ ရန်ပုံငွေပံ့ပိုးလှူဒါန်းပေးထားသော အကြမ်းဖက်အုပ်စုများက ဝင်ရောက်တိုက်ခိုက်ကာ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ဦးကို သတ်ဖြတ်ခဲ့ခြင်း၊ လက်နက်ခဲယမ်းများ ပါသွားခဲ့ခြင်းတို့ကြောင့် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့မှာ ဆောင်ရွက်ရမည့်ကိစ္စများသာ ဖြစ်ပါကြောင်းနှင့် ယင်းသို့ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးကို လေးစားလိုက်နာရေး၊ လက်နက်ကိုင်တပ်ဖွဲ့များအတွက် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက် / ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်မှုမရှိစေရေးသည်သာ အဓိကလိုအပ်ချက်များဖြစ်ပါကြောင်း။

# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# မြန်မာနိုင်ငံအနေဖြင့် အဓမ္မခိုင်းစေမှုပပျောက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် အိုင်အယ်လ်အိုတို့ ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အမှာစကားပြောကြားရာ၌ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအား ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် အဓမ္မခိုင်းစေမှု ပပျောက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အဓမ္မခိုင်းစေမှု ပပျောက်ရေးအပါအဝင် အိုင်အယ်လ်အိုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အလုပ်သမားရေးရာကိစ္စရပ်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးတွင် အိုင်အယ်လ်အိုနှင့် ဆောင်ရွက်မည့် အဆိုပြုတင်ပြထားသော Action Plan (မူကြမ်း)နှင့် ပတ်သက်၍ အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးနောက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသော သဘောထားမှတ်ချက်များအရ ပြင်ဆင်ထားသော Action Plan (မူကြမ်း)ကို ဒုတိယအကြိမ် အစည်းအဝေးတွင် ထပ်မံညှိနှိုင်းဆွေးနွေးခဲ့ပြီး ဦးစားပေးကဏ္ဍ (၄) ရပ်ပါရှိ၍ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ထည့်သွင်းစဉ်းစားပြီး ရည်ရွယ်ချက်ကောင်းများဖြင့် ညှိနှိုင်းရေးဆွဲသင့်ကြောင်း။

အိုင်အယ်လ်အိုနှင့် ပူးပေါင်းဆောင်ရွက်မည့် Action Plan တွင် ဖြစ်နိုင်ခြေများပြီး လက်တွေ့ကျကျ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ထည့်သွင်းဆွေးနွေးခြင်းအားဖြင့် အိုင်အယ်လ်အိုအနေဖြင့်ရော မိမိတို့နိုင်ငံအတွက်ပါ နှစ်ဦးနှစ်ဖက် အပြုသဘောဆောင်သည့်ရလဒ်များ ပေါ်ထွက်လာစေရန်အတွက် အစည်းအဝေးတက်ရောက်လာသည့် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်းပြော ကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကိုယ်စားလှယ်များက အကောင်အထည်ဖော်ဆောင်ရွက်မည့် Action Plan (မူကြမ်း)နှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၃-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၀၀၀ |

စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၉ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၆ · ၂ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ · ၉၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ · ၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ထိုင်းနိုင်ငံသံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**
တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီစနု ဆူဗာနာဂျာတာအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။
**(သတင်းစဉ်)**



**မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီစနု ဆူဗာနာဂျာတာအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံစဉ်**

# (၁၀၂)နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ (မြန်မာနိုင်ငံကလေးများနေ့)အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃
**၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်သော (၁၀၂) နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ (မြန်မာနိုင်ငံကလေးများနေ့) အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဌာနချုပ်)၌ ကျင်းပသည်။** (အောက်ပုံ)




အခမ်းအနားတွင် သဘာပတိဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) နာယက သူရဦးတင်ဦးက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိနှင့် ပင်လုံမြို့၌ ကျင်းပသည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့သည့် အကြောင်းအရာများကို တက်ရောက်လာကြသည့် ကလေးငယ်များအား သိရှိစေရန် ပြောကြားသည်။

"အထူးသဖြင့် ကလေးများနေ့ဆိုတာကတော့ ကမ္ဘာကကြေညာထားတာ နေ့တစ်ခုရှိပါတယ်၊ ဒါပေမယ့် ဒီလိုနေ့မျိုးကိုလည်း ကိုယ့်တိုင်းပြည်နဲ့ကိုယ် သင့်လျော်သလို ကလေးများနေ့ကို သေသေချာချာဖြစ်မြောက်အောင် လုပ်ပေးနေတာပါ၊ ကလေးတွေကို တိုင်းပြည်အနာဂတ်ခေါင်းဆောင်ကောင်းတွေဖြစ်အောင်လုပ်တာပါ၊ ရှေ့ဆက်ပြီးတော့လည်း ကလေးများနေ့ကို ပိုမိုထိရောက်အောင် လုပ်ဆောင်သွားမှာပါ"ဟု အဆိုပါပွဲကျင်းပမှုအပေါ် NLD နာယက သူရဦးတင်ဦးက မီဒီယာများအား ပြောကြားသည်။

အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ကလေးငယ်များကို ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်း၊ ဇာတိမာန်တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ တိုင်းရင်းသားအကများနှင့် အာဆီယံအကများဖြင့် ဖျော်ဖြေခြင်းအပြင် အမှတ်တရလက်ဆောင် အရုပ်များကို ပေးအပ်ပြီး အစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်းသိရသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်နေသဘောထားများနှင့် တိုင်းပြည်အတွက် ဆောင်ရွက်ခဲ့မှုများကို ကလေးငယ်များ အတုယူ၍ အနာဂတ်ကာလတွင် တိုင်းပြည်အတွက် အကျိုးပြုသည့် သားကောင်းရတနာများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကာ အဆိုပါအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်က ဆိုသည်။
**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

# ဂျပန်နိုင်ငံ၌ သုံးနှစ်ကြာဖွင့်လှစ်ပို့ချမည့် ပါရဂူဘွဲ့သင်တန်းသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ သင်တန်းသားများ စေလွှတ်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ နံနက် ၁၀ နာရီက ဂျပန်နိုင်ငံ Japan Development Service Co.,Ltd. (JDS) မှ Mr. Yoichi KOGURE နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်တမ်းကောက်ယူမှု အချက်အလက်ဆိုင်ရာများနှင့် လက်ရှိဆောင်ရွက်မှုအခြေအနေများ၊ JICA အထောက်အပံ့ဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက် မဟာသိပ္ပံသင်တန်းသားများ ဂျပန်နိုင်ငံသို့ ပညာသင်စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ JICA ၏ နည်းပညာအကူအညီအရ Project for Development of Core Human Resources in Agricultural Sector စီမံကိန်းဖြင့် ဂျပန်နိုင်ငံတက္ကသိုလ် ခုနစ်ခု၌ မြန်မာနိုင်ငံမှ မဟာသိပ္ပံသင်တန်းသားများ စေလွှတ်သင်ကြားနေမှုအခြေအနေများ၊ JICA နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Project for Capacity Development of Yezin Agricultural University စီမံကိန်းအစီအစဉ်ဖြင့် ၂၀၁၇ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၌ သုံးနှစ်ကြာ ဖွင့်လှစ်ပို့ချမည့် ပါရဂူဘွဲ့သင်တန်းသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ သင်တန်းသားများ စေလွှတ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။
**(သတင်းစဉ်)**

# မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ မောင်တောဒေသရှိ ကျေးရွာများသို့ ဆက်လက်ကွင်းဆင်းစုံစမ်း

**မောင်တော ဖေဖော်ဝါရီ ၁၃**
ရခိုင်ပြည်နယ် မောင်တောဒေသ၌ ရောက်ရှိနေသည့် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ယနေ့တွင် မောင်တောဒေသအတွင်းရှိ ကျေးရွာများသို့ ဆက်လက်ကွင်းဆင်းစုံစမ်းမေးမြန်းကြသည်။

နံနက်ပိုင်းတွင် ကော်မရှင်အဖွဲ့ဝင်များသည် မောင်တောဒေသရှိ ကျားခေါင်းတောင်ကျေးရွာ၊ ရေခပ်ချောင်းခွဆုံကျေးရွာအုပ်စု ခွဆုံကျေးရွာနှင့် ရေတွင်းကျွန်း ကျေးရွာများသို့ သွားရောက်၍ သက်ကြီးရွယ်အိုများ၊ လူငယ်လူရွယ်များ၊ အမျိုးသမီးများ၊ ကလေးငယ်များနှင့် တစ်ဦးချင်း၊ အစုအဖွဲ့လိုက် တွေ့ဆုံမေးမြန်းခြင်းတို့ဖြင့် လွတ်လပ်ပွင့်လင်းစွာ ဆက်လက်ကွင်းဆင်းစုံစမ်းမေးမြန်းကြသည်။

မွန်းလွဲပိုင်းတွင် ပွင့်ဖြူချောင်းကျေးရွာ၊ ဒါးကြီးစားကျေးရွာနှင့် မြောတောင်ကျေးရွာများသို့ အဖွဲ့နှစ်ဖွဲ့ခွဲ၍ သွားရောက်ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ (OHCHR) အစီရင်ခံစာပါ လူ့အခွင့်အရေးဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ ဒေသခံများ ကြုံတွေ့နေရသည့် လူမှုစီးပွားဆိုင်ရာအခြေအနေများ၊ ကလေးငယ်များ ပညာသင်ကြားရေးဆိုင်ရာ အခြေအနေများ၊ ဘာသာရေးဆောင်ရွက်နိုင်မှု အခြေအနေများကို လည်းကောင်း အသေးစိတ်မေးမြန်းခြင်းနှင့် သီးခြားထုတ်ဖော်ပြောဆိုလိုသည်များကို သီးခြားစီ တွေ့ဆုံခြင်းတို့ဖြင့် ပွင့်လင်းစွာ မေးမြန်းစုံစမ်းကြသည်။
**(သတင်းစဉ်)**



❀ *ရှေ့ဖုံးမှ*

ဆက်လက်၍ ရွှေဘုန်းပွင့်ဘုရားဓမ္မာရုံ၌ နိုင်ငံတော်သြဝါဒါစရိယ စွန်းလွန်းဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များထံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ကပ်လှူပူဇော်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စူဠာမုနိစေတီအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့နံထောင့်၌ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဆီမီး ၁၀၂ တိုင် ထွန်းညှိကုသိုလ်ပြုသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧည့်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဘုရားဖူးလာ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**အားပေးစကားပြောကြား**

ထိုသို့ နှုတ်ဆက်ရာတွင် ဘုရားဖူးလာ အဝေးသင်တက္ကသိုလ် မြန်မာစာ ပထမနှစ်မှ မသန်စွမ်း တက္ကသိုလ်ကျောင်းသူတစ်ဦးက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ၎င်းအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ခွင့် ရှိ မရှိ မေးမြန်းရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ မည်သူမဆို ပါဝင်ဆောင်ရွက်နိုင်ပါကြောင်း၊ ယခုကဲ့သို့ ကျန်းမာသန်စွမ်းမှု အားနည်းသော်လည်း ပြင်းပြသည့်စိတ်ဓာတ်ဖြင့် ဘဝခရီးကို လျှောက်လှမ်းခဲ့သူတစ်ဦး အနေဖြင့်လည်း ပါဝင်ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားပြီး တရင်းတနှီး အားပေးစကားပြောကြားသည်။

**နေ့လယ်စာ အာဟာရကျွေးမွေး**

ထို့နောက် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ၁၀၂ နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ်အဖြစ် မိဘမဲ့ကလေးများနှင့် မသန်စွမ်းကလေးများအား နေ့လယ်စာ အာဟာရ ကျွေးမွေးခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဗိုလ်ချုပ်အောင်ဆန်း၏ ၁၀၂ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် "ဖေဖေရဲ့ အသက် ၁၀၂ နှစ်မြောက် မွေးနေ့အတွက် ယခုလို ကျွေးမွေးခြင်းဖြစ်ပါတယ်။ ထို့အတူ မြန်မာနိုင်ငံကလေးများနေ့ကိုလည်း ဂုဏ်ပြုခြင်းဖြစ်ပါတယ်။ ကလေးတွေအားလုံး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အသက်ရာကျော်နေနိုင်ကြပါစေ၊ နိုင်ငံ့ကို အကျိုးပြုနိုင်ကြပါစေလို့ တိုတိုတုတ်တုတ်ပဲ ဆုတောင်းပေးပါတယ်။ ထမင်းကောင်းကောင်း စားကြပါ၊ ကုန်အောင်လည်းစားကြပါ၊ ဘာမှ မချန်ထားပါနဲ့ များများစားကြမှလည်း ကျန်းမာမှာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗိုလ်ချုပ်အောင်ဆန်း၏ ၁၀၂ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ လှူဒါန်းစဉ် (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဝါရောင်မျိုးဆက်သစ်လူငယ်ပရဟိတအသင်းနှင့် ဒေါ်ကြီးဒေါ်ငယ် ပရဟိတဂေဟာတို့ ကိုယ်စား အဝါရောင်မျိုးဆက်သစ်လူငယ် ပရဟိတအသင်းကိုလည်းကောင်း၊ ဓမ္မဝိဒူလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ အမျိုးသမီးပရဟိတဂေဟာ၊ ရန်တိုင်းအောင်အေးသာယာ ပရဟိတဂေဟာ၊ စိတ္တသုခ ပရဟိတဂေဟာ၊ အောင်ချမ်းသာ ပရဟိတဂေဟာနှင့် မိဘမေတ္တာ ပရဟိတဂေဟာတို့ကိုယ်စား စိတ္တသုခပရဟိတဂေဟာကို လည်းကောင်း၊ Open door အေးသာယာ ပရဟိတဂေဟာနှင့် ဘုရားဖြူ(ခရစ်ယာန်) မသန်စွမ်းဂေဟာတို့ကိုယ်စား Open door အေးသာယာ ပရဟိတဂေဟာကို လည်းကောင်း၊ ငြိမ်းချမ်း လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာကို လည်းကောင်း အလှူငွေနှင့် ပစ္စည်းများ ထောက်ပံ့လှူဒါန်းသည်။

ထို့နောက် ပရဟိတကျောင်းများ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကလေးငယ်များက ဗိုလ်ချုပ်အောင်ဆန်း အထိမ်းအမှတ် တေးသီချင်းနှင့် ကဗျာများကို ရွတ်ဆိုဖျော်ဖြေကြသည်။

**လက်ရည်တစ်ပြင်တည်းသုံးဆောင်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကလေးငယ်များနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တောင်ကြီးမြို့မှ ညောင်ရွှေမြို့နယ် အင်းလေး ဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်မြတ်များအား သွားရောက်ဖူးမြော်ကြည်ညို၍ ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့နံထောင့်၌ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဆီမီး ၁၀၂ တိုင် ထွန်းညှိကုသိုလ်ပြုသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧည့်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဘုရားဖူးလာ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရှမ်းပြည်နယ် ဟဲဟိုးမြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

**နတ်မောက်မြို့တွင် မွေးဖွားခဲ့**

မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ရှေ့နေဦးဖာနှင့် မိခင်ဒေါ်စုတို့က နတ်မောက်မြို့တွင် မွေးဖွားခဲ့သည်။

နှစ်စဉ် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ဖြစ်သော ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ ကလေးများနေ့အဖြစ် သတ်မှတ်၍ အခမ်းအနားများ ကျင်းပခဲ့သည်။ ယခုနောက်ပိုင်း ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အဖြစ် မြန်မာနိုင်ငံ၏ နေရာဒေသအသီးသီးတွင် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလျက်ရှိသည်။

**(သတင်းစဉ်)**




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပရဟိတအဖွဲ့မှ ကလေးငယ်တစ်ဦးအား လက်ဆောင်ပစ္စည်း ပေးအပ်စဉ်**

# မူးယစ်ဆေးဝါးနှင့် နယ်စပ်ဖြတ်ကျော် မှုခင်းတားဆီးနှိမ်နင်းရေးတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ပီစနု ဆူဗာနာဂျာတာ အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု၊ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်သတင်းဖလှယ်မှု၊ လူမှောင်ခို၊ မူးယစ်ဆေးဝါးနှင့် နယ်စပ်ဖြတ်ကျော် မှုခင်းတားဆီးနှိမ်နင်းရေးတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည့် ကိစ္စရပ်များအား ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ပီစနု ဆူဗာနာဂျာတာအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လက်ခံတွေ့ဆုံစဉ်**

# ပြည်ထောင်စုငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ် ငြိမ်းချမ်းရေးစည်တော်သံ အနုပညာပွဲခင်းသာ ဖျော်ဖြေပွဲကျင်းပ





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တာဝန်ရှိသူများ ပြည်ထောင်စုငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ် ငြိမ်းချမ်းရေးစည်တော်သံ အနုပညာပွဲခင်းသာဖျော်ဖြေပွဲကို ကြည့်ရှုအားပေးစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပြည်ထောင်စုငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ် ငြိမ်းချမ်းရေးစည်တော်သံ အနုပညာပွဲခင်းသာ ဖျော်ဖြေပွဲနှင့် ငြိမ်းချမ်းရေးရန်ပုံငွေထည့်ဝင်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ-၂ (MICC-2)၌ ကျင်းပသည်။

အစီအစဉ်အရ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ငြိမ်းချမ်းရေးစည်တော်သံ အနုပညာပွဲခင်းသာ ဖျော်ဖြေပွဲတွင် မေတ္တာဖြင့်လာရောက်တင်ဆက်ကြသော မြပုဏ္ဏမာနှင့် သီးလေးသီးအဖွဲ့ကိုယ်စား ဦးဇာဂနာနှင့် ပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးသော Diamond Wall Co.Ltd မှ Managing Director ဦးကျော်ဇေယျတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ငြိမ်းချမ်းရေးရန်ပုံငွေအတွက် ငွေကျပ်သိန်း ၅၀၀ လှူဒါန်းသည့် မုဒုံမောင်မောင် ကုမ္ပဏီလီမိတက်၊ ငွေကျပ်သိန်း ၂၅၀ လှူဒါန်းသည့် Authentic Co., Ltd၊ ငွေကျပ်သိန်း ၂၀၀ လှူဒါန်းသည့် Good Brother Co.,Ltd၊ ငွေကျပ်သိန်း ၁၀၀ လှူဒါန်းသည့် ရန်ကုန်မြို့မှ ဦးမောင်မွေးနှင့်ဇနီး မိသားစု၊ ငွေကျပ်သိန်း ၅၀ လှူဒါန်းသည့် Linn I.T Solution Co.,Ltd ၊ ငွေကျပ်သိန်း ၄၀ လှူဒါန်းသည့် CCD Co.,Ltd၊ ငွေကျပ်သိန်း ၃၀လှူဒါန်းသည့် တောင်ကြီးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများကိုယ်စား တာဝန်ရှိသူတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**ဂုဏ်ပြုမှတ်တမ်းတင်**

ယင်းနောက် လက်ခံရရှိသော လှူဒါန်းငွေနှင့် အလှူရှင်စာရင်းကို ဖတ်ကြား၍ ဂုဏ်ပြုမှတ်တမ်းတင်သည်။

ထို့နောက် မြပုဏ္ဏမာနှင့် သီးလေးသီးအဖွဲ့တို့က ပြည်ထောင်စုငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ် ငြိမ်းချမ်းရေးစည်တော်သံ အနုပညာပွဲခင်းသာ အစီအစဉ်အရ တေးဂီတ၊ အငြိမ့်၊ တစ်ခန်းရပ်ပြဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်သည်။

**တက်ရောက်အားပေး**

ဖျော်ဖြေပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့်ဇနီး၊ ပြည်ထောင်စုငြိမ်းချမ်းရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ နေပြည်တော်ကောင်စီနယ်မြေမှ ပြည်သူများ တက်ရောက်အားပေးကြည့်ရှုကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ငြိမ်းချမ်းရေးစည်တော်သံ အနုပညာပွဲခင်းသာ ဖျော်ဖြေပွဲတွင် မေတ္တာဖြင့်လာရောက်တင်ဆက်ကြသော မြပုဏ္ဏမာနှင့် သီးလေးသီးအဖွဲ့ကိုယ်စား ဦးဇာဂနာအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်

# ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ်အဖြစ် ကင်းထောက်များက အာဟာရကျွေးမွေးကာ ဆေးရုံသန့်ရှင်းရေးပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းက ရန်ကင်း ကလေးဆေးရုံကြီး(ခုတင်-၅၅၀)



နှင့် ရန်ကုန်ကလေးဆေးရုံကြီး (ခုတင်-၅၀၀)တို့ရှိ ကလေးလူနာများအား မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ ကင်းထောက်များက စုပေါင်းထည့်ဝင် လှူဒါန်းငွေများဖြင့် အာဟာရဖြစ်စေမည့် နံနက်စာ၊ နေ့လယ်စာ၊ ညစာတို့ဖြင့် တစ်နေ့တာ အာဟာရကျွေးမွေးခြင်း၊ အမှတ်တရလက်ဆောင်များပေးခြင်းနှင့် ဆေးရုံသန့်ရှင်းရေးအတွက် ဝန်ထမ်းများနှင့်အတူ ကူညီဆောင်ရွက်ပေးကြသည်။

ရန်ကင်းကလေးဆေးရုံကြီး (ခုတင်-၅၅၀)တွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ တွဲဖက်အတွင်းရေးမှူး ဦးအေးကြိုင်နှင့် အမျိုးသားကင်းထောက်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့မှ ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာနှင့် အမျိုးသမီးကင်းထောက်ကြီးများ ဦးဆောင်မှုဖြင့် တက္ကသိုလ်ကင်းထောက်များသည် ဆေးရုံအတွင်း ဝန်ထမ်းများနှင့်အတူ သန့်ရှင်းရေးကူညီဆောင်ရွက်ပေးကြပြီး ကလေးလူနာများအား တွေ့ဆုံကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ သိကောင်းစရာများ ဟောပြောခြင်း၊ နံနက်စာ၊ နေ့လယ်စာ၊ အာဟာရကျွေးမွေးခြင်း၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ရန်ကင်းကလေးဆေးရုံကြီး (ခုတင်-၅၅၀) ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်ခိုင်နှင့် ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မိမိခင်တို့အား အမျိုးသား၊ အမျိုးသမီးကင်းထောက်ကြီးများမှ လှူဒါန်းငွေများနှင့် အခြေခံပညာကျောင်းများမှ ကင်းထောက်များနှင့် တက္ကသိုလ်ကင်းထောက်များစုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်ကလေးဆေးရုံကြီး(ခုတင်-၅၀၀)အစည်းအဝေးခန်းမ၌ အမျိုးသား၊ အမျိုးသမီးကင်းထောက်ကြီးများမှ လှူဒါန်းငွေများနှင့် အခြေခံပညာကျောင်းများမှ ကင်းထောက်များနှင့် တက္ကသိုလ်ကင်းထောက်များ စုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ်နှစ်သိန်းကို နံနက်စာ၊ နေ့လယ်စာ၊ ညစာတို့ဖြင့် တစ်နေ့တာကျွေးမွေးခြင်းအတွက် ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာစုစုဒွေးက လက်ခံသည်။ ထို့နောက် ကင်းထောက်များက ကလေးဆေးရုံကြီးလူနာဆောင်အသီးသီးတွင် ကလေးလူနာများအား အမှတ်တရအရုပ်များကို လက်ဆောင်ပေးအပ်ကြသည်။

ထို့အပြင် တက္ကသိုလ်ကင်းထောက်မောင်မယ်များက ရန်ကုန်ကလေးဆေးရုံကြီးနှင့် ရန်ကင်းကလေးဆေးရုံကြီး ပတ်ဝန်းကျင်နှင့် ဆေးရုံအတွင်းအပြင်တို့တွင် ဝန်ထမ်းများနှင့်အတူ သန့်ရှင်းရေး ကူညီစုပေါင်းဆောင်ရွက်ခြင်း၊ ကလေးလူနာများအား တွေ့ဆုံကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ သိကောင်းစရာများ ဟောပြောခြင်း၊ စိတ်ခတ်ပျော်ရွှင်စေမည့် ကင်းထောက်တေးသီချင်းများသီဆိုခြင်း၊ ကစားနည်းများဖြင့် သရုပ်ဖော်ပြသခြင်းများပြုလုပ်ကြသည်။ **ကိုလတ်(သတင်းစဉ်)**

● *ကျော်ဖုံးမှ*

ကန်ထရိုက်တိုက်တွေမှာ အိမ်တိုင်းအိမ်တိုင်းကနေ ဆားဗစ်ကြိုးတွေမသွယ်တော့ဘဲ ကန်ထရိုက်တိုက်တစ်လုံးလုံးကိုမှ ဆားဗစ်ကြိုးတစ်ချောင်းပဲထုတ်တဲ့စနစ်ကိုစတင်ပြီးပြောင်းလဲနေပါပြီ” ဟု ၎င်းက ဆက်ပြောသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်သူများဗို့အားပြည့်ဝတည်ငြိမ်စွာ အသုံးပြုနိုင်ရေးအတွက် တိုးတက်လာသော ဓာတ်အားသုံးစွဲမှုနှင့်အညီ ဓာတ်အားခွဲရုံများအင်အားတိုးချဲ့တည်ဆောက်ခြင်း၊ ဝန်အားမနိုင်သည့်ဓာတ်အားလိုင်းများအား ဓာတ်အားလိုင်းကြိုးအကြီးများဖြင့် လဲလှယ်ခြင်း၊ ဓာတ်အားလိုင်းအပြစ်ဖြစ်၍ ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် အရည်အသွေးကျဆင်းနေပြီဖြစ်သော ဓာတ်အားလိုင်းကြွေသီးများလဲလှယ်ခြင်း၊ ဆွေးမြည့်သစ်သားတိုင်များကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများအား ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“နိုင်ငံတော်ဘတ်ဂျက်နဲ့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ရှုပ်ထွေးဆားဗစ်ကြိုးအကုန်လုံးကိုတော့ ဘတ်ဂျက်ကျခံပြီး မဆောင်ရွက်နိုင်ဘူးဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဆီက ကျွမ်းကျင်မှုနဲ့ဒီလုပ်အားခကို စိုက်ထုတ်ပြီးတော့မှ ပစ္စည်းကို သက်ဆိုင်ရာလမ်းသူလမ်းသားတွေနဲ့ လမ်းကော်မတီတွေက စုဝယ်ပေးတဲ့စနစ်မျိုးကို ကျွန်တော်တို့လုပ်နေပါတယ်။ အဓိကကတော့ သူတို့ ၁၈ ဦးရှိရင် ၁၈ ဦးလုံးက ပူးပေါင်းပြီးတော့ အဲဒီမှာရှိတဲ့ ပင်မကြိုးကြီးတစ်ချောင်းရယ် ဓာတ်အားဖြန့်ဖြူးပေးမယ့် ဘုတ်တစ်လုံးကိုတော့ မီးသုံးစွဲသူက ကျခံပေးရပါတယ်။ တည်ဆောက်တာနဲ့ပတ်သက်ပြီးတော့ ဒီဇိုင်းဆွဲတာတွေကိုတော့ ဌာနကနေကျွမ်းကျင်မှုကော၊ လုပ်အားကော စိုက်ထုတ်ပြီးတော့ ဌာနကကုန်ကျစရိတ်နဲ့ဆောင်ရွက်ပေးပါတယ်။”ဟု ဦးအောင်ကျော်ဦးက ဆက်ပြောသည်။

ရှုပ်ထွေးဆားဗစ်ဝိုင်ယာကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး၌ ရှင်းလင်းခြင်းဆောင်ရွက်ရမည့်အရေအတွက် ၂၂၂၀ နေရာအနက် ၁၀၆၃ နေရာကို ဆောင်ရွက်ပြီးစီးကာ ၁၁၅၇ နေရာဆောင်ရွက်ရန်ကျန်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရှင်းလင်းခြင်းဆောင်ရွက်ရမည့်အရေအတွက် ၁၁၉၁ နေရာအနက် ၄၆၇ နေရာကို ဆောင်ရွက်ပြီးစီးပြီဖြစ်ကာ ၇၂၄ နေရာဆောင်ရွက်ရန် ကျန်ရှိကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ရှုပ်ထွေးဆားဗစ်ဝိုင်ယာကြိုးများ ရှင်းလင်းခြင်းဆောင်ရွက်ရမည့်အရေအတွက် ၁၀၁၁၈ နေရာအနက် ၃၃၀၁ နေရာကို ဆောင်ရွက်ပြီးစီးကာ ၆၈၁၇ နေရာ ဆောင်ရွက်ရန်ကျန်ရှိသောကြောင့် အဆိုပါနေရာများတွင်လည်း ပြည်သူများပါဝင်သောလုပ်ငန်းအဖြစ် စည်းရုံး၍ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

❐ *ကျော်ဖုံးမှ*

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ပြည်တွင်း ၂၈ မြို့နှင့် ပြည်ပ စင်ကာပူ၊ ဗန်ကောက်၊ ဟောင်ကောင်၊ ဗုဒ္ဓဂယာ၊ ချင်းမိုင်မြို့များသို့ ပြေးဆွဲလျက်ရှိပြီး မျှားမကြာမီ ဂျပန်နိုင်ငံ ကိုဘေးမြို့သို့ပြေးဆွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံသို့လည်း လာမည့်နှစ် ပွင့်လင်းရာသီတွင် ပြေးဆွဲသွားမည်ဖြစ်ကြောင်း ကပ္ပတိန်ဦးသန်းထွန်းက ဆက်လက်ပြောကြားသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ATR လေယာဉ်ခြောက်စင်း ဝယ်ယူဖြည့်ဆည်းခဲ့သဖြင့် စုစုပေါင်း ATR လေယာဉ်ကိုးစင်းအထိ ရှိလာကြောင်း၊ ထို့အပြင် ဘိုးရင်းလေယာဉ်သုံးစင်းနှင့် အခြားလေယာဉ်အမျိုးအစားများလည်းရှိ၍ ပြည်တွင်းပြည်ပ လေကြောင်းခရီးစဉ်များအတွက် လုံခြုံစိတ်ချစွာ ပြေးဆွဲပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှစ၍ လုပ်ငန်းအဆင့်မြှင့်တင်မှုကို ဆောင်ရွက်ခဲ့ပြီး တစ်ကမ္ဘာလုံးနှင့် အွန်လိုင်းလက်မှတ်စနစ်ကို ဆောင်ရွက်ထား၍ ခရီးသွားပြည်သူများ လေယာဉ်လက်မှတ်များကို အွန်လိုင်းစနစ်ဖြင့် ရရှိနိုင်အောင် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

မြန်မာ အမျိုးသားလေကြောင်းလိုင်းသည် ၁၉၄၈ ခုနှစ်က ပြည်ထောင်စုဗမာ့လေကြောင်းအမည်ဖြင့် နိုင်ငံတော်ပိုင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းအဖြစ် စတင်တည်ထောင်ရာမှ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၈၉ ခုနှစ်တွင် မြန်မာ့လေကြောင်း၊ ၂၀၁၅ ခုနှစ်တွင် မြန်မာအမျိုးသားလေကြောင်းဟူ၍ ပြောင်းလဲပြေးဆွဲခဲ့ကြောင်း သိရသည်။

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အသိရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကျွန်တော်သိသော တရားဥပဒေစိုးမိုးရေး (သို့မဟုတ်) တရားဥပဒေစိုးမိုးရေးအပေါ် ကျွန်တော့်အမြင်

## ဦးတင်မောင်ဦး (ရွှေပြည်သာ)

**ယနေ့အစိုးရအသစ်အနေဖြင့်သော်လည်းကောင်း ပြီးခဲ့သော (၂၀၁၀-၂၀၁၅) အစိုးရဟောင်းအနေဖြင့်သော်လည်းကောင်း တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်ခဲ့ကြသည်ကို လေ့လာတွေ့ရှိကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော အကြောင်းတရားများတွင် တရားဥပဒေစိုးမိုးရေးသည်လည်း အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်ကို ယုံကြည်ကြရမည့်အပြင် တရားဥပဒေစိုးမိုးခြင်းဟူသည် အလွန်တရာနက်နဲကျယ်ဝန်းသောကိစ္စဖြစ်သည်ကိုလည်း လေ့လာတွေ့ရှိရမည်ဖြစ်ပါသည်။**

ယနေ့အချိန်တွင် တရားဥပဒေစိုးမိုးရေး ကျဆင်းနေကြောင်း ပြောဆိုနေမှုများကို ကြားသိနေရပါသည်။ ဒီမိုကရေစီကျင့်စဉ်အရ လွတ်လပ်စွာ ပြောဆိုဝေဖန်ခွင့်ရှိသည်ဖြစ်၍ ယခုကဲ့သို့ နိုင်ငံတော်အကျိုးအတွက် ပြောဆိုဝေဖန်နေမှုများကို လက်ခံကြရမည်ဖြစ်သော်လည်း လက်တွေ့ဘဝတွင် မည်သည့်အတွက်ကြောင့် တရားဥပဒေစိုးမိုးရေး ကျဆင်းနေသည်ကို ပြည်သူများ အမှန်တရားကို သိရှိ၍ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် ပိုမိုအရေးကြီးပြီး ဤသို့ဆောင်ရွက်နိုင်ရေးအတွက် ဝေဖန်ပြောဆိုနေသူများအနေနဲ့လည်း မဖြစ်မနေပါဝင်ကူညီကြရန်အတွက်လည်း လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တရားဥပဒေစိုးမိုးရေးကျဆင်းခြင်းသည် တိုတောင်းသော အချိန်ကာလတစ်ခုအတွင်း ရုတ်တရက်ဖြစ်ပေါ်လာနိုင်သလို အချို့ကိစ္စရပ်များမှာ အချိန်ကာလရှည်တစ်ခုကို ဖြတ်ကျော်၍ ဖြစ်ပေါ်လာနိုင်ပါသည်။ အလားတူ တရားဥပဒေစိုးမိုးရေး ပြန်လည်အားကောင်းစေရန်လည်း တိုတောင်းသော အချိန်ကာလတစ်ခုအတွင်း ဆောင်ရွက်နိုင်မည့်ကိစ္စများရှိသလို အချိန်ကာလရှည်တစ်ခုကို ဖြတ်ကျော်၍ အချိန်ယူဆောင်ရွက်ရသည့် ကိစ္စများလည်း ရှိနေမည်ဖြစ်ပါသည်။ ဤသို့ဆိုလျှင် ယနေ့ဖြစ်ပေါ်နေသော တရားဥပဒေစိုးမိုးရေး အားနည်းလာခြင်းသည် မည်သို့ဖြစ်ပေါ်လာသည်ကို ပြန်လည်လေ့လာသုံးသပ်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေပြုသည့် လွှတ်တော်များ၊ ၎င်းဥပဒေအရ နိုင်ငံတော်ကိုအုပ်ချုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ အုပ်ချုပ်ရေးယန္တရား၌ အမှုအခင်းများ ကာကွယ်တားဆီးအရေးယူဆောင်ရွက်ရသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူရသော တရားစီရင်ရေးအဖွဲ့များ၊ ပြစ်မှုကျူးလွန်သော တရားခံများ ကျသင့်သောပြစ်ဒဏ်ကို ကျခံရသည့် အကျဉ်းထောင်များမှ ဝန်ထမ်းများ၊ တရားဥပဒေစိုးမိုးရေးကို လက်တွေ့ကျကျ ဆောင်ရွက်ရသော တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ ခရိုင်အုပ်ချုပ်ရေး အဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ရှင်၊ ဂီတ၊ သဘင်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် နိုင်ငံသားများ၏ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ ဆောင်ရွက်မှုများကို လေ့လာသုံးသပ် ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ၎င်းတို့ကိုလေ့လာ၍ ပြင်ဆင်မှုပြုမည်ဆိုပါက -

### ဥပဒေပြုလွှတ်တော်များ

လွှတ်တော်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးဖြစ်ရာ အဆိုပါပြဋ္ဌာန်းလိုက်သောဥပဒေများသည် အုပ်ချုပ်သူအစိုးရအတွက် အဆင်ပြေအကျိုးဖြစ်ထွန်းစေသော်လည်း နိုင်ငံသားများ၏အကျိုးကို ထိခိုက်စေ၍ လိုက်နာရန်ခက်ခဲသော ဥပဒေများဖြစ်ခဲ့ပါက နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်နေမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် စတင်ပေါ်ပေါက်ခဲ့သော လွှတ်တော်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် (၅)နှစ်တာကာလအတွင်း ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေရှိသော ဥပဒေများဖြစ်ပေါ်လာစေရန် (၂၃၂)ခုသော ဥပဒေများကို ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းကိုလည်း တွေ့ရှိကြရမည်ဖြစ်ပါသည်။

ထိုစဉ်ကာလ အဆိုပါ ဥပဒေ (၂၃၂)ခုနှင့် ဆက်နွှယ်သော နည်းဥပဒေများ ထွက်ပေါ်လာခဲ့ခြင်း မရှိခြင်းသည်လည်း ယနေ့ဖြစ်ပေါ်နေသော တရားဥပဒေစိုးမိုးရေး ကျဆင်းသည့် အခြေအနေတွင် အကြောင်းတရားတစ်ခုအနေဖြင့် ပါရှိနိုင်ကြောင်း သုံးသပ်တွေ့ရှိရမည်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် လွှတ်တော်များသည် တရားဥပဒေစိုးမိုးရေးနှင့် ဆက်နွှယ်သော တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ အသစ်ရေးဆွဲခြင်းများကို ပြည်သူများလက်တွေ့ကြုံတွေ့နေရသည့် တရားဥပဒေစိုးမိုးရေး၏ အားနည်းနေမှုများကို အခြေခံ၍ အသိပညာပေးခြင်း၊ ကြိုတင်တားဆီးကာကွယ်ခြင်း၊ ထိရောက်သော အရေးယူမှုများ ဆောင်ရွက်ခြင်းတို့ပါဝင်သော ဥပဒေများ ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ကြောင်းလည်း တွေ့ရှိရပါသည်။

ထို့အပြင် ပြဋ္ဌာန်းလိုက်သော ဥပဒေများသည် သတ်မှတ်ကာလအတွင်း နည်းဥပဒေများအဖြစ် ဥပဒေပါပြဋ္ဌာန်းချက်များကို အခြေခံ၍ ထွက်ပေါ်လာရေး၊ ထိုမှတစ်ဆင့် အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများအဆင့်ဆင့် အမြန်ဆုံးထွက်ပေါ်လာခြင်းဖြင့် ဥပဒေ၏အကျိုးသက်ရောက်မှုကို ပြည်သူများအချိန်တိုအတွင်း ခံစားခွင့်ရရှိစေရေးကိုလည်း ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၎င်းအပြင် အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် တရားဥပဒေစိုးမိုးရေးအတွက် ပြဋ္ဌာန်းထားရှိသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဖော်ဆောင်ကြခြင်း ရှိ/မရှိ ကိုလည်း စောင့်ကြည့်ထိန်းကျောင်း၍ တရားဥပဒေစိုးမိုးရေးကဏ္ဍ ကြံ့ခိုင်လာရေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

### ပြည်ထောင်စုအစိုးရအဖွဲ့

နိုင်ငံတော်တွင် ယခင်ကာလအဆက်ဆက် အုပ်ချုပ်ခဲ့သော အစိုးရအဖွဲ့အစည်းများအတွင်း Rule by Law (ဥပဒေနှင့်အညီ အုပ်ချုပ်ရေး)ဖြင့် အုပ်ချုပ်ခဲ့ကြရာ အားနည်းချက်များရှိခဲ့ပြီး ယနေ့အချိန်တွင် Rule of Law (တရားဥပဒေစိုးမိုးရေး)ဖြင့် အုပ်ချုပ်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲ ဆောင်ရွက်နေသောအချိန်ဖြစ်ကြောင်း တွေ့ရှိကြရမည့်အပြင် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အနေဖြင့်လည်း Rule of Law နှင့် Rule by Law တို့ကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားပြီးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ၎င်းအပြင် ခေတ်ကာလနှင့်မလျော်ညီသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ခေတ်ကာလနှင့်လျော်ညီအောင် ပြုပြင်ဆောင်ရွက်နေသောအချိန်ဖြစ်သည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ပါသည်။

> **အဂတိတရား (၄)ပါးတွင် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟတို့ကို တရားစီရင်သူများအနေဖြင့် နိုင်ငံတော်၏ ထောက်ပံ့ဖြည့်ဆည်းပေးမှုတို့ဖြင့် မိမိကိုယ်မိမိ စောင့်ထိန်းနိုင်ကြမည် ဖြစ်သော်လည်း ဘယ (ကြောက်ရွံ့ခြင်း)အတွက်ကိုမူ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများမှ ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှု ပေးနိုင်မှသာလျှင် တရားမျှတသောတရားစီရင်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရ**

နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန်သည်လည်း အရေးကြီးလျက်ရှိပြီး ဥပဒေ၊ နည်းဥပဒေ၏ အားနည်းခြင်းနှင့် ခေတ်ကာလနှင့် မလျော်ညီခြင်းတို့ကြောင့် ခေတ်စနစ်ပြောင်းချိန်တွင် ပြည်သူများ၏ အလုပ်အကိုင်နှင့်အခွင့်အလမ်းများ ထိခိုက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလာခြင်း စသည့် အကြောင်းတရားများကြောင့် ဝင်ငွေကျဆင်းခြင်း၊ အလုပ်လက်မဲ့ပြဿနာဖြစ်ပေါ်ခြင်းများရှိနေရာ ၎င်းတို့ကို ဥပဒေနှင့်အညီ ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် ကျော်လွှားနိုင်မည်ဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။ ၎င်းအပြင် ပြည်သူလူထုအတွင်း တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်သည့် ပြောဆိုမှုများတွင် နိုင်ငံတော်အစိုးရမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ကြရာ၌ စိစစ်မှုကို အထူးဂရုပြုကြရန်လည်း လိုအပ်လျက်ရှိနေသေးကြောင်း အကြံပြုပြောဆိုမှုများ ရှိနေသည်ကို တွေ့ရှိရပါသည်။ တရားဥပဒေစိုးမိုးရေး အားကောင်းလာစေရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပညာပေးဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ကာတွန်း၊ ဆောင်းပါးများ ရေးသားဖော်ပြခြင်း၊ ဇာတ်လမ်းတိုများ ပြသခြင်း၊ သီချင်းများ ထုတ်လွှင့်ခြင်း၊ သတင်းထုတ်ပြန်မှုများပြုလုပ်ခြင်း၊ အပြန်အလှန်ဆွေးနွေးမှုများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများပြုလုပ်ခြင်း စသည့်အမျိုးမျိုးသော နည်းလမ်းများဖြင့် ပြည်သူများ ပါဝင်ကူညီဆောင်ရွက်လာစေရေးအတွက်လည်း လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

### တရားစီရင်ရေး အဖွဲ့အစည်းများ

ဤအဖွဲ့အစည်းများသည် တရားဥပဒေစိုးမိုးရေးအတွက် မတရားမှုများကို ဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်ပြုထားသော အဖွဲ့အစည်းများဖြစ်ပြီး တရားစီရင်မှုပြုရာတွင် လုပ်ပိုင်ခွင့်ပြုထားသော ဆင်ခြင်တုံတရားအပေါ်အခြေခံ၍ အကောင်းအဆိုး၊ ပြစ်ဒဏ် အတိုင်းအဆတို့ကို စီရင်ကြသည်ဖြစ်ရာ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ ဆိုသည့် အဂတိတရား(၄)ပါး ကင်းစွာ စီရင်ကြရန်လည်း အထူးပင် အရေးကြီးလှပေသည်။ တရားစီရင်ရေးမဏ္ဍိုင်နှင့်ပတ်သက်၍ အမျိုးမျိုးသော အခြေအနေ အကြောင်းတရားများကြောင့် ကျန်းမာကြံ့ခိုင်မှု အားနည်းနေကြောင်း သုံးသပ်ပြောဆိုနေမှုများသည်လည်း နေ့စဉ်လို ကြားသိနေရပါသည်။ အဂတိတရား (၄)ပါးတွင် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟတို့ကို တရားစီရင်သူများအနေဖြင့် နိုင်ငံတော်၏ ထောက်ပံ့ဖြည့်ဆည်းပေးမှုတို့ဖြင့် မိမိကိုယ်မိမိ စောင့်ထိန်းနိုင်ကြမည်ဖြစ်သော်လည်း ဘယ (ကြောက်ရွံ့ခြင်း) အတွက်ကိုမူ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများမှ ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှု ပေးနိုင်မှသာလျှင် တရားမျှတသော တရားစီရင်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ယနေ့အချိန်အခါတွင် တရားစီရင်သူတရားသူကြီးများ ဥပဒေနှင့်အညီ မှန်ကန်သော ဆင်ခြင်တုံတရားဖြင့် အဂတိတရား (၄) ပါး ကင်းရှင်းစွာ စီရင်နိုင်ရေးသည် တရားဥပဒေစိုးမိုးရေးတွင် အဓိကကျလျက်ရှိကြောင်း တွေ့မြင်ကြရမည်ဖြစ်ပါသည်။

### မြန်မာနိုင်ငံရဲတပ်ဖွဲ့

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် မှုခင်းများ ကြိုတင်တားဆီးကာကွယ်ရေး၊ ပြစ်မှုကျူးလွန်သူ တရားခံများကို စုံစမ်းဖော်ထုတ်ရေးတို့ကို အဓိကဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် များပြားလှစွာသော လုပ်ငန်းတာဝန်များကို ဌာနများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းဖြစ်ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ခေတ်ကာလအဆက်ဆက် ပြုပြင်ပြောင်းလဲတိုးချဲ့မှုများ ပြုလုပ်ခဲ့ကြသော်လည်း ယနေ့အချိန်အထိ နိုင်ငံတော်၏ လူဦးရေအချိုးအဆနှင့် ကိုက်ညီသော တပ်ဖွဲ့ဝင်အင်အားအထိ တာဝန်ပေးအပ်ဖွဲ့စည်းနိုင်မှုမရှိသေးခြင်း၊ လိုအပ်သော လုံခြုံရေးပစ္စည်းများသည်လည်း ပြည့်စုံအောင် စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်မှုများရှိနေသေးခြင်းနှင့် တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ အရည်အချင်း ပြည့်ဝမှုတွင်လည်း လိုအပ်မှုများရှိနေသေးခြင်းတို့ကိုလည်း တွေ့ရှိရပါသည်။

၎င်းအပြင် နိုင်ငံတကာအကူအညီရယူ၍ အထက်ပါလိုအပ်ချက်များကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်နေကြသော်လည်း တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အဆင့်အထိမူ အားနည်းနေသေးကြောင်းနှင့် ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ကြရန် လိုအပ်နေသေးကြောင်း တွေ့ရှိရပါသည်။ အဆိုပါ လိုအပ်ချက်များ ရှိနေသေးသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ခေတ်ကာလအခြေအနေအရ ပေါ်ပေါက်လာသော ဂိုဏ်းဖွဲ့လုပ်ရှားလျက်ရှိသည့် လူမိုက်အဖွဲ့အစည်းများနှင့် တွေ့ကြုံရသည့်အခါ ရင်ဆိုင်ဖမ်းဆီးအရေးယူရန်မှာလည်း များစွာသော အခက်အခဲများ ရှိနေသေးကြောင်း တွေ့ရှိကြရမည်ဖြစ်ပါသည်။ ထိုအထဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၌ ကိုင်တွယ်ကျင့်သုံးနေရသည့် တည်ဆဲဥပဒေ (၂၂)ခုမှ အချို့မှာ ခေတ်ကာလနှင့် မလျော်ညီတော့သည့်အတွက် အမြန်ဆုံးပြင်ဆင်ရန်လည်း လိုအပ်လျက်ရှိသည့် နည်းတူ ပြည်ထဲရေးဝန်ကြီးဌာနမှ လက်ခံကျင့်သုံးလျက်ရှိသော ဥပဒေ (၄၉) ခုမှာလည်း သက်ဆိုင်ရာဌာနများအလိုက် ခေတ်ကာလနှင့် ကိုက်ညီအောင် ပြင်ဆင်ရန် လိုအပ်မှုများရှိနေသေးသဖြင့် ၎င်းတို့ကိုပြင်ဆင်ရန် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မရှင်မှ ပြည်ထောင်စုလွှတ်တော်ကို ဗဟိုပြု၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး အချိန်ကာလသတ်မှတ်၍ ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

### အကျဉ်းထောင်များ

အကျဉ်းထောင်များ၏ အဓိကလုပ်ငန်းတာဝန်သည် ကျူးလွန်ခဲ့သော ပြစ်မှုအပေါ် ဥပဒေနှင့်အညီ တရားရုံးများက စစ်ဆေးစီရင်၍ ချမှတ်ခဲ့သော ပြစ်ဒဏ်များအတိုင်း သက်ဆိုင်ရာအကျဉ်းထောင်များသို့ ရောက်ရှိလာချိန်တွင် ပြစ်ဒဏ်ကျခံရသည့် အပြစ်သားများကို ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်၍ သတ်မှတ်ပြစ်ဒဏ်ကာလ ပြည့်မြောက်ချိန်တွင် လူကောင်းသူကောင်းဖြစ်အောင် ပြုပြင်စောင့်ကြပ်ပေးရသည့် တာဝန်ကို ထမ်းဆောင်ကြရကြောင်း တွေ့ရှိရပါသည်။ သို့ပါသော်လည်း ယခင်ကာလကတည်းက အကျဉ်းထောင်များတွင် လိုက်နာကျင့်သုံးနေမှုများမှာ ဥပဒေ၏ အားနည်းမှုများကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အကျဉ်းထောင်များနှင့် နှိုင်းယှဉ်လျှင်သော်လည်းကောင်း၊ အာဆီယံနိုင်ငံများရှိ အကျဉ်းထောင်များနှင့် နှိုင်းယှဉ်လျှင်သော်လည်းကောင်း များစွာသော အားနည်းချက်များရှိနေသေးသည်ကို တွေ့ရှိရပါသည်။ ယနေ့ အကျဉ်းထောင်၏ လုပ်ငန်းဆောင်ရွက်မှုများ ပြည့်စုံကောင်းမွန်လာစေရေးအတွက် ၁၉၄၄ ခုနှစ်တွင် သတ်မှတ်ပြဋ္ဌာန်းခဲ့သော အကျဉ်းထောင်ဥပဒေကို ခေတ်ကာလနှင့် လျော်ညီစွာ လိုက်နာကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မရှင်သည် ပြည်ထောင်စုလွှတ်တော်ကိုဗဟိုပြု၍ သက်ဆိုင်ရာဌာနနှင့် ဆွေးနွေးညှိနှိုင်းပြီး ပြင်ဆင်မှုများ ပြုလုပ်နေရာ မကြာမီ ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြအတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းလည်း တွေ့ရှိရပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လုပ်ငန်းများ သတ်မှတ်ရွေးချယ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်ထောင်စု လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဦးဇော်မင်းက ဖတ်ကြားတင်ပြပြီး ပြည်ထောင်စု လွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၆ -၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှု အခြေအနေနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက် ရက်စွဲပါစာအရ ယခင် ပြည်တွင်းအခွန်ဦးစီးဌာနက တာဝန်ယူကောက်ခံလျက်ရှိသည့် မြေခွန်၊ ယစ်မျိုးခွန်၊ ရေခွန်နှင့် တာတမံခွန်၊ ဓာတ်သတ္တုခွန် စသည့် အခွန်လေးမျိုးကို ကောက်ခံမှု လုပ်ငန်းများကို လွှဲပြောင်းရယူခဲ့ပြီး ၁၉၉၉-၉၀ ဘဏ္ဍာရေးနှစ်မှစတင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ယူကောက်ခံခဲ့ပါကြောင်း၊ အခွန်လေးမျိုး ကောက်ခံရရှိငွေများကို ယခင်က ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်းသို့ ပေးသွင်းခဲ့သော်လည်း ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ဇယား (င) အရ ၂၀၁၁- ၂၀၁၂ ဘဏ္ဍာရေးနှစ် ၂၀၁၁ ခုနှစ် အောက်တိုဘာလမှ စတင်၍ ပြည်ထောင်စုနယ်မြေဖြစ်သော နေပြည်တော်အတွင်း ကောက်ခံရရှိငွေကို ပြည်ထောင်စုဘဏ္ဍာငွေ စာရင်းသို့ ပေးသွင်းပြီး ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေစာရင်းကို ပေးသွင်းလျက်ရှိပါကြောင်း၊ ထို့ကြောင့် အစီရင်ခံစာတွင် ဘဏ္ဍာရေးရန်ပုံငွေစာရင်းတွင်ပါရှိသော နေပြည်တော်ကောင်စီနယ်မြေတစ်ခုသာ ပါဝင်ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

**မှတ်တမ်းတင်ကြောင်းကြေညာ**

ထို့အပြင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ကလည်း မိမိတို့ ဝန်ကြီးဌာနအလိုက် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက ရှင်းလင်းတင်ပြချက်များကို မှတ်တမ်းတင်ကြောင်းကြေညာသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲနေသော မြန်မာနိုင်ငံ ပိုင်နက် ပင်လယ်နှင့်ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ သန်း ၃၆၅၆ ဒသမ ၈၂ ခွဲဝေသုံးစွဲမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရခိုင်ပြည်နယ် ရသေ့တောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ထောက်ပြဆွေးနွေးသကဲ့သို့ နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှာ ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများတွင် ရသေ့တောင်မြို့နယ် ကျန်ရှိနေခြင်းနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းတင်ပြအပ်ပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အနေဖြင့် ရသေ့တောင်မြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မူလအစီအစဉ်၊ နိုင်ငံတော်၏ဘတ်ဂျက်ရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူစီမံအကောင်အထည်ဖော် ဆောင်ရွက်သွားရန်အတွက် မူလရည်ရွယ်ရင်းရှိခဲ့သည့်အတွက် ယခုတင်ပြသည့် သမ္မတ၏သီးသန့်ရန်ပုံငွေရရှိရေး အစီအစဉ်တွင် ထည့်သွင်းခြင်း မပြုခဲ့သည်ကို တင်ပြဆွေးနွေးခဲ့စဉ်က မဖော်ပြခဲ့မိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးက နားလည်ခွင့်လွှတ်ပေးပါရန် တင်ပြလိုပါကြောင်း။

**ရှင်းလင်းဖြေကြား**

ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ မြို့နယ် (၁၇) မြို့နယ်လုံးတွင် ဆောင်ရွက်ရန်လုပ်ငန်းများ စိစစ်သတ်မှတ်ရွေးချယ်ခဲ့ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ရန်ပုံငွေခွင့်ပြုချက်အရ ဦးစားပေးလုပ်ငန်းအဖြစ် ရသေ့တောင်မြို့နယ်အတွင်း ကျောက်တန်းတိုက်နယ်ကျေးရွာ ၁၃ ရွာဆက် လမ်းမ ၁ ဒသမ ၅ ဖာလုံကို ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ပေ ၃၀၊ ၁၄ ပေ၊ ၁၂ ပေ ကွန်ကရစ်တံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ ရသေ့တောင်မြို့နယ်အတွင်း ဆောင်ရွက်သွားရန်အတွက် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ ၎င်းလမ်းပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနထံ လွှဲပြောင်းပေးရန် စီစဉ်လျက်ရှိသည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ် အစိုးရရန်ပုံငွေဖြင့် လမ်းဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်းတို့ကို ဒေသပေါက်ဈေးအပေါ် အခြေခံပြီး ပြည်နယ်အစိုးရအဖွဲ့က စိစစ်ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အချိန်မီအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် သတ်မှတ်အရည်အသွေးမီ စံချိန်စံညွှန်းပြည့်မီရေးတို့အတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပြည်နယ်အစိုးရက အစီအစဉ်များ ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုရာတွင်လည်း ခိုင်ခိုင်မာမာရှိစေရန်အတွက် နိုင်ငံတော်က ထုတ်ပြန်ထားသည့် တင်ဒါဆိုင်ရာ စည်းမျဉ်းစည်းကမ်းချက်များနှင့် ပြည့်စုံလျော်ညီစွာ ထည့်သွင်း ချုပ်ဆိုနိုင်ရေးအတွက်ကိုလည်း စီမံထားရှိပါကြောင်း၊ လုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သွားရမည်ဖြစ်ရာ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ သက်ဆိုင်ရာ လုပ်ငန်းဌာနများ၏ စနစ်တကျ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှု၊ အလေအလွင့်နှင့် မလိုလားအပ်သည့် ဖိတ်စဉ်မှု မရှိစေရေး စိစစ်ဆောင်ရွက်မှု၊ အရည်အသွေးစိစစ်ဆောင်ရွက်မှု၊ စံချိန်စံညွှန်းပြည့်မီမှုနှင့် အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးရေးတို့အတွက် ပြည်နယ်အစိုးရ၏ ကြီးကြပ်စီမံဆောင်ရွက်မှုတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက သီးသန့်ရန်ပုံငွေသုံးစွဲမည့် သက်ဆိုင်ရာ ဝန်ကြီးဌာနက ပြည့်စုံစွာပြန်လည် ရှင်းလင်းဖြေကြားပြီးဖြစ်သဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ထပ်မံရှင်းလင်းတင်ပြရန် မရှိပါကြောင်းနှင့် လွှတ်တော်မှအတည်ပြုပြီးသည့်အခါ သီးသန့်ရန်ပုံငွေမှ လွှဲပြောင်းသုံးစွဲရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၂၇(ဂ)အရ ပြည်ထောင်စုအစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်ဟု ပြဋ္ဌာန်းထားချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ပြန်လည်တင်ပြရမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကိုရယူရာ ထောက်ခံမဲ ၅၁၀ မဲ၊ ကန့်ကွက်မဲ သုံးမဲ၊ ကြားနေမဲ တစ်မဲရရှိသဖြင့် ပြည်ထောင်စုလွှတ်တော်နာယကက ခွင့်ပြုကြောင်း အတည်ပြုကြေညာသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်းက ရုပ်သိမ်းသင့်ကြောင်း အဆိုတင်သွင်းပြီး ဒဂုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်သက်ခိုင်က ဆွေးနွေးသည်။

**အတည်ပြုကြေညာ**

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယကက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြဋ္ဌာန်းရန်သင့်မသင့်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူကာ ပြဋ္ဌာန်းရန်မသင့်ကြောင်း အတည်ပြုကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ အလုံးစုံပြုပြင်မွမ်းမံရေး စီမံကိန်းများဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ဂျပန်ယန်း ၁၀ ဒသမ ၇၈၇ ဘီလီယံ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဆွေးနွေးပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေရယူသည့် ရည်ရွယ်ချက်၊ ချေးငွေအတွက်သုံးစွဲမည့် လုပ်ငန်းများနှင့် အကျိုးအပြစ်၊ ချေးငွေအတွက်ပြန်လည်ပေးဆပ်မည့် အစီအစဉ်များကို ချေးငွေရယူသုံးစွဲမည့် သက်ဆိုင်ရာ ဝန်ကြီးဌာနက ရှင်းလင်းတင်ပြပြီးဖြစ်ပါသဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ထပ်မံရှင်းလင်းတင်ပြရန် မရှိပါကြောင်းနှင့် လွှတ်တော်မှ အတည်ပြုပြီးသည့်အခါ ချေးငွေရရှိနိုင်ရေးကို ပြည်တွင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယကက ယင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရာ ထောက်ခံမဲ ၅၀၆ မဲ၊ ကန့်ကွက်မဲ သုံးမဲနှင့် ကြားနေမဲ ငါးမဲ ရရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။ **အောင်နိုင်(သတင်းစဉ်)**




ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

# ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ်အဖြစ် ပဲနို့အာဟာရတိုက်ကျွေး

**တောင်ကြီး ဖေဖော်ဝါရီ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၃ နာရီက ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့တွင်ရှိသော ဘုရားဖြူ သူငယ်တော်ယေဇူး မသန်စွမ်းနှင့်မိဘမဲ့ဂေဟာသို့သွားရောက်၍ မိဘမဲ့ကလေးသူငယ်များ မသန်စွမ်းကလေးငယ်များ၊ မသန်စွမ်းလူငယ်များနှင့်တွေ့ဆုံပြီး မသန်စွမ်းများအား ပြုစု စောင့်ရှောက်နေမှုများကို လေ့လာကြည့်ရှုကာ အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးက သူငယ်တော်ယေဇူး မသန်စွမ်းနှင့်မိဘမဲ့ဂေဟာသို့ အလှူငွေများပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ မှူကြိုခန်းမတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများ၊ တောင်ကြီးမြို့တွင် ဆောင်ရွက်နေသော လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ပြီး လူမှုဝန်ထမ်း လုပ်ငန်းရပ်များနှင့် ကယ်ဆယ်ရေးလုပ်ငန်းရပ်များ လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်တောင်ပိုင်း လူမှုဝန်ထမ်းရုံး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ တောင်ကြီးမူလတန်းကြိုကျောင်း၊ ရပ်စောက်မူလတန်းကြိုကျောင်းနှင့် အောင်ပန်းမူလတန်းကြိုကျောင်းတို့မှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ၎င်းတို့၏ လိုအပ်ချက်များကိုမေးမြန်း၍ ဖြည့်ဆည်းပေးနိုင်မည့် အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၂)နှစ်မြောက်မွေးနေ့ (မြန်မာနိုင်ငံကလေးများနေ့) ဂုဏ်ပြုအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်တောင်ပိုင်း လူမှုဝန်ထမ်းဦးစီးဌာန၊ တောင်ကြီးမူလတန်းကြိုကျောင်းတွင် ရပ်ရွာအတွင်းရှိ မူကြိုအရွယ် ရင်သွေးငယ်လေးများအား ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ ပဲနို့အာဟာရတိုက်ကျွေးခဲ့သည်။



ပဲနို့တိုက်ကျွေးနေစဉ် ကလေးငယ်များနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ လှူဒါန်းသော ပုံပြင်စာအုပ်များကို ဝေပေးခဲ့သည်။ **(အပေါ်ပုံ)**

ယင်းနောက် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က တောင်ကြီးမူလတန်းကြိုကျောင်းရှိ ကလေးမိဘများအား ပဲနို့အာဟာရနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက တစ်နိုင်ငံလုံးတွင် ပဲနို့တိုက်ကျွေးရေးအာဟာရစီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပင်လုံစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်တိုင်ပြဋ္ဌာန်းခွင့် အာမခံချက်အပြည့်အဝရှိတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်ကို တည်ဆောက်ဖို့မျှော်လင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**ဖေဖော်ဝါရီ ၁၂ ရက်က ပင်လုံမြို့၌ ပြုလုပ်သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ ငြိမ်းချမ်းရေးစကားဝိုင်းတွင် တိုင်းရင်းသား၊ တိုင်းရင်းသူများ၏ ဆွေးနွေးချက်များကို ကောက်နုတ်တင်ပြလိုက်ပါသည် -**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားများ၏ ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း (Panglong Peace Talk) အစီအစဉ် ကျင်းပစဉ်** (သတင်းစဉ်)

**ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် အကျိုးဆောင်အဖြစ် ပံ့ပိုးဆောင်ရွက်နေသည့် ချင်းတိုင်းရင်းသူ မိုင်ချင်းချင်း**

ပင်လုံစာချုပ်အကြောင်းကို ပြောတဲ့အခါမှာ စာချုပ်တစ်ခုတည်းကိုပဲ မရည်ညွှန်းဘဲ ပင်လုံစာချုပ်နဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်ပေးထားခဲ့တဲ့ ပင်လုံကတိကဝတ်၊ နောက်ပြီး ပင်လုံစိတ်ဓာတ်တွေကိုတွဲပြီးတော့ သုံးပါတယ်။ ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်၊ ပင်လုံစိတ်ဓာတ်ဆိုပြီးတော့ ရည်ညွှန်းထားပါတယ်။

နောက်ပြီးတော့ ပင်လုံစာချုပ်ဟာလည်း ပူးပေါင်းမယ်ဆိုတဲ့အရာကို ဖော်ပြပါတယ်။ နောက်တစ်ခုက တောင်တန်းဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်ကနေပြီး သူတို့ရဲ့အစီရင်ခံစာမှာ ဘယ်လိုပူးပေါင်းကြမယ်ဆိုတာ ပါခဲ့တာပေါ့။ ပြီးတော့ ဗိုလ်ချုပ်ချမှတ်ထားတဲ့ အခြေခံလမ်းညွှန်မှု ၇ ချက်နဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲကြမယ်ဆိုတာ ဖြစ်ပါတယ်။ ဒါပေမယ့် ကံဆိုးစွာနဲ့ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာ ဗိုလ်ချုပ်နဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီးနောက် ကျွန်မတို့ရဲ့မျှော်လင့်ထားတဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပုံစံပြောင်းလဲသွားတယ်။

အဲ့ဒီရဲ့အကျိုးဆက်အနေနဲ့ ကျွန်မတို့လိုလားတဲ့ ဒီမိုကရေစီရယ်၊ နောက်ပြီးတော့ အမျိုးသားတန်းတူရေးနဲ့ ကိုယ်တိုင် ပြဋ္ဌာန်းခွင့်အာမခံချက်ပြည့်ဝတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို မတည်ထောင်နိုင်ခဲ့ဘဲ ဖက်ဒရယ်ဆိတ်သုဉ်းမှု၊ ဒီမိုကရေစီဆိတ်သုဉ်းမှုတွေ ဖြစ်ခဲ့ရပါတယ်။ ဒီလိုနဲ့ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက် NCA ဆိုတာ ပေါ်ပေါက်လာပါတယ်။

NCA ဆိုတာကိုလည်း ကျွန်မတို့နားလည်တာကတော့ ပြည်ထောင်စုမပြိုကွဲရေးကို ပြန်လည်ပြီးတော့မှ သက်သေပြုတဲ့စာချုပ်လို့ နားလည်ထားပါတယ်။ ကျွန်မတို့က အခု (၂၁)ရာစုပင်လုံကို တိုင်းသူပြည်သားအားလုံးကလည်း အများကြီး မျှော်လင့်တယ်။ ငြိမ်းချမ်းရေးလိုချင်တဲ့သူအားလုံးကလည်း မျှော်လင့်တဲ့အခါမှာ ဒီ (၂၁)ရာစုပင်လုံဆိုတာ အကောင်အထည်မဖော်ခဲ့ရတဲ့ ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နဲ့ ပင်လုံစိတ်ဓာတ်တွေကိုပြန်လည်ပြီး အသစ်တစ်ဖန် ပြန်လည်ဖော်ဆောင်ပေးနိုင်ဖို့ ကြိုးစားနေတယ်ဆိုတာကို ပြည်သူလူထုရဲ့ခံစားချက်နဲ့ မျှော်မှန်းချက်ဖြစ်ပါတယ်။

အဲ့ဒီအတွက်ကလည်း အင်မတန်မှ မျှော်လင့်ချက်တွေ ကြီးနေကြပါတယ်။ NCA ရဲ့ အပိုဒ်(၁)အပိုဒ်ခွဲ (က)မှာပါတဲ့အတိုင်း ဒီ့တာဝန်အရေးသုံးပါးပေါ့။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှုပြီးတော့မှ လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတွေကို အခြေခံပြီး ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်၊ ပင်လုံစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်တိုင်ပြဋ္ဌာန်းခွင့် အာမခံချက်အပြည့်အဝရှိတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်ကို တည်ဆောက်ဖို့ အများကြီးမျှော်လင့်ထားကြပါတယ်။ နိုင်ငံရေးအရ၊ လူမျိုးရေးအရ တန်းတူ ပူးပေါင်းနိုင်မယ့် အာမခံချက်တွေရှိမယ်ဆိုရင်တော့ ငြိမ်းချမ်းရေးကို လုံးဝရရှိမယ်လို့ မျှော်လင့်ထားပါတယ်။ တိုင်းသူပြည်သားတွေအားလုံးလိုလားတဲ့ ငြိမ်းချမ်းရေးကို နိုင်ငံတော်ရဲ့ အတိုင်ပင်ခံဦးဆောင်မှုနဲ့ အားလုံးဝိုင်းဝန်းပြီးတော့ လုပ်ဆောင်နိုင်မယ်ဆိုတာကို ယုံကြည်ပါတယ်။

**ကရင်လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့် ကရင်တိုင်းရင်းသူ နန်းမြသီတာ**

ကျွန်မတို့က ခုနက နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ပြောသလိုပါပဲ၊ မတူကွဲပြားတာတွေ အများကြီးရှိတယ်။ ဘာကြောင့် မငြိမ်းချမ်းနိုင်ရတာလဲ။ မညီညွတ်နိုင်ရတာလဲ။ ပန်းတွေဆိုရင်တောင်မှ ရောင်စုံရှိမှ လှတာလေ။ မတူကွဲပြားမှုတွေက တကယ်တမ်း အင်အားတွေပါ။ မတူကွဲပြားမှုတွေနဲ့ ကျွန်မတို့ အင်မတန်မှ လှပပျော်ရွှင်တဲ့ဘဝကို ဘယ်လိုသွားမလဲပေါ့။ အခုသွားနေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်ကြည့်မယ်ဆိုရင် ဒီပင်လုံကနေပြီးတော့ ပူးပေါင်းပြီး ရလာခဲ့တဲ့နိုင်ငံပါ။ ပင်လုံကိုပဲ ပြန်ကြည့်မယ်ဆိုရင် တစ်ဦးကိုတစ်ဦး ယုံကြည်ခဲ့ကြတယ်၊ စည်းလုံးညီညွတ်ခဲ့ကြတယ်။ အဲ့ဒီကနေ အခြေခံပြီးတော့ သွားခဲ့တာပေါ့နော်။

ကျွန်မကတော့ ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ တောက်လျှောက်ပါခဲ့တယ်။ နော်ခီးလာ(လိုင်ဇာ)မှာကတည်းက တောက်လျှောက်ပါခဲ့တဲ့သူတစ်ယောက်အနေနဲ့ အခု ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုရင် ပင်လုံကိုရောက်တာနဲ့ ပြန်ပြောင်းပြီးသတိရတာက ပင်လုံအနှစ်သာရအပြည့်နဲ့ ကျွန်မတို့လုပ်ခဲ့ကြလို့သာ အခုတစ်နိုင်ငံလုံးကလည်း ပြောနေတယ်။ ကရင်ပွဲက အလွန်အောင်မြင်တယ်။ ကရင်ပွဲကို အားရတယ်။ ကျေနပ်တယ်ပေါ့။ တကယ်တမ်းမှာ ဘယ်လိုပုံစံမျိုးနဲ့ လုပ်ခဲ့ကြတာလဲဆိုတော့ အခက်အခဲတွေ အများကြီး ရှိခဲ့ကြပါတယ်။ ညှိနှိုင်းရတယ်။ ယုံယုံကြည်ကြည်နဲ့ ကိုယ့်ကိုယ်ကိုယ် အရင်စတာပေါ့။ ကိုယ့်ကိုယ်ကိုယ် အရင်ယုံကြည်ရတယ်။ ပြီးတော့မှ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်ပေါ့။ ဒါမှမဟုတ်ရင် ပူးတွဲပြီး အလုပ်လုပ်မယ့်သူတွေကိုလည်း ယုံကြည်ရတယ်။ ပြီးတော့ ညီညီညွတ်ညွတ်နဲ့ တစ်ဦးကိုတစ်ဦး လေးစားသမှုနဲ့ သာတူညီမျှ၊ စကားတစ်ခွန်းက အမြဲတမ်း ကျွန်မခေါင်းထဲမှာ ပေါ်နေတာက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို စတင်စီစဉ်တဲ့အခါမှာ ပူးတွဲလုပ်ရတဲ့ ကော်မတီတွေက အများကြီးပါ။ ကရင်တွေဘက်အခြမ်းကတောင် ကရင်တိုင်းရင်းသားလက်နက်ကိုင်က သုံးဖွဲ့၊ ကရင်ပါတီက ငါးဖွဲ့၊ ဘာသာရေးခေါင်းဆောင်တွေ၊ CSO တွေ။ အဲ့ဒီကနေမှ ကော်မတီတစ်ခုဆိုတာဖြစ်လာပါတယ်။ အဲ့ဒီမှာ မတူကွဲပြားမှုတွေက နောက်ခံ အကြောင်းအရာတွေ အများကြီးပဲ။ UPDJC က ဖွဲ့လိုက်တဲ့ ကြီးကြပ်မှုကော်မတီကလည်း ကော်မတီတစ်ခုအနေနဲ့ ညှိနှိုင်းရပါတယ်။ ပြီးတော့မှ ကရင်ပြည်နယ် အစိုးရအဖွဲ့က ကော်မတီ ၁၃ ဖွဲ့နဲ့လည်း ညှိရတယ်။ ဒီညှိရတဲ့အပေါ်မှာ ဘယ်ဟာကို အခြေခံခဲ့လဲဆိုရင် ယုံကြည်မှုနဲ့ တည်ဆောက်ခဲ့ကြတာပါ။ ရင်းနှီးမှုနဲ့ တည်ဆောက်ခဲ့ကြတာပါ။ တစ်ဦးကိုတစ်ဦး ကျွန်မတို့ လေးစားသမှုနဲ့ တည်ဆောက်လို့ရခဲ့တဲ့ အောင်မြင်မှုလို့တော့ မြင်တယ်။ ဒီကြားထဲမှာ အများကြီးပဲ ကျော်လွှားခဲ့ရတယ်။ အခက်အခဲတွေ ကြုံခဲ့ရတယ်ဆိုပေမယ့် ကျွန်မတို့ အမြဲတမ်းပြောတဲ့ ကရင်တွေရဲ့သမိုင်းမှာ စကားလုံး တစ်လုံးရှိပါတယ်။ မဟာနဲ့ အာဏာ။ ကျွန်မတို့ မဟာနဲ့အာဏာကို လုံးဝမရှိဘူး။ ခဝါချထားတယ်။ အဲဒီလိုသွားနိုင်ခဲ့လို့သာ အောင်မြင်နေတဲ့ပွဲလို့ ခံစားရတယ်။ ရှေ့ဆက်သွားမယ့် နိုင်ငံရေးဆွေးနွေးပွဲမှာလည်း ခေါင်းဆောင်ကြီးတွေပြောခဲ့တဲ့၊ ကရင်ခေါင်းဆောင်ကြီးတွေလည်း ပြောခဲ့သလိုမျိုး ကနေ့ အခင်းအကျင်းမှာ တိုင်းရင်းသားတွေရဲ့ နှလုံးသားထဲမှာရှိနေတဲ့ အစွဲလေးပေါ့။ မဟာနဲ့ အာဏာကို ခဝါချပြီးတော့ အချင်းချင်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်။ ဒီတိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေကိုလည်း ယုံကြည်ကြမယ်။ ပြီးတော့မှ တစ်ဦးကိုတစ်ဦး လေးလေးစားစားနဲ့ သူသာတယ်၊ ကိုယ်နာတယ် မဟုတ်ဘဲနဲ့ တည်ဆောက်ကြမယ်ဆိုရင် အင်မတန်မှလှပပြီး ဒါဟာ တည်တံ့ခိုင်မြဲမယ့် နိုင်ငံတစ်ခုကို ဘယ်လိုပဲဖြစ်ဖြစ် ရအောင်တည်ဆောက်နိုင်မယ်ဆိုတာ မျှော်လင့်လည်း မျှော်လင့်တယ်။ ယုံလည်းယုံကြည်တယ်။ ကိုယ်ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ ငြိမ်းချမ်းရေး Process (လုပ်ငန်းစဉ်) မှာလည်း ပါဝင်နေတယ်ပေါ့။

**ပဋိပက္ခလျှော့ချနိုင်ရေး ပညာပေးလုပ်ငန်းနှင့် ကောင်းမွန်သော အုပ်ချုပ်မှုဖြစ်ထွန်းရေး ပညာပေးဆောင်ရွက်နေသည့် ရခိုင်တိုင်းရင်းသား ဦးဦးအောင်သန်း**

ခုနက နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်ပြောသလို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု၊ ဒီ့အပြင် လက်နက်ကိုင်အဖွဲ့အစည်း အချင်းချင်းကြားထဲက ယုံကြည်မှု၊ အခု NCA လက်မှတ်ထိုးထားတဲ့အဖွဲ့တွေနဲ့ NCA လက်မှတ်မထိုးထားတဲ့အဖွဲ့တွေ ကြားထဲက ယုံကြည်မှု၊ တိုင်းရင်းသားတွေအချင်းချင်းကြား ယုံကြည်မှု၊ ဒီလိုယုံကြည်မှုတွေ တည်ဆောက်ဖို့ လိုနေတယ်လို့ မြင်ပါတယ်။

အခုစစ်ရှိန်တွေ မြင့်လာတာနဲ့အမျှ၊ ထိုးစစ်တွေ မြင့်လာတာနဲ့အမျှ ကျွန်တော်တို့ တိုင်းရင်းသားတွေကြားထဲက အမုန်းတရားတွေက ပိုမိုကြီးထွားလာတဲ့ဟာက အင်မတန်ကြောက်စရာကောင်းတဲ့ တစ်ချက်လို့ လေ့လာတွေ့ရှိရပါတယ်။ အဲ့ဒါကြောင့် ၂၀၁၇ ခုနှစ်ဟာ ငြိမ်းချမ်းရေးနှစ်လို့ ကြွေးကြော်ထားတာနဲ့အညီ နိုင်ငံငြိမ်းချမ်းချင်တယ်ဆိုရင် နံပါတ်တစ်အနေနဲ့ လုပ်သင့်တာက ထိုးစစ်တွေ အားလုံးရပ်ပေးဖို့ တောင်းဆိုချင်တယ်။ လိုလားတယ်။ နံပါတ် ၂ အနေနဲ့ ဒီထိုးစစ်တွေ ရပ်ပြီးတော့ တကယ့်နိုင်ငံရေးဖြစ်တည်လာတဲ့ ပဋိပက္ခတွေကို နိုင်ငံရေးစားပွဲဝိုင်းမှာ ဆွေးနွေးနိုင်ဖို့အတွက် အားလုံးပါဝင်တဲ့ လက်မှတ်ရေးထိုးဖို့၊ တန်းတူအခွင့်အရေးရဖို့ တောင်းဆိုချင်တယ်။ ကျွန်တော်က ရခိုင်ဒေသမှာ အလုပ်လုပ်နေတဲ့ ရခိုင်တိုင်းရင်းသားတစ်ယောက်ဖြစ်တဲ့အတွက် ရခိုင်တိုင်းရင်းသားတွေရဲ့အသံကတော့ အခုလို ငြိမ်းချမ်းရေးစကားဝိုင်း၊ NCA လက်မှတ်ထိုးမယ့်ဟာတွေ၊ (၂၁)ရာစု ပင်လုံတွေမှာ AA ကို ပါဝင်ဖို့ဆိုတာကိုလည်း သူတို့တွေအနေနဲ့ တောင်းဆိုထားတာ၊ ပြောဆိုနေတာတွေကို လေ့လာတွေ့ရှိရတဲ့အတွက် သူတို့တွေကိုယ်စား တောင်းဆိုချင်ပါတယ်။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့လည်း ထည့်သွင်းစဉ်းစားပေးပါ။ တပ်မတော်အနေနဲ့လည်း ထည့်သွင်းစဉ်းစားပေးပါ။ နိုင်ငံရေးပဋိပက္ခကို နိုင်ငံရေးအရ အဖြေရှာပေးဖို့အတွက် စားပွဲဝိုင်းကို အားလုံးပါဝင်ဖို့အတွက် တစ်ဖက်နဲ့တစ်ဖက် ယုံကြည်ပေးကြပါလို့၊ သဘောထားကြီးပေးကြပါလို့ တင်ပြတောင်းဆိုချင်ပါတယ်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူထုပါဝင်လာရေးနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ် ကျင်းပနိုင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် မွန်တိုင်းရင်းသား မင်းအောင်ထူး**

နိုင်ငံသားတွေအားလုံးက ငြိမ်းချမ်းဖို့ကို တော်တော်လေး လိုလားနေပြီပေါ့။ အခုလက်ရှိငြိမ်းချမ်းရေး ဖြစ်စဉ်နဲ့ပတ်သက်ပြီး တကယ်ကို မျှော်လင့်စရာလမ်းကြောင်းတစ်ခုက (၂၁) ပင်လုံလမ်းကြောင်းနဲ့ သွားမယ်ဆိုတဲ့ လမ်းကြောင်းပါ။ ပြီးတော့ ဒီ NCA ကို အခြေခံပြီး အားလုံးပါဝင်လာပြီးတော့ နိုင်ငံရေးဆွေးနွေးပွဲတွေကတစ်ဆင့် တဖြည်းဖြည်းချင်း ပြုပြင်ပြောင်းလဲရင်းနဲ့ သွားမယ်ဆိုတဲ့ လမ်းကြောင်းတော့ ရှိနေတာပေါ့လေ။ အဲ့ဒီမှာ အဓိက ကတော့ အားလုံးပါဝင်လာဖို့အတွက် မျှော်လင့်ပါတယ်။ လက်ရှိအခြေအနေမှာလည်း NCA မှာ လက်ရှိမှာ အားလုံးမပါဝင်နိုင်သေးဘူး။ သို့သော် NCA Process ကို ဆက်ပြီးတော့ သွားနေတယ်။ အားလုံးမပါဝင်တဲ့အတွက် နှောင့်နှေးမှုတွေရှိတယ်။ တကယ်တမ်း ပြီးရမယ့်အချိန်မှာ မပြီးတဲ့အလုပ်တွေပေါ့။ အဲ့ဒါမျိုးဖြစ်တဲ့ အခါကျတော့ တိုင်းပြည်အတွက်လည်း နစ်နာတာပေါ့လေ။ အဲဒီတော့ ဒီလိုအားလုံး ပါဝင်လာဖို့အတွက် တိုင်းရင်းသားတွေအနေနဲ့ ဆန္ဒရှိတယ်။ အားလုံးပါဝင်လာဖို့အတွက် ရှုထောင့်တစ်ခုကနေပြောချင်တာက အားလုံးပါဝင်လာနိုင်မယ့် အခင်းအကျင်းတစ်ခုကိုတော့ တည်ဆောက်ပေးဖို့ လိုမယ်ထင်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုကို သွားမယ်ဆိုတဲ့လမ်းကြောင်းမှာ တကယ်တမ်းအခြေခံကျတဲ့ တိုင်းရင်းသားတွေရဲ့ ရပိုင်ခွင့်တွေ၊ သူတို့တွေရဲ့ အခြေခံ identity တွေကို ဖော်ထုတ်ရင်းနဲ့ ဒီအခွင့်အရေးတွေကို စာပေ၊ ယဉ်ကျေးမှုကအစ ဒီလိုမျိုး ဖန်တီးပေးတဲ့အခါမှာ သူတို့လည်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုက အတိုင်းအတာတစ်ခုအထိ ရလာမယ်။ သွားချင်တဲ့ အနေအထားတစ်ခု၊ ရပ်တည်မှုတစ်ခုရပြီဆိုရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာမယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာရင် တခြားသော တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အပြန်အလှန်လေးစားမှုတွေ ရလာမယ်။ အပြန်အလှန်လေးစားမှုရရင် တစ်ဖက်ကလည်း ယုံကြည်မှုက ပိုပြီးတော့ လွယ်လွယ်လေးနဲ့ တည်ဆောက်နိုင်မယ်လို့ ယူဆပါတယ်။ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်က ကချင်ဒေသ စစ်ဘေးရှောင်ပြည်သူတွေအတွက် အလှူငွေပေးတဲ့ပွဲမှာ သတိပေးခဲ့တဲ့ စကားတစ်ခုကို အလွန်ကျေးဇူးတင်မိပါတယ်။ ဘာလဲဆိုတော့ လူအများစုဖြစ်တဲ့ ဗမာတိုင်းရင်းသားတွေကနေပြီးတော့ အခွင့်အရေးကို အများကြီးရနေတယ်လို့ တိုင်းရင်းသားတွေက ဒီလိုမျိုးခံစားလာရရင် ပြည်ထောင်စုစိတ်ဓာတ်တွေ ပြန်တည်ဆောက်ရတာ အလွန်ခက်မယ်လို့ ပြောခဲ့တာရှိပါတယ်။ အဲ့ဒါက အလွန်အရေးကြီးပါတယ်။ ဒီလိုမျိုးမဖြစ်အောင် လူမျိုးတစ်မျိုးရဲ့ identity ကိုပဲ ညှိနေတာမျိုးမဟုတ်ဘဲ အားလုံးတန်းတူညီမျှစွာနဲ့ မြှင့်တင်ရင်း သူတို့ရဲ့ယုံကြည်မှုကို တည်ဆောက်ပေးဖို့လိုပါတယ်။ ဘာကိုရောင်ပြန်ဟပ်မလဲဆိုတော့ ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ အားလုံးမပါဝင်နိုင်သေးတဲ့ အခင်းအကျင်းတစ်ခုအတွက်လည်း ပုံစံတစ်ခုနဲ့ ရောင်ပြန်ဟပ်နိုင်မယ်လို့ ယူဆပါတယ်။ အားလုံးမှာ ကိုယ်ပိုင်ယုံကြည်မှုတွေ ရလာတဲ့အခါကျရင် ငြိမ်းချမ်းရေးလမ်းကြောင်းအပေါ်မှာ တက်လာဖို့အတွက် လွယ်ကူလာမယ်လို့ မြင်ပါတယ်။

တကယ်လို့သာ ဒီအတိုင်းဆက်သွားနေမယ်ဆိုရင် အချိန်တွေ နှောင့်နှေးမှုရှိမယ်။ နှစ်ပေါင်း ၇၀ အထိ မငြိမ်းချမ်းတဲ့ ဒီအဖြစ်မျိုးကို မြန်မြန်နဲ့ ကျော်လွှားနိုင်ဖို့လိုတယ်။ သက်ဆိုင်ရာ ငြိမ်းချမ်းရေးဖြစ်စဉ်မှာပါဝင်တဲ့၊ ပဋိပက္ခဖြစ်စဉ်မှာပါဝင်တဲ့ ပုဂ္ဂိုလ်တွေအားလုံးအနေနဲ့ အစိုးရရော၊ တပ်မတော်ရော၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရော တစ်ယောက်အပေါ်တစ်ယောက် သဘောထားကြီးဖို့ လိုပြီလို့လည်း ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

**အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ် ကျင်းပနိုင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့် ဗမာ-ကချင်တိုင်းရင်းသူ ဒေါ်ဖွေးယုမွန်**

အဓိကဆွေးနွေးချင်တာကတော့ NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေအနေနဲ့ လက်မှတ်ထိုးဖို့အတွက် အဟန့်အတားဖြစ်စေတဲ့ အကြောင်းအရာတွေက ဘာတွေဖြစ်မလဲဆိုပြီး စဉ်းစားကြည့်မိတယ်။ အဲဒါက ဘယ်ပေါ်မှာ မူတည်နေသလဲဆိုတော့ ယုံကြည်မှုတည်ဆောက်ခြင်းမှာ အဟန့်အတားဖြစ်စေမယ့် ကိစ္စတွေမှာမူတည်နေတယ်လို့ထင်ပါတယ်။ အဓိကယုံကြည်မှု တည်ဆောက်ခြင်းမှာ အဓိကအားဖြင့် (၃)ပိုင်းရှိမယ်လို့ ထင်ပါတယ်။ တပ်မတော်နဲ့ လက်နက်ကိုင်တွေကြားမှာ ယုံကြည်မှု တည်ဆောက်ခြင်းရယ်၊ နောက်တစ်ချက်ကကျတော့ လက်နက်ကိုင်အချင်းချင်းအကြား ယုံကြည်မှုတည်ဆောက်ခြင်းရယ်၊ ပြည်သူနဲ့ တပ်မတော်အပါအဝင်လက်နက်ကိုင်တွေကြားမှာ ယုံကြည်မှုတည်ဆောက်ခြင်းရယ်ဆိုတဲ့ အပိုင်း (၃)ပိုင်းကို အဓိကစဉ်းစားမိတယ်။ ပထမဆုံးဖြစ်တဲ့ တပ်မတော်နဲ့ တိုင်းရင်းသား

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

လက်နက်ကိုင်တွေကြားမှာ ယုံကြည်မှုတည်ဆောက်ဖို့အတွက် အဟန့်အတားတွေက ဘာတွေ ဖြစ်မလဲဆိုတာကို စဉ်းစားကြည့်တဲ့အခါ လက်ရှိ တိုင်းရင်းသားဒေသတွေမှာ ဖြစ်ပွားနေတဲ့ စစ်ရေးအခြေအနေ၊ နောက်ထပ်ထိုးစစ်တွေက လက်မှတ်ထိုးဖို့အတွက် အခက်အခဲများ ဖြစ်နေသလား။ နောက်တစ်ချက်ကတော့ အတူတကွဆွေးနွေးနေရင်းနဲ့မှ ထိုးစစ်ဆင်လာမှုတွေ၊ နောက်တစ်ချက်က တပ်မတော်အနေနဲ့ရော သတ္တိရှိရှိနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စွာနဲ့ ထိုးစစ်တွေကို ရပ်တန့်ပေးဖို့ရော မဖြစ်နိုင်ဘူးလား။ အဲဒါကိုလည်း စဉ်းစားမိတယ်။ နောက်တစ်ချက်ကတော့ တိုင်းရင်းသားလက်နက်ကိုင်တွေအပေါ် အခုအချိန်အထိ သုံးစွဲနေတဲ့ ၁၇/၈ ပုဒ်မလိုမျိုး မတရားအသင်းနဲ့ဆက်သွယ်မှုဆိုပြီး ပြည်သူတွေကို ဖမ်းဆီးတဲ့၊ ချုပ်နှောင်တဲ့ ကိစ္စမျိုးတွေရယ်။ နောက်တစ်ချက်ကတော့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အတိုက်အခိုက်တွေဖြစ်တဲ့အခါ သုံးစွဲတဲ့ သောင်းကျန်းသူဆိုတဲ့ အသုံးအနှုန်းတွေကရော ဒီ NCA မှာ လက်မှတ်ထိုးဖို့ အဟန့်အတားတွေများ ဖြစ်စေနိုင်မလားဆိုတာ စဉ်းစားမိပါတယ်။

အဲဒါတွေကို ကြိုးစားပြီးရှောင်တိမ်းမယ်ဆိုရင် ယုံကြည်မှုတည်ဆောက်ဖို့အတွက် အဓိကလမ်းစဉ် ဖြစ်လာမယ်လို့ထင်ပါတယ်။ နောက်တစ်ချက်က လက်နက်ကိုင် အချင်းချင်းကြားမှာ တွေ့ဆုံဆွေးနွေးမှုတွေလည်း များများလိုအပ်မယ်လို့ထင်ပါတယ်။ ဥပမာအားဖြင့် နော်ဝီးလာညီလာခံမျိုးတွေ ပြန်လည်ပေါ်ပေါက်လာနိုင်ဖို့ကလည်း တိုင်းရင်းသားအချင်းချင်းကြားမှာ ယုံကြည်မှု ဒီထက်ပိုပြီးတော့ ခိုင်မာဖို့၊ တည်ဆောက်ဖို့ လိုအပ်တယ်လို့ထင်ပါတယ်။ ပြည်သူတွေနဲ့ တပ်မတော်အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တွေကြားမှာ ယုံကြည်မှုတည်ဆောက်ဖို့။ အဲဒီဟာတွေက အခုသွားနေတဲ့ငြိမ်းချမ်းရေးဖြစ်စဉ်တွေက အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်နိုင်ဖို့ ပြည်သူတွေရဲ့ အသံကိုထင်ဟပ်နိုင်တဲ့ ဆွေးနွေးပွဲတွေ အဲဒီဆွေးနွေးပွဲတွေမှ ဖြစ်ပေါ်လာမယ့် တကယ်အကောင်အထည်ဖော်မှုအပိုင်းတွေမှာ ဖြစ်လာမယ်ဆိုရင် ပြည်သူတွေကလည်း လက်နက်ကိုင်အဖွဲ့အစည်းတွေအပါအဝင်ကို ယုံကြည်လာမယ်လို့ မြင်ပါတယ်။ ဆွေးနွေးပွဲတွေကလည်း အားလုံးပါဝင်ပြီးတော့ တန်းတူညီမျှစွာ ပါဝင်ပြီးတော့ ဆွေးနွေးခွင့်ရဖို့ရယ်၊ အဓိပ္ပာယ်ပြည့်ဝစွာနဲ့ ပါဝင်ဆွေးနွေးခွင့်ရယ် ပြည်သူ့အသံတွေရယ် ထင်ဟပ်စေဖို့က အဓိကကျမယ်လို့ ဆွေးနွေးချင်ပါတယ်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူငယ်များပါဝင်မှု မြှင့်တင်နိုင်ရေးနှင့် တိုင်းရင်းသား လူငယ်များအရေး ဆောင်ရွက်နေသည့် ရှမ်းတိုင်းရင်းသား စိုင်းအောင်မြင့်ဦး**

ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်တွေကို အကောင်အထည်ဖော်ဖို့ဆိုရင် လက်တွေ့ကျကျ လုပ်သွားဖို့လိုပါတယ်။ ပင်လုံစာချုပ်၊ ကတိကဝတ်တွေတင်မကဘူး စတင်ခဲ့တဲ့ ပထမပင်လုံ၊ ဒုတိယပင်လုံ နှစ်ခုစလုံးကိုသုံးသပ်ပြီးတော့ လက်တွေ့မှာ အကောင်အထည်ဖော်မယ်ဆိုရင် နိုင်ငံဟာငြိမ်းချမ်းမှု ပိုမိုရနိုင်မယ်လို့ မြင်တယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာလည်း ကောင်းကောင်းသွားနိုင်မယ်လို့ ယုံကြည်တယ်။ ကျွန်တော်တို့ တကယ်ယုံကြည်တာက ဒီပင်လုံစာချုပ်ရဲ့အသက်သွေးကြောပေးခဲ့တဲ့ ကျွန်တော်တို့ရဲ့ခေါင်းဆောင်ကြီးတွေပဲ။ တောင်တန်းနဲ့မြေပြန့်ကို ပေါင်းစည်းနိုင်ခဲ့တယ်။ ဒါကျွန်တော်တို့ ယုံကြည်မှုပဲ။ ဒါအောင်မြင်အောင် ကြိုးစားမယ်ဆိုရင် အနာဂတ်ပြည်ထောင်စုဟာ ပိုပြီးလှပတဲ့ ပိုပြီးစည်းရုံးတဲ့၊ ပိုပြီးယုံကြည်မှုရှိတဲ့ လူငယ်တွေအစ၊ လူကြီးတွေကအစ၊ ဆုံးပါးသွားတဲ့ ကျွန်တော်တို့ရဲ့ခေါင်းဆောင်တွေကအစ သူတို့ပျော်မှာ ကျွန်တော်တို့ ယုံကြည်တယ်။ ကျွန်တော်တို့က ဒီ(၂၁)ရာစုပင်လုံကို ယုံကြည်တယ်။ ပြီးတော့ အကောင်အထည်ဖော်ဖို့အတွက်လည်း လမ်းစပြပေးပါ။ ကူညီပါ့မယ်။ ဝိုင်းဝန်းလုပ်ပါ့ မယ်။ ကျွန်တော်ကိုယ်တိုင်၊ လူငယ်တွေကအစ၊ လူကြီးတွေအစ ဝိုင်းဝန်းပြီးတော့ ကူညီသွားမယ်။ ဒါဟာ ကျွန်တော်တို့ရဲ့အခြေခံအကျဆုံးပဲ။ ကျွန်တော်တို့တိုင်းပြည်ရဲ့ အခြေခံအကျဆုံးက တိုင်းပြည်တည်ဆောက်ရေးမှာ အခြေခံအကျဆုံးလို့ ကျွန်တော်တို့ ယုံကြည်တယ်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူထုပါဝင်လာရေးနှင့် အရပ်သားအပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာရေးလုပ်ငန်းများတွင် ပါဝင်ပံ့ပိုးနေသည့် ကယားတိုင်းရင်းသား ခူးပလုရယ်**

မြန်မာနိုင်ငံရဲ့နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းလို့ ပြောတဲ့အခါ ကျွန်တော်ဉာဏ်မီသလောက် လမ်းကြောင်းတစ်ခုကို စဉ်းစားမိပါတယ်။ ဒီမိုကရေစီလမ်းကြောင်းဖြစ်ပြီး ကျန်တာတစ်ခုကတော့ ငြိမ်းချမ်းရေးလမ်းကြောင်း ဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းလို့ပြောတဲ့အခါ အခု အစိုးရလက်ထက်မှာတော့ ပွင့်လင်းမြင်သာမှုရှိပြီးတော့မှ ငြိမ်းချမ်းရေးဖြစ်စဉ်မှာဆိုရင်လည်း အားလုံးပါဝင်နိုင်အောင် နောက်ဖက်ဒရယ်ဆိုတဲ့ကိစ္စတွေလည်း သေချာပွင့်လင်းမြင်သာမှုတွေနဲ့ ဆွေးနွေးနိုင်တဲ့ အခွင့်အလမ်းတွေရှိလာတာ အားရစရာ အင်မတန်မှကောင်းပါတယ်။ မျှော်လင့်စရာ အများကြီးရှိပါတယ်။ တစ်ဖက်မှာလည်း ဒီမိုကရေစီစံနှုန်းစံထားလို့ ပြောတဲ့အခါ သာမန်ပြည်သူတစ်ယောက်အနေနဲ့ ဘယ်လောက်အထိ တိုးတက်အောင်မြင်နေပြီလဲလို့ မတိုင်းတာတတ်ပါဘူး။ တိုင်းတာဖို့လည်း ခက်နေပါတယ်။ သာမန်ပြည်သူတွေအနေနဲ့ များသောအားဖြင့် ဒီလိုစံနှုန်းစံထားတွေ တိုင်းတာတဲ့အခါ တိုင်းဒေသကြီးအစိုးရ (သို့မဟုတ်) ပြည်နယ်အစိုးရတွေက ဘယ်လောက်အထိ လုပ်ပိုင်ခွင့်၊ လုပ်နိုင်ခွင့်ရှိသလဲဆိုတဲ့ အနေအထားမျိုးကိုလည်း သုံးသပ်ကြတာမျိုးလည်း ကျွန်တော်တို့ အများကြီးတွေ့ရမှာ ဖြစ်ပါတယ်။

နောက်ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကြည့်တဲ့အခါ ကျွန်တော်တို့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကလည်း အမျိုးသားနိုင်ငံရေးအဆင့် ဆွေးနွေးပွဲတွေကို အဆင့်ဆင့်ပြုလုပ်ပြီးတော့မှ အားလုံးမျှော်လင့်တောင့်တတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်ဖို့ဆိုတဲ့ လမ်းကြောင်းကိုလည်း သွားတဲ့နေရာမှာ ဒီ NCA ကလည်း တကယ့်အခြေခံအုတ်မြစ် ရည်ရွယ်ချက်တစ်ခုဖြစ်တယ်ဆိုတဲ့ဟာကိုလည်း မှတ်သားရတယ်ပေါ့လေ။ သို့သော် တစ်ဖက်မှာလည်း NCA လမ်းကြောင်းကိုသွားဖို့ အတူတကွ သွားဖို့ပြောတဲ့နေရာမှာ တချို့လည်း အမြင်တွေကွဲတာမျိုးရှိတယ်။ အခုဆိုရင်လည်း NCA ကို လက်မှတ်ထိုးပြီးတော့ အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲကို စတင်ခြေလှမ်းလှမ်းနေတဲ့သူတွေရှိသလိုတချို့ကလည်း NCA မှာ ပြင်ဆင်၊ ဖြည့်စွက်မှုတွေ လိုသေးတယ်ဆိုပြီးတော့ ပါဝင်ဖို့ ဆက်လက်ဆွေးနွေးနေဆဲ အနေအထားမျိုးလည်းတွေ့နေရပါတယ်။ ပြည်သူလူထုကနေ ပြန်ကြည့်တဲ့အခါကျတော့ NCA ကို သဘောပေါက် နားလည်ဖို့လည်း ပြန်ပြီးတော့ ကြိုးစားနေရတဲ့အနေအထားမှာ တွေ့မိတာက ဒီမိုကရေစီလမ်းကြောင်းနဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းကို သွားတဲ့နေရာမှာ အခက်အခဲလေးတွေ ရှိနေတယ်ဆိုတဲ့ဟာက မတူကွဲပြားတဲ့ အလွှာအသီးသီးက လူတွေရဲ့အမြဲတမ်းကောက်ချက်ချတာတစ်ခုက အခုလက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်ဖြည့်စွက်သင့်တာတွေရှိရင် ပြင်ဆင်ဖြည့်စွက်ဖို့ လိုမလားဆိုတဲ့အချက်ကိုလည်း ပြောကြဆိုကြ တစိုက်မတ်မတ် ကောက်ချက်ပေးတာမျိုးလည်း သတိထားမိပါတယ်။

အချုပ်အားဖြင့် ဒီမိုကရေစီလမ်းကြောင်းနဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းမှာ ဖွဲ့စည်းပုံအခြေခံပြင်ဆင်ရေးကလည်း ကျွန်တော်တို့လိုချင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ဖို့သွားတဲ့နေရာမှာ ဘယ်လောက်အထိ Impact ရှိနိုင်မလဲ၊ ဘယ်လောက်အထိ ဒါကိုလုပ်ဖို့လိုဦးမလဲဆိုတာ ဒီဟာလည်း အခရာကျတယ်လို့ အလျဉ်းသင့်လို့ ဆွေးနွေးလိုပါတယ်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးနှင့် လူထုပူးပေါင်းပါဝင်လာရေး ဆောင်ရွက်သည့် မွန် - ကရင် - ဗမာတိုင်းရင်းသူ ဒေါ်သန္တာဦး**

ကျွန်မက တောင်ကြီးကနေလာတဲ့အတွက် ရှမ်းပြည်နယ်မှာရှိတဲ့အတွက် ရှမ်းပြည်နယ်မှာ မတူကွဲပြားမှုတွေ အင်မတန်များပြားတယ်။ ဒါကြောင့် အခုလက်ရှိလုပ်နေတဲ့ အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေနဲ့ ပတ်သက်လို့ရှိရင် ပြန်ပြီးတော့မှ အဲ့ဒီဆွေးနွေးပွဲကိစ္စတွေနဲ့ပတ်သက်ပြီးအပြင် အားလုံးပါဝင်နိုင်ဖို့ဆိုတဲ့ မူဘောင်အတွက် ပြန်ပြီးတော့ သုံးသပ်ဖို့လိုလာမယ်လို့ ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးမှာ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်၊ လူမျိုးအလိုက် အားလုံးပါဝင်လုပ်ဆောင်နိုင်ပြီးတော့မှ အားလုံးကွဲပြားတဲ့ အချက်အလက်တွေကို တင်သွင်းနိုင်တဲ့အတွက် အားလုံးပါဝင်နိုင်တယ်လို့ ယူဆလို့ရပေမယ့် ဒေသအဆင့်မှာ၊ ပြည်နယ်အဆင့်မှာ ဒါတွေအားလုံးချုပ်ပြီးတော့မှ အားလုံးဘုံသဘောတူညီချက်ကို မရှာထုတ်နိုင်ဘူးဆိုရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံညီလာခံကို ဆွေးနွေးတဲ့အချိန်မှာ ပြန့်ကျဲနေတဲ့အကြောင်းအရာတွေကို ပြန်ပြီးတော့ မစုစည်းနိုင်တဲ့ အနေအထားမျိုးဖြစ်တဲ့အချိန်မှာ ဆွေးနွေးမှုကို အဟန့်အတားဖြစ်စေတယ်လို့ ယုံကြည်ပါတယ်။ နောက်ပြီး အခုအနေအထားဆိုရင် လူနည်းစုအခွင့်အရေးတွေ၊ လူနည်းစုတွေပါဝင်ဖို့အတွက်ကလည်း လမ်းစပျောက်နေတဲ့ ပုံစံမျိုးဖြစ်တဲ့အတွက် ဒါတွေကို ပြန်လည်ဆွေးနွေးဖို့လိုမယ်ဆိုတာ ပြန်လည်သုံးသပ်စေချင်ပါတယ်။

**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းစဉ်များတွင် ပညာရှင်အဖြစ် ပါဝင်ပံ့ပိုးနေသည့် ကချင်တိုင်းရင်းသူ ဒေါ်လရှမ်းဆိုင်းပန်**

ထောက်ခံချက် နှစ်ချက်နဲ့ ဆွေးနွေးဖို့ သုံးချက် ပြင်ဆင်ထားပါတယ်။ ဒါပေမယ့်လည်းပဲ အတိုချုံးအားဖြင့် ဆွေးနွေးဖို့ နံပါတ် ၁ အချက်ကိုပဲ အရင်ဆုံး သွားလိုက်ပါမယ်။ NCA လို့ပြောတဲ့အခါမှာ UPDJC ဘက်က လုပ်ဆောင်နေတဲ့ဟာတွေလည်း အများကြီးရှိသလိုမျိုး JMC ဘက်ကလည်း လုပ်ဆောင်နေတာတွေ ရှိပါတယ်။ ဒီနှစ်ခုရဲ့ လုပ်ဆောင်ချက်တွေဟာ ဟန်ချက်ညီညီ လုပ်နေပေမယ့်လည်း တစ်ခါတလေကျရင် အလယ်ဗဟိုမှာဆုံပြီးတော့မှ ဖြေရှင်းရမယ့်ပြဿနာတွေဟာ ဘယ်မှာသွားတွေ့နေရသလဲဆိုတော့ NCA ရဲ့အခန်း (၆) ဒီကြားကာလ အစီအစဉ်ကို လက်တွေ့အကောင်အထည်ဖော်နိုင်သေးမှု မရှိသေးတဲ့အခါ မလိုလားတဲ့ ထိတွေ့မှုတွေ၊ မလိုလားအပ်တဲ့ တစ်ယောက်နဲ့ တစ်ယောက် အထင်လွဲမှားမှုတွေ ဖြစ်နေတာကို လက်တွေ့ကြုံတွေ့ရမှုအပေါ်မှာ အခြေခံပြီးတော့ ပြောပြချင်ပါတယ်။ ဥပမာအားဖြင့် အခုဆိုရင် မွန်၊ ကရင်၊ တနင်္သာရီဘက်မှာ ကရင်အမျိုးသားအစည်းအရုံး KNU ကလည်း လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သလို သူဟာလည်း သူ့ရဲ့ဒေသအတွင်းမှာ အစိုးရငယ်ဖြစ်တဲ့အတွက် သူ့မှာ ပညာရေးဌာနရှိတယ်၊ ကျန်းမာရေးဌာနရှိတယ် အစရှိသဖြင့် ပြည်သူကိုဝန်ဆောင်မှုပေးနေတဲ့ ဌာနတွေရှိပါတယ်။ ဒီလိုမျိုးဝန်ဆောင်မှုပေးနေတဲ့ဌာနတွေနဲ့ ဒီဘက်က နိုင်ငံတော်အစိုးရရဲ့ဝန်ဆောင်မှုဌာနတွေနဲ့ ပေါင်းစပ်မှု၊ ညှိနှိုင်းမှုမရှိသေးခင်ကာလမှာ ဥပမာအားဖြင့် အစိုးရထိန်းချုပ်ဒေသ၊ KNU ထိန်းချုပ်ဒေသ၊ အဓိကအားဖြင့် ကရင်ဘာသာနဲ့ သင်ကြားနေတဲ့ ကျောင်းတွေမှာ အလံတိုင်မှာ ဘယ်အလံတိုင်ကို လွှင့်မလဲဆိုတဲ့ဟာကနေပြီးတော့မှ အဲ့ဒီလိုမျိုး သေးငယ်တဲ့အရာကနေပြီးတော့ တစ်ခါတလေကျရင် ထိတွေ့မှုတွေဖြစ်လာတဲ့အခါ လက်တွေ့အားဖြင့် မြင်မိတာကတော့ ဒီ NCA မှာ အားလုံးအားဖြင့် အကောင်အထည်ဖော်မှုတွေကတော့ ဟန်ချက်ညီညီသွားနေပါပြီ။ သို့သော်လည်း ကြားကာလအစီအစဉ် အခန်း(၆)ကို ပြန်ပြီးတော့မှ အသက်သွင်းဖို့အတွက် အကျယ်တဝင့် လုပ်ဆောင်မယ်ဆိုရင် ပိုပြီးဟန်ချက်ညီသော တခြားသောဖြစ်စဉ်တွေနဲ့ ချိတ်ဆက်၍ရတဲ့ လုပ်ငန်းစဉ်တွေဖြစ်ပေါ်လာမယ်လို့ ယုံကြည်တဲ့အကြောင်းကို အတိုချုံးဆွေးနွေးချင်ပါတယ်။

လောလောဆယ် လက်တွေ့အနေနဲ့ ကျွန်မတာဝန်ယူလုပ်ဆောင်နေတဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အလုပ်အဖွဲ့မှာဆိုရင် ခုနက နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်ပြောသွားတဲ့ ပြည်သူတွေရဲ့အခန်းကဏ္ဍကို မြှင့်တင်ပေးဖို့ လိုမယ်ဆိုတဲ့ဟာကိုလည်းပဲ တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ဒီ JMC မှာဆိုရင် ဘက်သုံးဘက်ပါတဲ့ ဆွေးနွေးဖက်ရှိပါတယ်။ တစ်ဖက်ကတော့ လက်မှတ်ထိုးထားတဲ့ အဖွဲ့ရှစ်ဖွဲ့ရှိပါတယ်။ တစ်ဖွဲ့ကတော့ နိုင်ငံတော်အစိုးရရဲ့ စစ်တပ်ရှိပြီးတော့ နောက်တစ်ဖက်ကတော့ အရပ်သားကိုယ်စားလှယ်ပေါ့။ တစ်ခါတလေကျရင် ကျွန်မအနေနဲ့ စိုးရိမ်မိပါတယ်။ လက်နက်ရှိတဲ့ အဖွဲ့နှစ်ဖွဲ့ရဲ့အလယ်မှာ လက်နက်မရှိတဲ့ အရပ်သားကိုယ်စားလှယ်တွေရဲ့ အနေအထားဟာ ဘယ်လိုဖြစ်မလဲဆိုပြီးတော့ သူတို့ရဲ့နေရာမှာလည်းဝင်ပြီးတော့ ခံစားကြည့်ပါတယ်။ ဒါပေမယ့် အရပ်သားကိုယ်စားလှယ်များရဲ့အခန်းကဏ္ဍနဲ့ သူတို့ရဲ့ပါဝင်မှုဟာ JMC မှာ အဖိုးမဖြတ်နိုင်တဲ့ ကဏ္ဍတစ်ခုဖြစ်သလိုမျိုး ဒီအရပ်သားကိုယ်စားလှယ်တွေဟာလည်း ပြည်သူလူထုရဲ့ ပေါင်းကူးတံတားဖြစ်တယ်၊ ပြည်သူလူထုရဲ့ နေ့စဉ်ကြုံတွေ့နေရတဲ့ အခက်အခဲ၊ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပြဿနာတွေကို စားပွဲပေါ်ကိုတင်ပြီး အရင်တုန်းက နိုင်ငံရေးဓလေ့အသစ်ဖြစ်တဲ့ လက်နက်နဲ့အချင်းချင်း ရှင်းကြတဲ့ဟာမျိုးမဟုတ်ဘဲ စားပွဲပေါ်မှာ တစ်ယောက်နဲ့တစ်ယောက် အချေအတင် အသေးစိတ်ဆွေးနွေးညှိနှိုင်းတဲ့ သဘောထားတွေကို၊ အဲ့ဒီအရာသာတွေကို အရပ်သားကိုယ်စားလှယ်တွေက အများကြီးသယ်ဆောင်လာပေးတဲ့ဟာကို တွေ့ရှိရတဲ့အတွက် ပြည်သူလူထုရဲ့အခန်းကဏ္ဍ မြှင့်တင်ပေးဖို့ဆိုတဲ့ဟာမှာလည်း ဒီ JMC မှာပါဝင်တဲ့ အရပ်သားကိုယ်စားလှယ်များရဲ့အခန်းကဏ္ဍကို မြှင့်တင်ပေးဖို့ လိုမယ်။ ဥပမာအားဖြင့် ဒီအရေအတွက်တွေကို ဘက်သုံးဘက် ညီညီမျှမျှ ၁၀၊ ၁၀၊ ၁၀၊ ၈၊ ၈၊ ၈၊ အစရှိသဖြင့် လုပ်နိုင်မယ်ဆိုလို့ရှိရင် ကောင်းလိမ့်မယ်ဆိုပြီး ကျွန်မအနေနဲ့ တစ်ဦးတည်းအမြင်ကို စဉ်းစားထားတာလေးတွေ ရှိပါမယ်။ အဲ့ဒီအပေါ်မှာလည်းပဲ ကျန်ရှိသေးတဲ့ ဆွေးနွေးဖော် ဆွေးနွေးဖက်တွေနဲ့ တိုက်ရိုက်ကြည့်ရှုနေကြတဲ့ မိဘပြည်သူတွေရဲ့အကြံဉာဏ်တွေကိုလည်း နားထောင်ချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်ပြောတာကို ကျွန်မတို့ အထူးသဘောကျပါတယ်။ အထူးသဖြင့် ခုနကလိုမျိုး အလံတိုင်နဲ့ ပတ်သက်တဲ့ဆိုင်ရာဥပဒေ အစရှိတဲ့ဟာတွေကို အခုလိုမျိုး လက်မှတ်စပြီးတော့ လက်မှတ်ထိုးထားပြီးသား ဒေသတွေမှာ ဒီအသေးစိတ်ဆိုင်ရာ အချက်အလက်တွေကို ကြားကာလအစီအစဉ်တွေရဲ့ NCA ရဲ့အခန်း(၆)ကို ပြန်ပြီးတော့မှ အသက်သွင်းပြီး လုပ်ကိုင်မယ်ဆိုရင်တော့ လွှတ်တော်ထဲအထိ ရောက်လာမယ်၊ အစရှိတဲ့ ဆွေးနွေးမှုတွေ ဖြစ်ပေါ်လာမယ်ဆိုရင်တော့ ဒါဟာပိုပြီးတော့မှ ပြီးပြည့်စုံပါမယ်။

**မူးယစ်ဆေးဝါး ဆန့်ကျင်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ဆောင်ရွက်နေသည့် ရှမ်းတိုင်းရင်းသူ နန်းမိုမိုသီတာ**

တကယ်တော့ ဒီနေ့အခမ်းအနားဟာ နှစ်ပေါင်း(၇၀)အတွင်းမှာ ပင်လုံမြို့မှာပြန်လာပြီးတော့မှ ပင်လုံစာချုပ်လက်မှတ်ထိုးတဲ့ မိသားစုတွေနဲ့ တွေ့တယ်။ တိုင်းရင်းသား ၁၂ ဦးနဲ့ Peace Talk လုပ်တယ်ဆိုတာကလည်း တကယ်တမ်းပြောရရင်တော့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွေထဲက တစ်ခုဖြစ်မယ်လို့ ထင်ပါတယ်။ ဒီအရပ်ဘက်ထဲမှာဖြစ်နေတာက ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဒီ NCA နဲ့ ပင်လုံညီလာခံတွေကြောင့် တော်တော်ကျယ်ကျယ်ပြန့်ပြန့် သိပါတယ်။ ဒါပေမယ့် ဘယ်လိုအပြုအမူတွေက အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက ဆောင်ရွက်ပေးရင်ဖြင့် အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်တဲ့လုပ်ငန်းမျိုးဖြစ်မှာလဲ၊ ဘယ်လိုမျိုး ကျွန်မတို့ဘက်က ပူးပေါင်းပါဝင်လို့ ရသလဲဆိုတာကို အကြံဉာဏ်များ ပေးစေလိုပါတယ်ရှင်။

**တောင်သူလယ်သမားဘဝ ဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် ဗမာတိုင်းရင်းသား ဦးကျော်ထက်**

ကျွန်တော်က လယ်သမားတစ်ယောက်ပါ။ လယ်သမားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့အသင်းကို တည်ထောင်ပြီးတော့ လယ်သမားဘဝတွေ ဘာတွေဖြစ်နေလို့ ဒီလောက်နိမ့်ကျနေတာလဲဆိုတာ အတိုချုပ်ပေါ့နော်။ လယ်သမားတွေ ကိုယ့်ဒေသ၊ ကိုယ့်ရေမြေ၊ ကိုယ့်ဟာကိုယ် အဲဒါတွေအကုန်လုံးဟာ ဘာတွေနဲ့ခြယ်လှယ်ခံရလဲ၊ ဘာကြောင့် အသုံးချခံရလဲ၊ ဘာကြောင့် တရားမမျှတတဲ့ ဥပဒေတွေက ကျွန်တော်တို့တစ်တွေကို အတင်းဖိစီးထားတယ်၊ အတင်းထိန်းချုပ်ထားတယ်ဆိုတော့ ကျွန်တော်တို့ဘဝတွေလည်း မငြိမ်းချမ်းဘူး၊ ဘယ်လိုမှ ငြိမ်းချမ်းအောင်လုပ်လို့မရဘူး။ အဲ့ဒီတော့ ဒီပင်လုံညီလာခံကြီးကနေပြီးတော့ ဘုံသဘောတူညီချက်လို့ ကျွန်တော်ကတော့ နားလည်တဲ့ ဥပဒေ၊ မျှတတဲ့ဥပဒေဆိုတာမျိုးကြီး ပေါ်ပေါက်လာမယ်ဆိုရင်တော့ စောစောက လယ်သမားဘဝတွေလည်း ဖွံ့ဖြိုးမယ်၊ ပြည်သူတွေလည်း ဖွံ့ဖြိုးမယ်၊ တိုင်းရင်းသားတွေလည်း ဖွံ့ဖြိုးမယ်၊ နိုင်ငံတော်ကြီးလည်း တည်ငြိမ်မယ်၊ အေးချမ်းမယ်၊ လုံခြုံရမယ်၊ စိတ်ချရမယ်ဆိုတဲ့ ဘောင်တစ်ခုကိုတော့ ရမယ်လို့ မျှော်လည်းမျှော်လင့်တယ်။ ဖြစ်လည်းဖြစ်မှာလို့ ယုံကြည်ပါတယ်။ ဒါပေမယ့် ခက်နေတာက ငြိမ်းချမ်းတဲ့၊ တရားမျှတတဲ့ ဥပဒေကြီးပေါ်ပေါက်လာဖို့ ဒီနေ့ ပင်လုံညီလာခံကျင်းပတဲ့နေရာကို အခု NCA လက်မှတ်ရေးထိုးတဲ့သူတွေ၊ ကျွန်တော်တို့ထက် တတ်သိနားလည်တဲ့သူတွေ ဒီနေ့ ဥပဒေကို မကျေနပ်လို့ပဲဖြစ်ဖြစ်၊ အကြောင်းအရာကို မခံချင်လို့ပဲဖြစ်ဖြစ် ပုဂ္ဂိုလ်တွေ ဒီညီလာခံကို ဝင်ရောက်ပါဝင်ပြီးတော့ မျှတတဲ့၊ ညီညွတ်မယ့်၊ တန်းတူဖြစ်မယ့် အခွင့်အရေးတွေ၊ ဥပဒေတွေကို ရေးဆွဲပေးကြပါလို့ တိုက်တွန်းချင်ပါတယ်။ တောင်းလည်း တောင်းပန်ပါတယ်။ လယ်သမားဘဝမှာဆိုရင်လည်း မြေတွေသိမ်းသွားပြန်ပြီ၊ တော်ကြာ ကျွန်တော်တို့ဒေသတွေမှာရှိနေတဲ့ သယံဇာတတွေကို အလကားနီးနီးယူသွားတဲ့ ဥပဒေတွေကလည်း ရှိနေတဲ့အခါကျတော့ ဒါတိုင်းရင်းသားတွေမှာ ဒါတွေကိုလည်းမခံချင်ဘူး။ ပြန်လည်ပြုပြင်ဖို့လည်း အလွန်ခက်ပါတယ်။ အဲ့ဒီတော့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ယနေ့ကျင်းပတဲ့ (၂၁) ရာစုပင်လုံညီလာခံကြီးကနေ ထွက်ပေါ်လာမယ့် မျှတတဲ့၊ ညီညွတ်တဲ့ ဥပဒေပေါ်ပေါက်လာဖို့အရေး အခု ကျွန်တော်တို့ထက် တတ်ကျွမ်းတဲ့ပုဂ္ဂိုလ်တွေ ဝိုင်းဝန်းကူညီဖြေရှင်းပေးကြပါလို့ တောင်းဆိုချင်ပါတယ်။

**(သတင်းစဉ် သတင်းအဖွဲ့)**

**မဟာနဲ့ အာဏာကို ခဝါချပြီးတော့ အချင်းချင်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်။ ဒီတိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကိုလည်း ယုံကြည်ကြမယ်။ ပြီးတော့မှ တစ်ဦးကိုတစ်ဦး လေးလေးစားစားနဲ့ သူသာတယ်၊ ကိုယ်နာတယ် မဟုတ်ဘဲနဲ့ တည်ဆောက်ကြမယ်ဆိုရင် အင်မတန်မှလှပပြီး ဒါဟာ တည်တံ့ခိုင်မြဲမယ့် နိုင်ငံတစ်ခုကို ဘယ်လိုပဲဖြစ်ဖြစ် ရအောင်တည်ဆောက်နိုင်မယ်ဆိုတာ မျှော်လင့်လည်း မျှော်လင့်တယ်။ ယုံလည်းယုံကြည်တယ်**

# နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပသည့် မြင်ကွင်းအဖုံဖုံ



ဖေဖော်ဝါရီ ၁၂ ရက်က ပင်လုံမြို့တွင်ကျင်းပသော နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အခမ်းအနားတက်ရောက်လာကြသူများ နိုင်ငံတော်အလံအား အလေးပြုကြစဉ် (သတင်းစဉ်)



နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ကျင်းပရာ တက်ရောက်လာသည့် တိုင်းရင်းသားညီအစ်ကိုများ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)



ဖေဖော်ဝါရီ ၁၂ ရက်က တောင်ကြီးမြို့၌ကျင်းပသော နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသားများ ရှမ်းရိုးရာမီးပုံပွဲ ပျော်ရွှင်စွာ ဆင်နွှဲစဉ် (သတင်းစဉ်)



ဖေဖော်ဝါရီ ၁၂ ရက်က နေပြည်တော်၌ နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကျင်းပစဉ် (သတင်းစဉ်)



နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ပင်လုံမြို့၌ ကျင်းပစဉ် (သတင်းစဉ်)



နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ဖလမ်းမြို့ ရာပြည့်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ် (ခရိုင် ပြန်/ဆက်)

# မွန်အမျိုးသားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**မွန်အမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်စိန်မြမောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**မင်္ဂလာပါခင်ဗျား-**

**ချစ်ခင်လေးစားအပ်ပါသော မွန်တိုင်းရင်းသားများနှင့် မဲဆန္ဒရှင် မိဘပြည်သူ အပေါင်းတို့ခင်ဗျား**

ကျွန်တော်ကတော့ မွန်အမျိုးသားပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်စိန်မြမောင်ဖြစ်ပါတယ်။ လာမယ့် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်နေ့တွင် ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ မွန်အမျိုးသားပါတီအနေနဲ့ ချောင်းဆုံမြို့နယ်ပြည်သူ့လွှတ်တော်နေရာမှာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

**ကျွန်တော်တို့ မွန်အမျိုးသားပါတီရဲ့နိုင်ငံရေးမူဝါဒ သဘောထားတွေကတော့-**

၁။ ပြည်သူတစ်ရပ်လုံး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပြည့်အဝရရှိ ခံစားရန်။

၂။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံသော ခိုင်မာသည့် စည်းလုံးညီညွတ်ရေးတည်ဆောက်ရန်။

၃ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရှိသော ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းတည်တံ့ရန်။

၄။ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ထွန်းပေါ်ပေါက်ရန်။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် နိုင်ငံတကာငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ကူညီပံ့ပိုးဆောင်ရွက်သွားရန်။

၆။ ပြည်သူလူထုအား ဖိစီးနှိပ်စက်သော မည့်သည့် အာဏာရှင်စနစ်မျိုးမဆို မည်သည့်အခါမျှ မပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်။

၇။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ အသီးသီးတို့ကို အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၏ စည်းလုံးညီညွတ်သော ဆန္ဒတူညီမှုအပေါ်အခြေခံလျက် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်တို့ဖြစ်ပါတယ်။

အထက်ပါ နိုင်ငံရေးမူဝါဒသဘောထားများဖော်ဆောင်နိုင်ရန်အတွက် အောက်ပါ နိုင်ငံရေးလုပ်ငန်းစဉ်များကို ချမှတ်ထားပါတယ်။

**နိုင်ငံရေးလုပ်ငန်းစဉ်များကတော့-**

(၁) အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီကျင့်စဉ်များကို ပြည်သူများအပြည့်အဝခံစားကျင့်သုံးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(၂) နိုင်ငံရေးနည်းလမ်းဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဒီမိုကရေစီအင်အားစုများနှင့် အတူတကွ ပူးပေါင်းအဖြေရှာတည်ဆောက်သွားမည်။

(၃) ပါတီစုံဒီမိုကရေစီနည်းဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် တန်းတူရည်တူ အမျိုးသားပြည်နယ်များဖြင့် ဖွဲ့စည်းထားသော ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကို တည်ဆောက်သွားမည်။

(၄) မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒကိုတိုက်ဖျက်ပြီး လူမျိုးစုံသွေးစည်းချစ်ကြည်ရေးကို တည်ဆောက်သွားမည်။

(၅) ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို လျစ်လျူရှုပြီး လူတစ်စု၏အကျိုးစီးပွားကို အကာအကွယ်ပေးသော စနစ်ပေါ်ပေါက်လာခြင်းမရှိစေရန် ဆောင်ရွက်သွားမည်။

(၆) အဂတိလိုက်စားမှုနှင့်အကျင့်ပျက်ခြစားမှုများ ပပျောက်ရန် ဆောင်ရွက်သွားမည်။

(၇) ယုံကြည်ချက်၊ ခံယူချက်၊ သဘောထား တူညီပြီး လုပ်ငန်းစဉ် တူညီသော မည်သည့် ပါတီနှင့်မဆို မဟာမိတ်ဖွဲ့ပြီး ဒီမိုကရေစီရေးတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားမည်။




အထက်ပါ နိုင်ငံရေးမူဝါဒများနှင့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်အတွက် မွန်အမျိုးသားပါတီအနေနဲ့ အောက်ပါကြွေးကြော်သံ (၃) ရပ်ချမှတ်ပြီး ကြားဖြတ်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

(၁) လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပ နိုင်ငံရေးအင်အားစုများ ဟန်ချက်ညီစွာ နိုင်ငံရေးဆောင်ရွက်မှုများ လုပ်ဆောင်ရန်။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲရန်(သို့) ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရန်။

(၃) အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော စစ်မှန်သော မွန်ပြည်နယ်ပေါ်ထွန်းရန်တို့ဖြစ်ပါတယ်။

ဒါကြောင့်မို့

“အမျိုးသားတန်းတူရေးကို ဖော်ဆောင်ဖို့ မွန်အမျိုးသားပါတီကိုမဲပေးစို့”

“၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့ မွန်အမျိုးသားပါတီကို မဲပေးစို့”

“ဟသ်ာအားမာန်မိုးယံဖောက်တက် ကြယ်ဖြူထက်သို့”

ကျေးဇူးတင်ပါတယ်ခင်ဗျား

## နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စီစဉ်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့်ပူးပေါင်း၍ Joy Trading ကုမ္ပဏီနှင့် Bicycle Network Myanmar (BNM) စက်ဘီးကလပ်တို့ ကျင်းပသည့် နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်က ရန်ကုန်မြို့ လှော်ကားဥယျာဉ်၊ လှော်ကားရေလှောင်ကန်ပေါင်၌ ကျင်းပခဲ့သည်။

အဆိုပါ Mountain Bike ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲတွင် ကီလိုမီတာ ၂၀ အမျိုးသမီး အလွတ်တန်း၊ ကီလိုမီတာ ၂၀ အမျိုးသား အသက် ၂၀ အောက်၊ ကီလိုမီတာ ၄၀ အမျိုးသား အသက် ၂၀-၄၀ တန်း၊ ကီလိုမီတာ ၄၀ အမျိုးသား ၄၀-၄၅ တန်း၊ ကီလိုမီတာ ၂၀ အမျိုးသား ၅၅ အထက်ပြိုင်ပွဲများကျင်းပခဲ့ရာ ပထမမှ ဒသမအထိ ကီလိုတန်းများအလိုက် ပထမမှ ဒသမအထိ ဆုရရှိကြသူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတန်းအတွင်းဝန် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဂျွန်ဆင်း၊ ဦးကိုကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

## ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

**သဲကုန်း ဖေဖော်ဝါရီ ၁၃**

နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်က သဲကုန်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများတက်ရောက်ခဲ့ပြီး ပြည်ထောင်စုနေ့ နံရံကပ်စာစောင်များ၊ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးနေ့ ကြိုးပမ်းမှုမှတ်တမ်းဓာတ်ပုံများနှင့် စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းတိုးတို့က အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးရေးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းက လူမှုအခြေပြုစာကြည့်တိုက် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## စာနယ်ဇင်းဝန်ထမ်းများအား မီးဘေးအန္တရာယ် အသိပညာပေးနှင့် မီးသတ်သရုပ်ပြ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ပြည်သူများ မီးဘေးအန္တရာယ် အသိပညာပေး မီးသတ်သရုပ်ပြအခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြန်မာ့အလင်းသတင်းစာတိုက်၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ စာတည်းမှူးချုပ် ဦးမြင့်ဝေ (လင်း/ပုံ)၊ ရုံးချုပ်မှမန်နေဂျာ ဦးသက်ပိုင်ထူး (ထုတ်/လုပ်)၊ ကြေးမုံသတင်းစာတိုက် မန်နေဂျာဦးရွှေကို၊ မြန်မာ့အလင်းသတင်းစာတိုက် မန်နေဂျာ ဦးဇော်မင်းနှင့် ဝန်ထမ်းများ တက်ရောက်၍ မီးဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ် သရုပ်ပြသမှုတို့ကို ကြည့်ရှုသည်။

ယနေ့ပြုလုပ်သော မီးဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် မီးသတ်သရုပ်ပြအခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးဌေးဝင်း (အနောက်ပိုင်းခရိုင်မီးသတ်ဦးစီးမှူး)က မီးဘေးအန္တရာယ် အသိပညာပေးဟောပြောပြီး တက်ရောက်လာသော စာနယ်ဇင်းဝန်ထမ်းများအား ကိုယ်တိုင်ပါဝင်လုပ်ဆောင်နိုင်ရန် သင်ကြားပြသပေးခဲ့သည်။

**သတင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**



စာနယ်ဇင်းမှ ဝန်ထမ်းတစ်ဦး မီးသတ်သရုပ်ပြသစဉ်

## ဟန်လင်းမြို့ဟောင်းသို့ ပြည်ပဧည့်သည်ဝင်ရောက်မှု တစ်လလျှင် ၃၀ ကျော် ပုံမှန်ဝင်ထွက်လာရောက်

**ရွှေဘို ဖေဖော်ဝါရီ ၁၃**

ရွှေဘိုမြို့ အရှေ့တောင်ဘက် ၁၀ မိုင် ငါးဖာလုံ ဝက်လက်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်အကွာတွင်တည်ရှိသည့် ဟန်လင်းမြို့ဟောင်းသို့ ပြည်ပဧည့်သည်ဝင်ရောက်မှုသည် တစ်လလျှင် ၃၀ ကျော် ပုံမှန်ဝင်ထွက် သွားလာလေ့လာလျက်ရှိကြောင်း ဟန်လင်းရှေးဟောင်းသုတေသနပြတိုက်ဦးစီးအရာရှိ ဒေါ်ချယ်ရီသင်းထံမှ သိရသည်။

“တစ်လကို ပြည်ပဧည့်သည် ၃၀ ကျော် ဟန်လင်းကို ဝင်ထွက်သွားလာလေ့လာလျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ က ပြည်ပဧည့်သည် ၂၇၆ ဦး၊ ၂၀၁၅-၂၀၁၆မှာ ပြည်ပဧည့်သည် ၃၀၁ ဦးနဲ့ အခု ၂၀၁၆-၁၇ အောက်တိုဘာလအထိ ၁၀၀ ကျော်ရှိပါတယ်။ ဥရောပ၊ ဂျာမနီ၊ ပြင်သစ်၊ အမေရိကန်၊ ဆွစ်ဇာလန်၊ ကနေဒါ၊ ဩစတြေးလျား၊ နယ်သာလန်၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ အင်္ဂလန်လူမျိုးတွေလာရောက်ကြပါတယ်” ဟု ၎င်းက ဆက်လက်ပြောပြသည်။

ဟန်လင်းဒေသသို့ ပြည်ပဧည့်သည်အများစုသည် တူးဖော်သုတေသနပြုလုပ်ထားသည့် ရှေးဟောင်းနေရာဒေသများသို့ လာရောက်လေ့လာလေ့ရှိသလို ဟန်လင်းဒေသ၏ ဆားချက်လုပ်ငန်းနှင့်ရေပူများ ထွက်ရာတွင်းများနှင့် ဒေသထွက်ကုန်လုပ်ငန်းများသို့ သွားရောက်လေ့လာလေ့ရှိကြပြီး အချက်အလက်ခိုင်မာရန်ကို ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ ဟန်လင်းဌာနစုတွင် ဦးတည်တောင်းယူလေ့လာလေ့ရှိကြောင်း သိရသည်။

ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ တစ်စုတစ်ဝေးတည်းရှိရာ ဟန်လင်းရှေးဟောင်းသုတေသနပြတိုက်သို့ဦးတည်လာရောက်လေ့လာကြသလို ဒေသတွင်းရှိ ရှေးဟောင်းနေရာအဖြစ် သတ်မှတ်ပြသထားသောကုန်းများကို အမှတ်ဖြင့် လာရောက်လေ့လာလေ့ရှိကြောင်း သိရသည်။ ဟန်လင်းစံပြကျေးရွာသည် မန္တလေး-ရွှေဘိုကားလမ်းပေါ်ရှိ စိုင်နိုင်ကွေ့မှ အရှေ့ဘက် ၁၁ မိုင် လေးဖာလုံတွင် တည်ရှိပြီး ရွှေဘို-ကျောက်မြောင်း ကားလမ်းပေါ်ရှိ အုန်းပေါက်ကျေးရွာမှတောင်ဘက်သို့ ကိုးမိုင် တစ်ဖာလုံတွင်တည်ရှိပြီး စစ်ကိုင်း-ကျောက်မြောင်း ခရိုင်ချင်းဆက်ကားလမ်း ပေါ်ရှိ ချောင်းမီးတိုရွာမှ အနောက်ဘက်သို့ ငါးမိုင်အကွာတွင်တည်ရှိကာ ဝက်လက်မြို့မှ မြောက်ဘက် ခြောက်မိုင်အကွာသို့ မြေသားလမ်းအတိုင်း သွားလာနိုင်ကြောင်း သိရသည်။

ဟန်လင်းဒေသသို့ ပြည်ပဧည့်သည်များအပြင် ပြည်တွင်းဧည့်သည်များပါ အဆက်မပြတ်လာရောက်လေ့လာလည်ပတ်လျက်ရှိရာ ယခု ၂၀၁၆-၂၀၁၇ခုနှစ် အောက်တိုဘာလအထိ ပြည်တွင်းဧည့်သည် ၃၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ သလို ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ခုနှစ်က ၃၀၁၀၉ ဦး ၂၀၁၅-၂၀၁၆ ခုတွင် ၄၀၈၁၂ ဦး ရှိခဲ့ကြောင်း သိရသည်။ **မျိုးဝင်းထွန်း( မုံရွာ)**

# ရေကာတာကျိုးပေါက်မည့်အန္တရာယ်ကြောင့် ဘေးလွတ်ရာသို့ ရှောင်တိမ်းကြရန် သတိပေးထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၃**

အမေရိကန်ပြည်ထောင်စု အတွင်းရှိ အရှည်ဆုံးရေကာတာသည် စတင်ကျိုးပေါက်လာသည့် အန္တရာယ်ကြောင့် ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ထွက်ပြေးကြရန် သတိပေးဆော်ဩမှု ပြုလုပ်ခဲ့ပြီးသည့်နောက် တနင်္လာနေ့ အစောပိုင်းက ရေကာတာအောက် အနိမ့်ပိုင်း၌ နေထိုင်ကြသည့်ပြည်သူ နှစ်သိန်းနီးပါးထံသို့ ကယ်ဆယ်ရွှေ့ပြောင်းမှုအကူအညီများ ပေးအပ်ရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



ကယ်လီဖိုးနီးယားမြောက်ပိုင်းရှိ အော်ရိုဗီလီရေကာတာ၏ အရေးပေါ်ရေထွက်ပေါက်သည် စတင်ပြိုပျက်လာနေသည့်အတွက် ရေလမ်းကြောင်းလွှဲရန် လိုအပ်လာနေသည်ဖြစ်ရာ Feather မြစ်တစ်လျှောက်တွင် နေထိုင်ကြသည့် ကျေးလက်လူနေမှုအဖွဲ့အစည်းများ နေထိုင်ရာဘက်သို့ ရေများကို ထုတ်လွှတ်မည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့ပြီး ကယ်ဆယ်ရွှေ့ပြောင်းမှုများပြုလုပ်ရန် အမိန့်ကို တနင်္ဂနွေနေ့တွင် ထုတ်ပြန်ခဲ့သည်။

အော်ရိုဗီလီ အနိမ့်ပိုင်းမှသည် ဆည်ရေကျရောက်သည့် ဒေသများအထိ ကယ်ဆယ်ရွှေ့ပြောင်းမှုများ ဆောင်ရွက်ရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း ဘတ်တီခရိုင်အကြီးအကဲက လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကယ်လီဖိုးနီးယား ရေအရင်းအမြစ်ဌာနက ရေကာတာနံဘေးရှိ ရေထွက်လမ်းကြောင်းမှာ နာရီအနည်းငယ်အတွင်း ကျိုးပျက်သွားနိုင်ဖွယ်ရှိကြောင်း တွစ်တာပေါ်၌ ဖော်ပြခဲ့သည်။

**(ရိုက်တာ)**

# နိုင်ငံခြားရေးဝန်ကြီးဟောင်း စတိန်းမီးယားအား ဂျာမနီသမ္မတအဖြစ် ရွေးချယ်တင်မြှောက်




**ဘာလင် ဖေဖော်ဝါရီ ၁၃**

ဂျာမနီနိုင်ငံ သမ္မတရွေးကောက်ပွဲအဖွဲ့က နိုင်ငံခြားရေးဝန်ကြီးဟောင်း ဖရန့်ခ်ဝေါလ်တာစတိန်းမီးယားအား ဂျာမနီသမ္မတသစ်အဖြစ် ယမန်နေ့ကရွေးချယ်တင်မြှောက်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

စတိန်းမီးယားသည် တစ်သီးပုဂ္ဂလများနှင့် အခြားပါတီများမှ ဝင်ရောက်ယှဉ်ပြိုင်သူများကို ကျော်လွန်ကာ ဆန္ဒမဲ ၁၂၃၉ မဲတွင် ၉၃၁ မဲဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

စတိန်းမီးယားအား ဂျာမနီနိုင်ငံတွင် ဩဇာရှိသော ဆိုရှယ်လစ်ဒီမိုကရက်တစ်ပါတီကဲ့သို့သော ပါတီကြီးများက ကျောထောက်နောက်ခံပြုလုပ်ပေးခဲ့ကတည်းက ၎င်းသည် ထင်ရှားသည့် အနိုင်ရရှိသူဖြစ်လာမည်ဖြစ်ကြောင်း ဂျာမနီပြည်တွင်း သတင်းဌာနများက ကြိုတင်ခန့်မှန်းခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းကလည်း အန်ဂျလာမာကယ်နှင့် ဟော့လိုရမ်စီဟိုဖာတို့သည် ဗဟိုလက်ဝဲယိမ်းနှင့် ဗဟိုလက်ယာယိမ်းနိုင်ငံရေးသမဂ္ဂများကို ကိုယ်စားပြု၍ စတိန်းမီးယားအား ထောက်ခံကြရန် တိုက်တွန်းခဲ့ကြပြီး ၎င်းသည် ဂျာမနီကို ကိုယ်စားပြုနိုင်မည့် အသင့်လျော်ဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

စတိန်းမီးယားသည် ဂျာမနီနိုင်ငံ၏ အထင်ရှားဆုံးနိုင်ငံရေးသမားများအနက် တစ်ဦးအပါအဝင်ဖြစ်ပြီး ဂျာမနီနိုင်ငံခြားရေးဝန်ကြီးအဖြစ် ၂၀၀၅ခုနှစ်မှ ၂၀၀၉ အထိ တစ်ကြိမ်၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့ကာ ယူကရိန်းအရေးကိစ္စတွင် ၎င်း၏ အားထုတ်ကြိုးစားမှုများနှင့် ပတ်သက်၍ လူသိများထင်ရှားလာကြောင်း သိရသည်။ ထို့အပြင် ၎င်းသည် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ဒုဝန်ကြီးချုပ်အဖြစ် တစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ စတိန်းမီးယားသည် မတ်လ ၁၈ ရက်တွင် သမ္မတတာဝန်များ တရားဝင်လွှဲပြောင်းရယူမည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ရုရှားနိုင်ငံတွင် ရဟတ်ယာဉ်တစ်စင်းပျက်ကျ၊ လိုက်ပါသူများ ပျောက်ဆုံး

**မော်စကို ဖေဖော်ဝါရီ ၁၃**

ရုရှားနိုင်ငံ အယ်လ်တိုင်ပြည်နယ်ရှိ တယ်လက်စကိုရီ ရေအိုင်ပေါ်၌ ယမန်နေ့က ရုရှားအရပ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ကာ လိုက်ပါလာသူများ ပျောက်ဆုံးလျက်ရှိကြောင်း အာရ်အိုင်အေနိုဗိုစတီသတင်းဌာနက ဖော်ပြခဲ့သည်။

ပျက်ကျခဲ့သည့် ရဟတ်ယာဉ်မှာ ဒလက်နှစ်ခုပါ ရိုဘင်ဆင်အာရ် ၆၆ အမျိုးအစားဘက်စုံသုံးအပေါ့စား ရဟတ်ယာဉ်ဖြစ်ကြောင်းသိရပြီး လူငါးဦးလိုက်ပါလာကြောင်း သိရသည်။

လေယာဉ်မှူး၏ ချို့ယွင်းချက် သို့မဟုတ် ရေအိုင်ပေါ်၌ လေပြင်းများတိုက်ခတ်မှုကြောင့် ဖြစ်နိုင်ကြောင်း အာရ်အိုင်အေနိုဗိုစတီသတင်းဌာနက ဖော်ပြသည်။ တယ်လက်စကိုရီ ရေအိုင်သည် ရုရှားနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားများ အများဆုံးလာရောက်ရာ နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ရာသီဥတုဆိုးရွားမှုကြောင့် ဖေဖော်ဝါရီ ၁၃ ရက် အရုဏ်တက် အချိန်မတိုင်ခင်အထိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျသည့် ဖြစ်ရပ်အားစုံစမ်းစစ်ဆေးရန်အတွက် သက်ဆိုင်ရာ အာဏာပိုင်များက ဆောင်ရွက်လျက်ရှိသည်။ **(ဆင်ဟွာ)**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်အတွင်း တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၂)မုံရွာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် တာဝန်ယူတည်ဆောက်မည့် တံတားများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | မှတ်ချက် |
|---|---|---|---|
| (က) | ဘိလပ်မြေ | တန် | ချင်းတွင်းတံတား(ဟုမ္မလင်း)နှင့် နမ့်ပငတံတား |
| (ခ) | သံချောင်းရှယ်စုံ | တန် | ချင်းတွင်းတံတား(ဟုမ္မလင်း) |

၂။ ဝယ်ယူလိုသည့် ပစ္စည်းများ၏ အရည်အသွေး အသေးစိတ်သတ်မှတ်ချက်စာရင်း Specification အရေအတွက်နှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တံတား အထူးအဖွဲ့(၂)၊ မုံရွာမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၇-၂-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၁-၂-၂၀၁၇ ရက် ညနေ ၄နာရီ
(ခ) **တင်ဒါဖွင့်မည့်ရက်** - ၂၃-၂-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတိတိ
(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ချင်းတွင်းတံတား(ဟုမ္မလင်း) ရှင်းလင်းခန်းမဆောင် တံတားဦးစီးဌာန၊ ဟုမ္မလင်းမြို့
(ဃ) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၂)၊ မုံရွာမြို့၊ ဖုန်း-၀၉-၅၄၀၇၃၇၁၊ ၀၉-၄၀၀၅၁၄၇၀၀)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၂)၊ မုံရွာမြို့**

## ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံးနှင့် မြို့နယ်သမဝါယမဦးစီးဌာနရုံးများတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေး၊ လစာနှုန်းကျပ်(၁၅၀၀၀၀-၂၀၀၀-၁၆၅၀၀၀)ရာထူး (၇၃)နေရာခန့်အပ်ရန် အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသူများ ၂၀-၂-၂၀၁၇ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရပါမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) ၃၁-၁-၂၀၁၇ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်စေရ၊ ဌာနတွင်း ဖြေဆိုသူ များအား (၃၅)နှစ်ထက်မကြီးစေရ။
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရပါမည်။
(င) ရန်ကုန်တိုင်းဒေသကြီးအတွင်း မည်သည့်ဒေသမဆိုသွားရောက် တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရပါမည်။

၂။ သတ်မှတ်ရက်ထက်နောက်ကျ၍ လျှောက်ထားသူများ၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသူများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ ဖုန်း-၀၁-၂၃၀၁၅၁၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## သစ်တောဦးစီးဌာန၊ မြောင်းမြခရိုင်၊ ဘိုကလေးမြို့နယ်ရှိ ပုံစံ(၈)ဝင် မျော(၆၁)လုံး၊ ထင်း ၂၀ဒသမ၃၇၅၆တန်နှင့် ဖျာပုံမြို့နယ်ရှိ ကျွန်းလေ့သုံးစင်း သုည ဒသမ ၈၄၄တန်အား ရောင်းချရန် လေလံကြော်ငြာခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ မြောင်းမြခရိုင်၊ ဘိုကလေးမြို့နယ်မှ ပုံစံ(၈)ဝင် မျော(၆၁)လုံးနှင့် ထင်း ၂၀ဒသမ၃၇၅၆တန်အားဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ဘိုကလေးမြို့၌ ၂၂-၂-၂၀၁၇ရက် နံနက် ၁၀နာရီတွင်လည်းကောင်း၊ ဖျာပုံမြို့နယ်ရှိ ပုံစံ(၈)ဝင် ကျွန်းလေ့သုံးစင်း သုည ဒသမ ၈၄၄တန်အား ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ဖျာပုံမြို့၌ ၂၂-၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင်လည်းကောင်း လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ အထက်ပါပုံစံ(၈)ဝင်မျော (၆၁)လုံး၊ ထင်း ၂၀ ဒသမ ၃၇၅၆တန်နှင့် ဖျာပုံမြို့နယ်ရှိ ကျွန်းလေ့သုံးစင်း ဝဒသမ၈၄၄တန်အား တိုင်းကျော်သယ်ယူခွင့်မပြုပါ။

၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ဘိုကလေးမြို့နယ်၊ ဦးစီးအရာရှိရုံးနှင့်ဖျာပုံမြို့နယ်၊ ဦးစီးအရာရှိရုံးတို့၌ ကြော်ငြာပါသည့်ရက်မှစ၍ ၂၁-၂-၂၀၁၇ ရက်အထိ နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၄၅-၄၅၅၆၆၊ ၀၉-၉၇၃၉၄၅၁၄၂၊ ၀၉-၄၂၂၄၇၈၇၆၆၊ ၀၄၅-၄၀၆၆၈၊ ၀၉-၄၄၁၅၆၃၂၇၉၊ ၀၉-၃၆၀၇၇၂၉၃၊ ၀၉-၉၇၂၁၁၁၇၈၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီအဖွဲ့**

## အမည်ပြောင်း

မြောင်းမြမြို့နယ်၊ သီလ္လာဂါတ်စုကျေးရွာ အလက သတ္တမတန်းမှ (မန်းသောင်းဒန်)၏သား မောင်မင်းဦးအား မောင်ကျော်ဇင်ဟု ပြောင်းလဲခေါ်ပါရန်။

## အမြန်ရောင်းမည်

ပါရမီလမ်းမပေါ်
ပေ ၃၀×ပေ ၆၀
မြေကွက်လွတ်
ဖုန်း-၀၉-၅၁၀ ၂၃၄၉၊
၀၉-၅၀၆၇၇၀၀

## အမည်ပြောင်း

ဦးကျော်ဇင်အောင်စိုး ၇/မလန(နိုင်)၀၇၄၉၅၂၏သား ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့၊ အထက (မင်းလှ)၊ ပထမတန်းမှ မောင်ရှိုင်းထက်ဇင်အား မောင်ရှိုင်းဘုန်းပြည့်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

ဦးမြင့်အေး၏သမီး မြောင်းမြမြို့နယ်၊ ရွာသာကြီးကျေးရွာအုပ်စု၊ အလက (၄အိုင်)ကျောင်း၊ ဒုတိယတန်းမှ မယွန်းထက်ထက်မြင့်အား မယွန်းထက်ထက်ချိုဟု ပြောင်းလဲခေါ်ပါရန်။

**မယွန်းထက်ထက်ချို**

## အမည်ပြောင်း

ဦးစိုးနိုင်၏သား မောင်ငြိမ်းချမ်းမောင်အား ယနေ့မှစ၍ မောင်သက်ထူးဇော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သက်ထူးဇော်**

## အမည်ပြောင်း

မြင်းခြံမြို့၊ အထက (၄)၊ ဆဋ္ဌမတန်း(D) မှ မအိမ့်ခြူစံအား မအိမ့်သီရိဟု ပြောင်းလဲခေါ်ပါရန်။ **မအိမ့်သီရိ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/8400 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/ ၁၁၅၅၈ Honda Dream -125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင် ၁၄/ပသန(နိုင်)၀၁၅၄၀၀က (ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါ က ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၈) ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၂၉၊ ပထမထပ်(ဝဲ)၊ အကျယ်အဝန်း (၁၂ ½ ပေ× ၅၅ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ထိုတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေစုပ်စက်အပါအဝင် ဆက်စပ်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်သော ဦးဇော်ဝင်း ၁၂/ဗတထ(နိုင်)၀၀၇၆၁၂နှင့် ဒေါ်တင်မီသွင် ၁၂/ရကန(နိုင်)၀၅၅၀၀၅တို့ထံမှ ကျွန်ုပ်မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်ပြည့်မြောက်သောနေ့ကို နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**(ဒေါ်မိုးမိုးအေး)တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၅၂)** **(ဒေါ်စုလှိုင်ထွေး) အထက်တန်းရှေ့နေ(စဉ်-၂၈၃၈၂)**
**အမှတ် ၅၆၃၊ အခန်းအမှတ်(၂၀၃)၊ MAC Tower ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၀၄၂၃၁၊ ၀၉-၄၂၁၀၂၉၇၁၀**

# နတ်မြစ်အတွင်း ငွေကျပ် သိန်း ၁၉၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နတ်မြစ်အတွင်း လက်ခတ်လှေတစ်စင်းပေါ်မှ ငွေကျပ် သိန်း ၁၉၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများအား ဖေဖော်ဝါရီ ၁၂ ရက် ည ၁၀ နာရီခွဲခန့်က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် နတ်မြစ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်တာဝန်ထမ်းဆောင်စဉ် တစ်ဖက်နိုင်ငံသို့ လှော်ခတ်နေသော မသင်္ကာဖွယ် လက်ခတ်လှေတစ်စင်းကို တွေ့ရှိ၍ မီးအချက်ပြခေါ်ယူရာ လာရောက်ခြင်းမရှိသောကြောင့် လိုက်လံဖမ်းဆီးရာ လှေပေါ်ပါသူများသည် ကမ်းတွင် လှေထိုးပြီး ထွက်ပြေးသွားသဖြင့် အလျားပေ ၂၀၊ အနံ ခုနစ်ပေရှိ လှေတစ်စင်းနှင့် လှေအတွင်းမှ ဆာလာအိတ်ဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို သိမ်းဆည်းရမိသည်။

သိမ်းဆည်းရမိသည့်အထုပ်အား ဖွင့်ဖောက်စစ်ဆေးရာ ကာလတန်ဖိုး ငွေကျပ်သိန်း ၁၉၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀ ကို စစ်ဆေးတွေ့ရှိရသည်။ သိမ်းဆည်းရမိသည့် လှေနှင့် မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ စနစ်တကျလွှဲပြောင်း အပ်နှံပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ရာဇဌာနီလမ်းပေါ်ရှိ နှင်းဆီပိုင်းအုတ်ခုံပေါ်သို့ ယာဉ်တစ်စီး အရှိန်လွန်တိုက်မိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပျဉ်းမနားမြို့နယ် ကံဦးအုပ်စု သပြေလှကျေးရွာ ရေခဲစက်ဝင်းနေ ယာဉ်မောင်း ကျော်စွာလင်း(၃၃ နှစ်) မောင်းနှင်လာသော 2E/---- ယာဉ်သည် ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်၍ ပျဉ်းမနားမြို့နယ် ရာဇဌာနီလမ်းပေါ်ရှိ နှင်းဆီပိုင်းအုတ်ခုံပေါ်သို့ ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၃ နာရီခွဲခန့်က ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရှိရသည်။ အဆိုပါဖြစ်စဉ်တွင် ယာဉ်မောင်းကျော်စွာလင်းမှာ ထိခိုက်မှုတစ်စုံတစ်ရာ မရှိခဲ့ သော်လည်း ၎င်းနှင့်အတူ ယာဉ်ပေါ်ပါလာသူ ကိုဇော်(၂၈ နှစ်)မှာ ဦးခေါင်းအနည်းငယ် ပေါက်ပြဲဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

**ရဲရဲ(ပျဉ်းမနား)**

# ကိုးတန်ကောက်ရဲကင်းစခန်းအား ဝင်ရောက်အကြမ်းဖက်တိုက်ခိုက်သူတစ်ဦးကို စစ်တွေခရိုင်တရားရုံးက သေဒဏ်ချမှတ်

**စစ်တွေ ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကိုးတန်ကောက် နယ်ခြားစောင့်ရဲစခန်းအား ဝင်ရောက်အကြမ်းဖက်တိုက်ခိုက်သူတစ်ဦးကို ဖေဖော်ဝါရီ ၁၀ ရက်က စစ်တွေခရိုင်တရားရုံးက သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ကိုးတန်ကောက် နယ်ခြားစောင့် ရဲစခန်းအား အင်အား ၂၀ ခန့်ရှိ အကြမ်းဖက်သမားများက ဝင်ရောက်စီးနင်းတိုက်ခိုက်သဖြင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိစေခဲ့သည့်ဖြစ်စဉ်တွင် ပါရှိသော ဖမ်းဆီးရမိ တရားခံ အူရှူးမား (ခ) မာမတ်နူရ် (ခ) အူလာနှင့် ဇော်ရှီးအာမောက်တို့ပါ အကြမ်းဖက်သမားများအား စစ်တွေခရိုင်တရားရုံးက စစ်ဆေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၀ ရက်က တရားခံ မာမတ်နူရ်(ခ)အူလာ(ခ)အူရှူးမားအား ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁)(ဂ) အရ သေဒဏ်ကျခံစေရန်၊ ထို့အပြင် ရာဇသတ်ကြီးပုဒ်မ-၃၂၆ အရ အလုပ်နှင့် ထောင်ဒဏ်ငါးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# တရားမဝင် ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

**မိုးညှင်း ဖေဖော်ဝါရီ ၁၃**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ ဖေဖော်ဝါရီ ၁၃ရက်က ဖားကန့်မှ နေပြည်တော်သို့ ပို့ဆောင်မည့် အခွန်ပေးဆောင်ပြီး ကျောက်စိမ်းအရိုင်းတုံးများ တင်ဆောင်လာသည့် ယာဉ်တန်းများတွင် တရားမဝင်တင်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံးများပါရှိလာကြောင်း သတင်းအရ စုပေါင်းအဖွဲ့မှ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၆ နာရီက မိုးညှင်းနယ်မြေရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ်ညွှန့်လှိုင်သည် တာဝန်မှူးဆောင်ရွက်နေစဉ် ဖားကန့်မြို့နယ် လုံးခင်းမှ နေပြည်တော်သို့ ရတနာကြယ်စင်ကုမ္ပဏီမှ ရတနာခွန်ပေးဆောင်ပြီး ကျောက်စိမ်းအရိုင်းတုံးများအပြင် တရားမဝင်ကျောက်စိမ်းတုံးများ တင်ဆောင်လာသည်ဟု သတင်းရရှိ၍ ယာဉ်များကို မိုးညှင်းအမှတ်(၉၀၄)အမြောက်စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် တပ်နယ်တွင်ထိန်းသိမ်းထားကြောင်း အကြောင်းကြားလာ၍ ဒုအရာခံ ဗိုလ်ကျော်ဝင်း စရဖ(မိုးညှင်း)ဒုရဲမှူး အောင်နိုင်ဦးနှင့် ပူးပေါင်းအဖွဲ့တို့သည် ဖွင့်ဖောက်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံးများကို တွေ့ရှိသိမ်းဆည်းခဲ့သည်။

အဆိုပါယာဉ်များကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက စစ်ဆေးရာ ယင်းယာဉ်များ၏ လမ်းကြောင်းတာဝန်ခံ ဦးမျိုးမြင့်၊ စန်းဝင်းမောင်၊ သယ်ယူရေးတာဝန်ခံ ဦးဝေလင်းနှင့် ခုနစ်ဦးတို့ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်၍ အရေးယူပေးရန် ရဲအုပ် ညွှန့်လှိုင်က တိုင်းတန်းခဲ့ကြောင်းသိရသဖြင့် မိုးညှင်းရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝ၆၇)

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်၌ နှစ်ထပ်အိမ်နှစ်လုံး မီးလောင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် အပိုင်း(၂)၄ လမ်းရှိ အမှတ်(၅၄၆) နှင့် (၅၄၅) နှစ်ထပ်အုတ်ညှပ်တိုက်အိမ်နှစ်လုံး ယနေ့နံနက် ၁၁ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အိမ်ရှင် ဦးခင်မောင်မြင့် အမှတ် (၅၄၆) နှစ်ထပ်အုတ်ညှပ်အပေါ်ထပ်ရှိ SAFE GAURD အုံ့ အပူရှိန်လွန်ကဲရာမှ မီးကူးစက်လောင်ခဲ့ရာ ဘေးချင်းကပ်လျက် အိမ်ရှင် ဦးဝင်းတင် အမှတ် (၅၄၅) ၏ နှစ်ထပ်အိမ်အပေါ်ထပ်သို့ ထပ်မံကူးစက် လောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မီးသတ်ဦးစီးဌာနချုပ်မှ ညွှန်ကြားရေးမှူးပါဝင်သော သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ် ၂၃ စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီးနှင့် ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ရာ အခြားကပ်လျက်နေအိမ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်း မရှိကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ အိမ်ရှင် ဦးခင်မောင်မြင့်အား သင်္ဃန်းကျွန်းမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**တင်ကြည်(သင်္ဃန်းကျွန်း)**




**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပေါက်ခေါင်းမြို့၊ အမှတ် ၃ရပ်ကွက်နေ ဦးမြအောင်၏သမီး ဒေါ်ဆွေဆွေဝင်း ၇/ပခတ(နိုင်)၀၁၇၇၃၉နှင့် ဒေါ်ညွန့်သိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ဆွေဆွေဝင်း(ခ)ဒေါ်ညွန့်သိန်း**

**အမည်မှန်**

ဦးသက်နိုင်စိုး၏ သမီးဖြစ်သော မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံတက္ကသိုလ် ပထမနှစ် (ဒဿနိကဗေဒ)မှ မနှင်းနော်ရည်အောင်၏ အမည်မှန်မှာ မယွန်းမီမီအောင် ဖြစ်ပါကြောင်း။

**မယွန်းမီမီအောင်**

**ပျောက်ဆုံးကြောင်း**

လယ်ဝေးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အိမ်အမှတ်(၂/၂၈၆)နေ ဦးစိုးဝင်း (ဘ) ဦးဘကြည် ၉/လဝန(နိုင်)၁၅၄၃၁၆၏ Passport (No.မမှတ်မိ) စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၇၄၉၂၁၁၁၂**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်မင်းထွန်းလင်း CDC/55424 ၏ ပြည်တွင်းရေကြောင်းဦးစီးဌာနမှ ထုတ်ပေးထားသော သင်္ဘောသားမှတ်ပုံတင်လက်မှတ်(SID)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၀၉-၄၂၀၂၃၆၀၃၇

**ဖခင်အမည်မှန်**

အထက(၁)၊ ဒဂုံမြောက်ပိုင်း၊ န၀မတန်း(ဂ)မှ မောင်ဝင်းဝေဖြိုး၏ဖခင် အမည်မှန်မှာ ဦးစန်းဝင်း ၁၄/ရကန(နိုင်)၀၈၉၁၀၂ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4I/7759 Toyota Passo KGC15/Hatch Back (4x4) Rယာဉ်လက်ဝယ်ရှိသူ ဦးမောင်ထွန်း ၉/ညဥန(နိုင်)၀၃၃၃၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

# အမြို့မြို့အနယ်နယ်၌ ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုများ ဖွင့်လှစ်



ဖေဖော်ဝါရီ ၁၃ ရက်က မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်၌ စိုက်ထူဖွင့်လှစ်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုကို တွေ့ရစဉ် (ပြည်နယ် ပြန်/ဆက်)



ဖေဖော်ဝါရီ ၁၃ ရက်က နေပြည်တော် တပ်ကုန်းမြို့၌ ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်တုဖွင့်ပွဲအခမ်းအနား စည်ကားစွာ ကျင်းပစဉ် တင်ထွန်းတာ



ဖေဖော်ဝါရီ ၁၃ ရက်က ညောင်ဦးမြို့၌ ဖွင့်လှစ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ရှေ့တွင် တာဝန်ရှိသူ များ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ် ရဲသူရအောင်



ဖြူးမြို့နယ် ဖြူးချောင်းအနီး၌ စိုက်ထူဖွင့်လှစ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုရှေ့တွင် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ် သန့်ဇင်





ဖေဖော်ဝါရီ ၁၃ ရက်က မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့၌ ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုဖွင့်ပွဲအခမ်းအနား ကျင်းပစဉ် ဝင်းမောင်



ဖေဖော်ဝါရီ ၁၃ ရက်က ဗန်းမော်မြို့၌ ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုဖွင့်ပွဲ ကျင်းပစဉ် (ခရိုင် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၃ ရက်က တောင်ငူမြို့၌ ကျင်းပသော ဗိုလ်ချုပ်မွေးနေ့ အထိမ်းအမှတ်အခမ်းအနားအပြီးတွင် ကျောင်းသားလေးများ ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုရှေ့၌ အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ် သူရ(တောင်ငူ)


## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်ရှိ မြို့နယ်/ရဲစခန်းများတွင် ရုံးလုပ်ငန်း များ အသုံးပြုရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါရုံးသုံး ပစ္စည်းများဝယ်ယူခြင်းကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့် တင်ဒါခေါ်ယူလိုပါသည်-

| စဉ် | အမျိုးစား | အရေအတွက် |
|---|---|---|
| (က) | ပရိုဂျက်တာ | ၉၀ လုံး |
| (ခ) | ကွန်ပျူတာ | ၃၀ လုံး |
| (ဂ) | ပရင်တာ | ၃၀ လုံး |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၄-၂-၂၀၁၇ ရက်
တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၂၀-၂-၂၀၁၇ ရက်
တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၁-၂-၂၀၁၇ ရက်
အချိန် မွန်းလွဲ ၁နာရီ

၃။ တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်လမ်း၊ ဒဂုံမြို့နယ်(ဖုန်း-၀၁-၂၃၁၇၅၂၀၊ ၀၁-၂၃၁၇၅၂၁)တို့တွင် တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူး ရေးဌာနခွဲသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်(110cc မှ 125cc )ဂျပန် Brand မော်တော်ဆိုင်ကယ် ၁၉၅၀ စီးဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူ အပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၉-၂-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁၉-၃-၂၀၁၇ ရက် မွန်းလွဲ ၂နာရီ
**ဆက်သွယ်ရန် ဖုန်းနံပါတ်** - ၀၆၇-၄၃၁၁၈၀၊ ၄၃၁၁၈၂

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## အလယ်တန်းကျောင်းအုပ်၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ ဦးစီးအရာရှိ၊ ဦးစီးအရာရှိ(ကာယ)၊ ဦးစီးအရာရှိ(ကွန်ပျူတာ)၊ စီမံကိန်းမှူးရာထူးများအတွက်
## ရာထူးတိုးစာမေးပွဲဖြေဆိုရန် လျှောက်လွှာခေါ်ယူခြင်း

ပညာရှင်အဆင့်(၄)နှင့် အဆင့်တူရာထူးများသို့ ရာထူးတိုးစာမေးပွဲဖြေဆိုရန်အတွက် အောက်ဖော်ပြပါအချက်အလက်များနှင့်ကိုက်ညီသောသူများသည် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် လျှောက်လွှာရယူပြီးအချိန်မီလျှောက်ထားကြရန်ဖြစ်ပါသည်-

(က) အလယ်တန်းကျောင်းအုပ်ရာထူးတိုးအတွက် B.Edဘွဲ့ရ အထက်တန်းပြ/အထက် တန်းပြ(ကာယ)ရာထူးတွင် လုပ်သက်(၃)နှစ်ပြည့်ပြီးသူများ။

(ခ) ဒုတိယမြို့နယ်ပညာရေးမှူးရာထူးတိုးအတွက် B.Ed ဘွဲ့ရ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့်လစာနှုန်းတူအပါအဝင် လုပ်သက် (၃)နှစ်ပြည့်ပြီးသူများ။

(ဂ) ဦးစီးအရာရှိ(ပညာရှင်)ရာထူးအတွက် B.Ed ဘွဲ့ရ ဒု-ဦးစီးမှူး/ဒု-ကြီးကြပ်ရေးမှူး ရာထူးနှင့်လစာနှုန်းတူအပါအဝင်လုပ်သက်(၃)နှစ်ပြည့်ပြီးသူများ။

(ဃ) ဦးစီးအရာရှိ(ကာယ)ရာထူးအတွက် B.Ed ဘွဲ့ရ ဒု-ဦးစီးမှူး (ကာယ) ရာထူးနှင့် လစာနှုန်းတူ အပါအဝင်လုပ်သက်(၃)နှစ်ပြည့်ပြီးသူများ။

(င) ဦးစီးအရာရှိ(ရုံး)ရာထူးတိုးအတွက် ဘွဲ့တစ်ခုခုရရှိပြီး ဦးစီးမှူး/ စာရင်းကိုင်(၁)/ငွေကိုင်(၁)/စာရင်းစစ်(၁)ရာထူးတစ်ခုခုတွင် လုပ်သက် (၃)နှစ်ပြည့်ပြီးသူများ (သို့မဟုတ်)ဒု-ဦးစီးမှူးရာထူးဖြစ်ပါက လစာနှုန်းတူအပါအဝင် လုပ်သက်(၅)နှစ်ပြည့်ပြီးသူများ။

(စ) ဦးစီးအရာရှိ(ကွန်ပျူတာ)ရာထူးတိုးအတွက် ဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးနှင့်လစာနှုန်းတူအပါအဝင် လုပ်သက် (၅)နှစ်ပြည့်ပြီးသူများ။

(ဆ) စီမံကိန်းမှူးရာထူးတိုးအတွက် B.Edဘွဲ့ရရှိပါက ဒု-စီမံကိန်းမှူးရာထူးတွင် လုပ်သက်(၃)နှစ်(သို့မဟုတ်)အခြားဘွဲ့တစ်ခုခုရရှိပါက လုပ်သက် (၅)နှစ်ပြည့်ပြီးသူများ။

(ဇ) လုပ်သက်တွက်ချက်ရာတွင် ၃၁-၃-၂၀၁၇ရက်စွဲဖြင့် သတ်မှတ်မည်။

(ဈ) လျှောက်လွှာများကို ၁၄-၂-၂၀၁၇ရက်မှစ၍ မြို့နယ်ပညာရေးမှူးရုံးများတွင် အခမဲ့ရယူပြီး ၁၉-၂-၂၀၁၇ရက် နောက်ဆုံးထားလျှောက်ထားရန် ဖြစ်ပါသည်။

(ည) ၂၈-၃-၂၀၁၇ရက်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရေးဖြေစာမေးပွဲ ကျင်းပသွားမည်ဖြစ်ပြီး လူတွေ့စစ်ဆေးမည့်ရက်အား သီးခြားထုတ်ပြန်သွားမည်ဖြစ်ပါသည်။

**ဒေါက်တာခိုင်မြ**
**ညွှန်ကြားရေးမှူးချုပ်**
**အခြေခံပညာဦးစီးဌာန**



# မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၃**
နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် (၁၅) ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲဖွင့်ပွဲကို မန္တလေးချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး လူထုအပန်းဖြေ ဥယျာဉ် အဝင်မုခ်ဦးရှေ့တွင် ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ပြပွဲပြိုင်ပွဲအတွင်း ပန်းအလှမျိုးစုံ၊ သစ်သီးဝလံမျိုးစုံတို့ဖြင့် ပုံဖော်ထားသည့် နန်းမြင့်မျှော်စင်ပြခန်း အလှပြကွက်၊ မြို့တော်စည်ပင်ဌာန အသီးသီး၏ပြခန်းသုံးခန်း၊ စိုက်ပျိုးရေးဦးစီးဌာနပြခန်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနပြခန်း၊ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနပြခန်း၊ စက်မှုလယ်ယာဦးစီးဌာနပြခန်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် မန္တလေးတက္ကသိုလ်ဘူမိဗေဒပြခန်း၊ အဆင့်မြင့်ပညာဦးစီးဌာနပြခန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနပြခန်း၊ စားသုံးသူရေးရာဦးစီးဌာနပြခန်း၊ ဌာနဆိုင်ရာပြခန်းများနှင့် ပုဂ္ဂလိကဆိုင်ခန်းခြောက်တို့ကို ခင်းကျင်းပြသခဲ့ပြီး စိုက်ပျိုးရေးဝါသနာရှင်၊ ပညာရှင်များ၏ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ၌ အမျိုးအစား ၂၃ မျိုးတွင် အရေအတွက် ၇၄၄ မျိုးအထိ ပါဝင်ယှဉ်ပြိုင်ပြသခဲ့ကြသည်။

ထို့နောက်အသီးပါအပင်ပြိုင်ပွဲ၊ ဥပြိုင်ပွဲ၊ သစ်သီးပြိုင်ပွဲ၊ ပုံဖော်အလှဆင်ပြိုင်ပွဲ၊ ရာသီပန်းအလှပင်ပြိုင်ပွဲများ၌ ဆုရရှိကြသော စိုက်ပျိုးရေးပညာရှင် ဝါသနာရှင်များအား တစ်ဦးချင်းဆုများကို တာဝန်ရှိသူတို့က ချီးမြှင့်ပေးအပ်ကြသည်။ ပြပွဲပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဈေးကွက်ဝင် အရည်အသွေးနှင့်ဘေးအန္တရာယ်ကင်းရှင်းသော စပါးစိုက်ပျိုးနိုင်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**
မြန်မာနှင့် ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုအဖြစ် စပါးကြိတ်ခွဲ သန့်စင်စက်၊ စပါးအခြောက်ခံစက်၊ စပါးသိုလှောင်ရုံတည်ဆောက်ရေး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က နေပြည်တော် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ တောင်သူအသိပညာပေး စင်တာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲညွှန်ကြားရေးမှူး ဦးမြင့်ဦးက မကြာမီဖြစ်ပေါ်လာမည့် အရှေ့တောင်အာရှ၏ လွတ်လပ်သော ကုန်သွယ်မှုစနစ် စတင်ကျင့်သုံးလာချိန်တွင် မိမိတို့တောင်သူလယ်သမားများအနေဖြင့် ဈေးကွက်ဝင်အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော စံချိန်စံညွှန်းမီ သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စပါးသီးနှံအပါအဝင် သီးနှံ ၁၄ မျိုးအတွက် စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ GAP စနစ်ကို လိုက်နာဆောင်ရွက်ကြရန်လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ ကိုရီးယားနိုင်ငံမှ စီမံကိန်းမန်နေဂျာ Dr. Park Sang Hyun က စီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်စိုးက စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲကျင့်သုံးခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို လည်းကောင်း၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ ဒေါက်တာတင်ဥမ္မာဝင်းက စပါးသီးနှံ စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်နှင့်ရိတ်သိမ်းချိန်လွန်ကာလများတွင် လိုက်နာဆောင်ရွက်ရမည့် သိမှတ်ဖွယ်ရာများကို လည်းကောင်း ဆွေးနွေးကြသည်။

ဇေယျာသီရိမြို့နယ်အနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မိုးစပါး ၁၂၁၄၄ ဧက၊ နွေစပါး ၃၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မိုးစပါး ၁၂၁၃၅ ဧက စိုက်ပျိုးခဲ့ကြောင်း၊ ယခုဆောင်ရွက်မည့် စီမံကိန်းမှ တစ်နာရီ ၂ ဒသမ ၅ မက်ထရစ်တန်ကျ စပါးကြိတ်ခွဲသန့်စင်စက်၊ တစ်နာရီ ၁၅ တန်ကျ စပါးအခြောက်ခံ စက်၊ မက်ထရစ်တန် ၇၅၀သိုလှောင်နိုင် သည့် သိုလှောင်ရုံ လေးခု တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သဖြင့် စီမံကိန်းပြီးစီးပါက ဒေသ၏ဆန်စပါး ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်လုံး ကောင်းမွန်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# အခမဲ့ကွန်ပျူတာ သင်တန်းဖွင့်ပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၃**
မန္တလေးမြို့ခင်နှင်းပညာဒါနဖောင်ဒေးရှင်းမှ ဖွင့်လှစ်သော အခမဲ့တက်ရောက်သင်ကြားနိုင်မည့် အဆင့်မြင့်ကွန်ပျူတာသင်တန်း၊ တရုတ်စကား ပြောသင်တန်းနှင့် LCCI သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က သင်တန်းဖွင့်လှစ်မည့် ချမ်းအေးသာစံမြို့နယ် ၆၂ လမ်း တောင်စံလင်းတိုက်သစ်လေးထပ်ဆောင်၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ခင်နှင်းပညာဒါနဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးခင်မောင်ထွန်း (ခင်မောင်နှင်း-ကျောက်ပန်းတောင်း) က သင်တန်းတွင် ဘာသာရပ်ဆိုင်ရာများသာမက စာရိတ္တစည်းကမ်းနှင့်စိတ်ဓာတ်ရေးရာများပါ ကောင်းမွန်စေရန် တွဲဖက်သင်ကြားပေးလျက်ရှိသည့်အတွက် အရက်နှင့်မူးယစ်ဆေးဝါးကိုရှောင်ကြဉ်ရန် ကတိပြုနိုင်သူများသာ တက်ရောက်နိုင်ကြောင်း ပြောခဲ့သည်။

အဆိုပါ ဖောင်ဒေးရှင်းမှဖွင့်လှစ်သည့် သင်တန်းများသို့ တက်ရောက်သင်ကြားလိုသူများအနေဖြင့် ကွန်ပျူတာနှင့်အင်္ဂလိပ်စကားပြောသင်တန်းအတွက် အတန်းပညာသတ်မှတ်ထားခြင်းမရှိဘဲ အင်္ဂလိပ်စာရေးဖတ်တတ်ရန်သာလိုအပ်ပြီး တရုတ်စကားပြောသင်တန်းအတွက် အဋ္ဌမတန်းအောင်မြင်ပြီးသူများနှင့် LCCI သင်တန်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**
ဒေသခံများ စာပေဗဟုသုတရရှိစေရန်နှင့် စာပေဖတ်ရှုခြင်းဖြင့် အဆိုးအကောင်းများကို ဝေဖန်ခွဲခြားသုံးသပ်တတ်စေရန်အတွက် နေပြည်တော် ဇေယျာသီရိမြို့နယ် သစ်တပ်ကလေးကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး သုတရိပ်မွန်စာကြည့်တိုက်ဖွင့်လှစ်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ သုခရိပ်မွန်စာကြည့်တိုက်သည် (၁၅×၂၅) ပေ တစ်ထပ် အုတ်ကာသွပ်မိုး အဆောက်အအုံဖြစ်ကာ မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းနှင့် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဋ္ဌေးဝင်းတို့နှင့်အတူ ကျေးရွာနေဒေသခံများ စုပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး စာကြည့်တိုက်အဆောက်အအုံသစ်အားမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဋ္ဌေးဝင်း၊ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်တို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်**

# ကျိုက်ထီးရိုး တောင်ပတ်လမ်းများသန့်ရှင်းရေးပြုလုပ်

**မော်လမြိုင် ဖေဖော်ဝါရီ ၁၃**
မွန်ပြည်နယ် ကျိုက်ထိုမြို့ ကျိုက်ထီးရိုးတောင်ပေါ်ရှိ တောင်ပတ်လမ်းများ၌ ဖေဖော်ဝါရီ ၈ ရက်က အမှတ် (၁၅) လုံခြုံရေးတပ်ဖွဲ့ ခွဲမှူး ယာယီဒုတိယရဲမှူးကြီး လှိုင်မင်းထွန်းဦးစီးသောရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များ၊ ရင်ပြင်တော်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်မှုအဖွဲ့များက ချုံနွယ်ပိတ်ပေါင်းများခုတ်ထွင်ရှင်းလင်းခြင်း ဘုရားဖူးများမှစွန့်ပစ်သည့် အမှိုက်များကို တောင်စောင်းတစ်လျှောက် စုပေါင်းသန့်ရှင်းပြုလုပ်ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

## မီးဖိုမီးအသုံးပြုလျှင်

(၁) လူစောင့်ထားပါ။
(၂) လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
(၃) မီးဖို မီးကြွင်းမီးကျန်များငြိမ်းသတ်ပါ။
(၄) မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံအကာအရံများထားပါ။
(၅) ဆီအိုးတည်ပြီးမမေ့ပါနှင့်။

မီးသတ်ဦးစီးဌာန

# မြန်မာ - ထိုင်း ချစ်ကြည်ရေး စက်ဘီးစီးပွဲတော်ကျင်းပ

**မြဝတီ ဖေဖော်ဝါရီ ၁၃**
မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံပြည်သူများ၊ ကျောင်းသားလူငယ်များအချင်းချင်း တစ်ဦးနှင့်တစ်ဦးရိုင်းပင်းကူညီမှုစိတ်ဓာတ်များ ရှိလာစေရန်၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပိုမိုတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် (၁၈)ကြိမ်မြောက် မြန်မာ-ထိုင်း ချစ်ကြည်ရေးစက်ဘီးစီးပွဲတော် ဖွင့်ပွဲအခမ်းအနားကို မြဝတီမြို့အမှတ်(၁) ချစ်ကြည်ရေးတံတားပေါ်၌ ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်မျိုးထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင် အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

"အခုလို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှု ကဏ္ဍတွေ တိုးတက်မယ်။ နှစ်နိုင်ငံ ကျောင်းသား ကျောင်းသူတွေ ပါဝင်တာဖြစ်တဲ့အတွက် အတွေ့အကြုံတွေ၊ ချစ်ကြည်ရင်းနှီးမှုတွေ ရမှာဖြစ်ပါတယ်။ နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍတွေလည်း တိုးတက်စေမှာဖြစ်ပါတယ်" ဟု မြဝတီကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်က ပြောသည်။

အဆိုပါ စက်ဘီးစီးပွဲတော်တွင် ထိုင်းနိုင်ငံမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူ စက်ဘီးစီးနင်းသူ ၁၄၃၂ ဦး၊ မြဝတီမြို့မှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူ ၄၀၀ စုစုပေါင်း စက်ဘီးစီးနင်းသူ ၁၈၃၂ ဦး ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဘဝလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သော ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည်ဖြစ်ပါသည်။

နိုင်ငံတော်၏အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို "ပြည်သူ့ဝန်ထမ်းကြိုးပမ်းကြည့်ညီ " အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

# ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် ဒေသခံပြည်သူများ၏အကျိုးစီးပွားနှင့် နိုင်ငံ့စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည့် မန်းရေနံမြေ

**သတင်းဆောင်းပါး-သီသီမင်း ၊ ဓာတ်ပုံ-နေလင်း**

**မန်းရေနံမြေအတွင်းသို့ဝင်လိုက်သည်နှင့်လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်စီတွင်အုပ်ဆိုင်းနေသည့် သစ်ပင်ကြီးများ၊ တောင်သူများစိုက်ပျိုးထားသော သီးနှံစိုက်ခင်းများကြား ရေနံတူးဖော်ထုတ်လုပ်နေသည့် မောင်းညိတ်စက် (မြင်းခေါင်းစက်)များက မရပ်မနားလှုပ်ရှားသက်ဝင်လျက်ရှိနေပါတယ်။**

မြန်မာနိုင်ငံရဲ့ လက်ရှိရေနံနဲ့ သဘာဝဓာတ်ငွေ့ထုတ်လုပ်နေတဲ့ ကုန်းတွင်းရေနံလုပ်ကွက်များထဲမှာ ရေနံဒုတိယအများဆုံး ထုတ်လုပ်ပေးနေတဲ့ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်အတွင်းရှိ မန်းရေနံမြေဟာ၊အကျယ်အဝန်းအားဖြင့် အလျား ရှစ်မိုင်၊ အနံ နှစ်မိုင်ရှိတယ်လို့ သိရပါတယ်။

မန်းရေနံမြေလို့ စတင်ခဲ့တဲ့အချိန်က မင်းဘူးခရိုင်အတွင်းရှိ မယ်ဘော့ကုန်း၊ မန်းကျိုး၊ ကြာကန်၊ ခြင်ထောင်၊ ထောက်လျှာပင် အစရှိသည့်အနီးအနားရှိ ရွာပေါင်း ၁၆ ရွာမှ ဒေသခံတောင်သူများ၏ ယာမြေအချို့ မန်းရေနံမြေစီမံကိန်းအတွင်း ပါဝင်ခဲ့တယ်လို့ ဒေသခံများက ပြောကြပါတယ်။

မယ်ဘော့ကုန်းကျေးရွာမှာနေထိုင်တဲ့ ဒေသခံတစ်ဦးဖြစ်သူ တောင်သူ ဦးစိုးဝင်းက ၁၉၆၉-၇၀ မှာ ရေနံမြေဖော်ဖို့ စီမံကိန်းလုပ်တော့ ဒီရွာနီးချုပ်စပ် ၁၆ ရွာက တောင်ယာတွေ တော်တော်များများ စီမံကိန်းနယ်မြေထဲပါသွားတယ်။ အဲဒီတုန်းက အလုပ်လုပ်ဖို့ ဒီကမြေတွေကို ရေနံမြေစီမံကိန်းအတွက် ပေးလိုက်ရလို့၊ အလုပ်အကိုင်မရှိလို့ပါဆိုပြီး လျှောက်လွှာတင်ကာ ရေနံမြေလုပ်ငန်းမှာအလုပ်ဝင်လုပ်ခဲ့တဲ့သူတွေလည်းရှိခဲ့တယ်လို့ ပြောပါတယ်။

မန်းရေနံမြေကို ၁၉၇၀ ခုနှစ်က စတင်တွေ့ရှိခဲ့ကာ ရေနံနဲ့ သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းတွေစတင်လုပ်ဆောင်ခဲ့တဲ့ ၁၉၇၉ ခုနှစ်ဝန်းကျင်က အမြင့်ဆုံးရေနံအထွက်နှုန်းအနေနဲ့ တစ်နေ့လျှင် ရေနံစည်ပေါင်း ၂၄၀၀၀ ထိထွက်ရှိခဲ့တယ်။ ထို့နောက် အချိန်ကာလကြာမြင့်လာတာနဲ့အမျှ မန်းရေနံမြေတွင် (Natural Decline) ကြောင့် ရေနံထုတ်လုပ်မှုအထွက်နှုန်းကျဆင်းလာရာ ၁၉၉၅ ခုနှစ်မှာတော့ တစ်နေ့လျှင် ရေနံစည် ၃၁၀၀ အထိ ထုတ်လုပ်မှုကျဆင်းလာတဲ့အတွက် ရေနံအထွက်တိုး စီမံကိန်းဆောင်ရွက်ရန် ၁၉၉၆ ခုနှစ်မှစတင်ကာ Myanma Oil & Gas Enterprise (MOGE) နှင့် MPRL E&P Pte. Ltd. (MPRL E &P) တို့ အကျိုးတူပူးပေါင်း ကန်ထရိုက်ချုပ် ဆိုဆောင်ရွက်ခဲ့ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE)ထံမှ သိရပါတယ်။

**အလုပ်အကိုင်အခွင့်အလမ်းများ**

မန်းရေနံမြေတွင် MOGE ဝန်ထမ်း ၁၀၀၀ ကျော်နဲ့ MPRL E & P ဝန်ထမ်း ၄၀၀ ကျော် အလုပ်လုပ်ကိုင်လျက်ရှိပေမယ့် မန်းရေနံမြေတည်ရှိရာ ဒေသခံရွာများမှ တောင်သူတွေရဲ့ သားသမီးတွေက အမြဲတမ်းဝန်ထမ်းခန့်ထားမှုနှင့် အလုပ်အကိုင်ရရှိမှုနည်းပါးသေးတယ်လို့ ဒေသခံလည်းဖြစ်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလည်းဖြစ်တဲ့ မယ်ဘော့ကုန်းကျေးရွာသား ဦးစိုးဝင်းထံက သိရပါတယ်။

"ဟိုးတုန်းကတည်းက MOGE ကရော၊ MPRL E & P ကပါ အလုပ်အကိုင်ရရှိရေးကို ဆောင်ရွက်ပေးပါတယ်။ အစိုးရအလုပ်ကျတော့ခန့်ထားဖို့ရာ ဝန်ထမ်းအင်အားလစ်လပ်မှု၊ ရေနံလုပ်ငန်းဖြစ်လို့ လိုအပ်တဲ့ပညာ ကျွမ်းကျင်မှုအရည်အချင်းတွေအပြင်၊ ဌာနရဲ့ခွင့်ပြုချက်တို့နဲ့သာခန့်နိုင်ပြီး မိမိတို့သဘောအတိုင်းလုပ်၍မရနိုင်ပါ"ဟု MOGE မှ အထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်က ပြောပါတယ်။

သို့သော်လည်း MPRL E & P နှင့် MOGE တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အချိန်မှ စတင်ကာ ခန့်နိုင်တဲ့အနေအထားရှိသရွေ့ ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒေသခံ ၁၀၀ နီးပါးကို အလုပ်ခန့်ထားပေးပါတယ်" ဟု MPRL E & P မှ တာဝန်ရှိသူ ဦးမျိုးဝင်းထံက သိရပါတယ်။

**လူမှုအကျိုးပြုလုပ်ငန်းများ**

MOGE အနေနဲ့ တစ်နိုင်ငံလုံး ရေနံမြေများမှရရှိသည့်ငွေများဖြင့် လူမှုအကျိုးပြု(CSR) လုပ်ငန်းများလုပ်ဆောင်ခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်း တစ်နိုင်ငံလုံးငွေကျပ်



သိန်းပေါင်း ၅၀၀၀၀ ကျော် ဆောင်ရွက်ပေးနိုင်ခဲ့ရာ မန်းရေနံမြေတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့ကဏ္ဍတွေအတွက် ငွေကျပ်သိန်း ၄၀၀၀ နီးပါးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အထွေထွေမန်နေဂျာ(မန်းရေနံမြေ) ဦးရဲနိုင်ထံက သိရပါတယ်။

ထိုသို့ လူမှုအကျိုးပြု Corporate Social Responsibility (CSR) (လူမှုရေးအရတာဝန်ယူမှု၊ တာဝန်သိမှုများ) ဆောင်ရွက်ရာတွင် ၁၉၇၀ ပြည့်နှစ်ကတည်းက ရေနံ ရှာဖွေတူးဖော်စဉ် ဖြစ်လာနိုင်တဲ့ ဘေးထွက်ဆိုးကျိုးတွေကို အများဆုံးခံစားခဲ့ရတဲ့ မန်းရေနံမြေနဲ့ ထိစပ်နေတဲ့ ကျေးရွာပေါင်း ၁၆ ရွာကို ဦးစားပေးဆောင်ရွက်နေတာဖြစ်တယ်လို့ ဦးရဲနိုင်က ပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ၁၆ ရွာက ၁၉၇၀ ပြည့်နှစ် ကျွန်တော်တို့ ရေနံစတင်တူးဖော်စဉ်က MOGE ရဲ့ ဘေးထွက်ဆိုးကျိုးတွေကို သေချာပေါက်ခံရတယ်။ အဲဒါကြောင့် CSR လုပ်ငန်းများဖြစ်တဲ့ လူမှုရေးတာဝန်ယူမှု၊ တာဝန်သိမှုတွေအတွက် ကျွန်တော်တို့က သူတို့ထက် အရင်တာဝန်ယူရမယ်လို့ ခံစားရတယ်။ ဒါ့ကြောင့် ဒီ ၁၆ ရွာကို ဦးစားပေးတာပါလို့ MOGE မှ အထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်က ပြောပါတယ်။

မန်းရေနံမြေဒေသဝန်းကျင်ကျေးရွာများအတွက် အကျိုးပြုလုပ်ငန်းတွေကို MPRL E & P အနေနဲ့ MOGE နဲ့ အကျိုးတူဆောင်ရွက်မှုစတင်ခဲ့တဲ့ အချိန်ကတည်းက လူမှုရေးအသိစိတ်ဓာတ်ဖြင့် ယခုအချိန်ထိ ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ အဲဒါတွေက ရေနံမြေပတ်ဝန်းကျင်ကျေးရွာများအတွက် ရေတွင်းများတူးဖော်ပြီး ရေသန့်စင်မှု နည်းပညာများဖြင့် သောက်ရေ၊ သုံးရေများရရှိရေးဆောင်ရွက်ခဲ့ခြင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း အဆိုပါ ရေသန့်စင်မှုနည်းစနစ်ကို ကိုယ်တိုင်ဆက်လက်လုပ်နိုင်စေရန် သင်ကြားပေးခြင်း၊ စာသင်ကျောင်းဆောင်များ အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းသာမက ကျောင်းသား ကျောင်းသူများအတွက် ယင်လုံအိမ်သာများဆောက်လုပ်သုံးစွဲစေသည့် အလေ့အကျင့်များ ပြုလုပ်ခြင်းမျိုးတွေလည်း ဆောင်ရွက်ခဲ့တာပါ။

"ကျွန်တော်တို့အနေနဲ့က CSR ဆိုတဲ့အသုံးအနှုန်းကို ၁၉၉၉ ခုနှစ်လောက်ကတည်းက စီမံကိန်းဒေသပတ်ဝန်းကျင်အတွက်လုပ်နေခဲ့တာပါ။ အဲဒီနောက်ပိုင်း ဒေသခံပြည်သူများထံမှ ပွင့်ပွင့်လင်းလင်းထုတ်ဖော်ပြောဆိုနိုင်တဲ့စနစ်ဖြစ်တဲ့ Operational Grievance Mechanism လို့ ခေါ်တဲ့စနစ်တစ်ခုကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ အဲဒါက ကျွန်တော်တို့ကို ဒေသခံတွေအနေနဲ့ အလွယ်တကူဆက်သွယ်နိုင်ဖို့အတွက် နည်းလမ်းတစ်ခုဖြစ်သလို၊ တရားဝင်လမ်းဖွင့်ပေးထားတဲ့ အခွင့်အလမ်းတစ်ခုဆိုရင်လည်း မမှားပါဘူး။ ဒါကြောင့် ကျွန်တော်တို့ MPRL E & P Pte., Ltd. (MPRL E&P) အတွက်ဆိုရင်တော့ မန်းရေနံမြေပတ်ဝန်းကျင်မှာ ရွာ ၁၄ ရွာရှိပါတယ်။ အဲဒီအထဲက ရွာတစ်ရွာစီမှာ ဆက်သွယ်ရေးဆောင်ရွက်မယ့်သူ (Volunteer Focal Point) တစ်ယောက်ထားရှိစေကာ စမ်းသပ်မှုအနေနဲ့စတင်ပြုလုပ်ကြည့်ပါတယ်။

ပထမတစ်ချက်ကတော့ ရွာသူ ရွာသားတွေ၊ ဒေသခံတွေအနေနဲ့ မန်းရေနံမြေနဲ့ ပတ်သက်ပြီး ထိခိုက်မှုတွေ၊ နစ်နာမှုတွေ၊ ဒုက္ခတွေကို အဆိုပါဆက်သွယ်ဆောင်ရွက်မည့်သူ (Volunteer)ကနေတစ်ဆင့် နားထောင်တယ်။ အဲဒီမှာ ကျွန်တော်တို့ ကြိုတင်ထင်ထားခဲ့သလို ဒီစနစ်ကို အခွင့်အရေးယူပြီး ပြောတာတွေ၊ တောင်းဆိုတာတွေ၊ ပြဿနာလုပ်တာတွေတစ်ခုမှမတွေ့ရပါဘူး။ တကယ်ဖြစ်ပေါ်နေတဲ့ အခြေအနေတွေ၊ အခက်အခဲတွေကို သိလာရတဲ့အတွက် ဒါတွေကိုအခြေခံပြီးတော့ MOGE နဲ့ ညှိနှိုင်းဆွေးနွေးပြီး ရွာ ၁၄ ရွာမှာ ပုံစံကို စတင်လုပ်ဆောင်လိုက်ပါတယ်။ ကျွန်တော်တို့ ဒါကိုစတင်ပြီး အကောင်အထည်ဖော်တုန်းကဆိုရင် ပထမနှစ်မှာ ဒေသခံတွေက သူတို့ရဲ့တင်ပြချက်တွေ၊ ခံစားချက်တွေ ကျွန်တော်တို့နားထောင်တယ်၊ စိစစ်ပြီး ဖြေရှင်းနိုင်တဲ့ အတိုင်းအတာဆိုရင် ကျွန်တော်တို့ ဖြေရှင်းပေးတယ်။ အကြောင်းပြန်ကြားပေးတယ်။ မရှင်းနိုင်ဘူးဆိုရင်လည်း ဘာကြောင့် မရှင်းနိုင်လဲဆိုတာကို သေသေချာချာ စနစ်တကျ ရှင်းပြပေးတဲ့စနစ်နဲ့ လုပ်သွားတယ်။ ဒါကြောင့် ဒီစနစ်က အင်မတန်အောင်မြင်ခဲ့ပြီး စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါတယ်။

အစတုန်းကဆို တင်ပြချက်ပေါင်း အရေအတွက် ၄၀ နှင့် ၅၀ ကြားရှိခဲ့ရာ အခုဆိုရင် ၁၀ အောက်ပဲရှိပါတော့တယ်။ ဒါ့အပြင် ဒေသခံတွေကို မေးကြည့်တော့လည်း ဒီစနစ်ကို ကျေနပ်အားရမှုရှိရုံသာမက ကျေးဇူးလည်းတင်တယ်။ သူတို့အတွက် ပြောရေးဆိုခွင့်ရတဲ့အတွက် အခွင့်အလမ်းတစ်ခုရသွားခဲ့ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဂုဏ်လည်းယူပါတယ်။ ဒါကို ပြည်တွင်းမှာသာမက ပြည်ပမှာလည်း CSR နဲ့ပတ်သက်တဲ့ CSR Asia ဆိုတဲ့ အဖွဲ့ကလည်း ကျွန်တော်တို့ရဲ့ ဒီစနစ်ကို Best Practice တစ်ခုအနေနဲ့ အသိအမှတ်ပြုရုံသာမက International Forum တွေ၊ Conference တွေမှာလည်း Best Practice တစ်ခုအနေနဲ့ MPRL E & P ကုမ္ပဏီကို ဖိတ်ခေါ်ကာ Presentation တွေဆောင်ရွက်စေပါတယ်" ဟု MPRL E & P မှ Country Manager ဦးစည်သူမိုးမြင့်က ပြောပါတယ်။

MPRL E & P ကလည်း ကျေးရွာများအတွင်း ပညာရေးလုပ်ငန်းများအတွက် စာသင်ကျောင်းများ ဆောက်လုပ် ခြင်း၊ စာသင်ခုံများလှူဒါန်းခြင်း၊ ရေတွင်းရေကန်များ တူးပေးခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရပါကလည်း ကူညီထောက်ပံ့ပေးခြင်းတို့အပြင် ဆင်းရဲနွမ်းပါးသည့် ကလေးများအတွက် လစဉ်ကျောင်းစရိတ်ထောက်ပံ့ခြင်းတို့ပါ ပြုလုပ်ပေးနေကြောင်း ဒေသခံများထံမှ သိရပါတယ်။

အထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်ကတော့ "ကျွန်တော်တို့တွေက အကျိုးတူပူးပေါင်းတာဆိုတော့ ကုမ္ပဏီအနေနဲ့သုံးတဲ့ဘတ်ဂျက်ကလည်း MOGE ရုံးချုပ်က ခွင့်ပြုချက်ကျမှသာ ဆောင်ရွက်ရတာပါ"ဟု ပြောတယ်။

CSR ဘတ်ဂျက်ကတော့ ပြီးခဲ့တဲ့နှစ်တွေကဆိုရင် အမေရိကန်ဒေါ်လာ နှစ်သိန်းကနေ နှစ်သိန်းခွဲအထိ သတ်မှတ်သုံးစွဲခဲ့တယ်။ ဒီလိုသတ်မှတ်လျာထားခဲ့ပေမယ့် ၂၀၁၅ ခုနှစ်ကလို ရေကြီးရေလျှံ ဘေးအန္တရာယ်ကြုံတွေ့တဲ့အခါမှာတော့ MPRL E & P အနေနဲ့ အမေရိကန်ဒေါ်လာ ခုနစ်သိန်းကျော် ကုန်ကျသုံးစွဲခဲ့ပါတယ်။ အခု ၂၀၁၆ ခုနှစ်နဲ့ ပတ်သက်ပြီးပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့ကုမ္ပဏီရဲ့ အဓိကလုပ်ငန်းက ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးနဲ့ ထုတ်လုပ်ရေးပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေတုန်းကဆိုရင် ကမ္ဘာတစ်ဝန်း ရေနံဈေးနှုန်းဟာ ရေနံတစ်စည်ကို အမေရိကန်ဒေါ်လာ ၁၀၀ ရှိခဲ့ရာကနေ ရေနံတစ်စည်ကို ဒေါ်လာ ၃၀ အထိ ကျဆင်းသွားခဲ့တယ်။ ဒီကိစ္စကြောင့် ကမ္ဘာတစ်ဝန်းမှာ ရေနံကုမ္ပဏီငယ် ၁၀ ခုမှာ ခုနစ်ခုလောက်က ရပ်ဆိုင်းခဲ့ရတဲ့အထိ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့လည်း ဘတ်ဂျက်လျာထားမှုတွေ လျှော့ရပါတယ်။ ဒီအထဲမှာ CSR ဘတ်ဂျက်လည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒါကြောင့် အရင်နှစ်တွေမှာ CSR အတွက် ဘတ်ဂျက်ငွေ အမေရိကန်ဒေါ်လာနှစ်သိန်းကျော် အသုံးပြုရာကနေ ဒီနှစ်အတွက် အမေရိကန်ဒေါ်လာ ငါးသောင်းသို့ လျှော့ချသတ်မှတ်ခဲ့ရခြင်း ဖြစ်ပါတယ်ခင်ဗျ။ ဒီဘတ်ဂျက်ကတော့ မန်းရေနံမြေအတွက်ပါလို့ MPRL E&P မှ Country Manager ဦးစည်သူမိုးမြင့်က ပြောပါတယ်။

**ကျန်းမာရေးနဲ့ ဘေးကင်းလုံခြုံရေး**

MOGE နှင့် MPRL E & P ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်သော်လည်း အစိုးရဝန်ထမ်းနဲ့ ကုမ္ပဏီဝန်ထမ်းဆိုပြီး မခွဲခြားဘဲ မန်းရေနံမြေရှိ ဝန်ထမ်းတွေအားလုံး၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း MPRL E & P မှ Health, Safety and Environment -( HSE )မန်နေဂျာ ဦးနေမျိုးအောင်ထံက သိရပါတယ်။

ဝန်ထမ်းတွေအချင်းချင်း အတူတကွပူးပေါင်းဆောင်ရွက်တယ်။ လုပ်ငန်းခွင်အန္တရာယ်ကင်းဖို့အတွက် သတ်မှတ်ထားတဲ့ ဝတ်စုံ၊ ဖိနပ်၊ ဦးထုပ်နှင့် မျက်မှန်စတာတွေကို လုပ်ငန်းခွင်မှာ အားလုံးဝတ်ဖို့ အတူတူထုတ်ပေးထားတယ်။ နေမကောင်းဖြစ်ရင်လည်း ဒီမှာ ဆေးကုဖို့ဆရာဝန်၊ ဆေးခန်း ၂၄ နာရီရှိတယ်၊ ဒီမှာရှိသမျှဝန်ထမ်းအားလုံး တန်းတူပဲ ဆက်ဆံတယ်။ သူ့ဝန်ထမ်းကိုယ့်ဝန်ထမ်းမခွဲခြားဘူးလို့ MPRL E & P မှ HSE မန်နေဂျာ ဦးနေမျိုးအောင်က ပြောတယ်။

မေလအတွင်းက မန်းရေနံမြေမှာရေနံတွင်း မောင်းညိတ်စက်ပေါ်က ပြုတ်ကျလို့ အနာတရဖြစ်သွားခဲ့တဲ့ MOGE မှ ဝန်ထမ်းတစ်ဦးကိုလည်း ကုမ္ပဏီကငွေကျပ် ၃၇ သိန်းကျော် ကူညီထောက်ပံ့ပေးခဲ့တယ်လို့ သိရပါတယ်။

MOGE မှ ဝန်ထမ်းတစ်ဦးက "ကုမ္ပဏီနဲ့ အလုပ်လုပ်ရတာ အခက်အခဲမရှိပါဘူး။ အခြေခံလစာကို အစိုးရကပေးတယ်။ ကုမ္ပဏီက တခြားထောက်ပံ့ကြေးပေးတယ်။ နေ့တိုင်းထမင်းကျွေးတယ်။ ထိခိုက်ဒဏ်ရာရတဲ့ MOGE က ဝန်ထမ်းကိုဖော်ဝင်းကိုဆိုရင် ပြုတ်ကျတာ ခါးဆစ်ရိုးကျိုးသွားလို့ လိုအပ်တဲ့ ဆေးကုသမှုလည်းလုပ်ပေးတယ်။ အခြားလိုအပ်တဲ့ အကူအညီမျိုးလည်းပေးတယ်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ဒါ့အပြင် ကုမ္ပဏီက ကရုဏာကြေးဆိုပြီး ထောက်ပံ့တယ်။ ဒါက တရားဝင်လိုအပ်ချက်ကြောင့် ပေးတာမဟုတ်ပါဘူး။ ကုမ္ပဏီ လူကြီးတွေရဲ့စေတနာအရပေးတာပါ''ဟု ပြောပြပါတယ်။

MPRL E & P အနေဖြင့် ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန် Personal Protective Equipment များကို ဘတ်ဂျက်လျှော့ချမှုများရှိနေသည့်တိုင်အောင် ယခင်နှစ်များထက် ပိုမိုဖြည့်တင်းဝယ်ယူအသုံးပြုစေခဲ့ပါတယ်။ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းစွာလုပ်ကိုင်ဆောင်ရွက်စေမယ့် ပုံစံ (Work Procedure) တွေကိုလည်း HSE ဌာနမှ ကဏ္ဍအလိုက် ပြန်လည်သုံးသပ်ပြီး ဖြည့်စွက်ပြင်ဆင်ကာ အန္တရာယ်ကင်းရှင်းရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအသိများ မြင့်မားပြန့်ပွားလာစေရန် ရည်ရွယ်၍ အသိပညာပေးသင်တန်းတွေကို အပတ်စဉ် ပုံမှန်ပို့ချပေးခဲ့ပါတယ်။ MPRL E&P ၏ ကုမ္ပဏီဝန်ထမ်းများ သာမက MOGE မှ ဝန်ထမ်းများအကြားတွင်လည်း Positive Safety Culture အလေ့အထပေါက်ဖွားရှင်သန်လာစေရန်အန္တရာယ်ဖြစ်စေနိုင်သော အခြေအနေ (Unsafe Condition)၊ အန္တရာယ်ကြုံတွေ့စေနိုင်သော အပြုအမူ (Unsafe Action) များအား သတင်းပို့တဲ့ စနစ်ဖြစ်သော CARE Card System ကိုလည်း ပိုမိုအလေးပေး ကျင့်သုံးဆောင်ရွက်စေခဲ့ပါတယ်။

ထိုသို့ဆောင်ရွက်မှုများကြောင့်လည်း၊ ဝန်ထမ်းများလုပ်ငန်းခွင်ထိခိုက်မှုကို တတ်နိုင်သမျှ နည်းစေခဲ့ရပါတယ်။ အကယ်၍ မတော်တဆထိခိုက်မှုမျိုး ရှိလာခဲ့ရင်လည်း MOGE ဝန်ထမ်း၊ MPRL E & P ဝန်ထမ်းဟူ၍မခွဲခြားဘဲ လိုအပ်သမျှ ကျန်းမာရေးစောင့်ရှောက်မှုသာမက လူမှုရေး ထောက်ပံ့မှုများလည်း ပြုလုပ်ခဲ့ပါတယ်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

ရေနံတူးဖော်ရေးလုပ်ငန်းဖြစ်သည့်အတွက် ရေနံတွင်းမှထွက်လာသည့်ရေဆိုးများ၊ ရေနံနဲ့ ဖယောင်းစသည်များကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေရန်၊ စနစ်တကျသန့်စင်ရှင်းလင်းသိမ်းဆည်းသည့် စနစ်များဖြင့် သတ်မှတ်ထားသော ဥပဒ်မဖြစ်စေတဲ့ လုံခြုံဘေးကင်းတဲ့နေရာတွေမှာ စွန့်ပစ်ကြောင်း ကုမ္ပဏီမှ သိရပါတယ်။

ရေနံထုတ်ယူရာတွင် အနည်းနဲ့အများဆိုသလို ရေနံနှင့်အတူပါလာတဲ့ ရေငန်၊ ဖယောင်းနဲ့ စွန့်ပစ်အညစ်အကြေးတွေဒဏ်ကို ပတ်ဝန်းကျင်ဒေသများမှ ခံရစမြဲဖြစ်ရာ မန်းရေနံမြေတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများမှ အနည်းဆုံးနဲ့ အသက်သာဆုံးဖြစ်စေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာန၏ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လုပ်မှု လမ်းညွှန်ချက်များတွင် ပါဝင်သော ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းလုပ်ငန်းနဲ့ ပတ်သက်တဲ့ လမ်းညွှန်ချက်တွေနဲ့ ကိုက်ညီအောင် စနစ်တကျဆောင်ရွက်လျက်ရှိတယ်လို့ MOGE မှ သိရပါတယ်။

''ရေနံမြေကထွက်သမျှရေတွေကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင်၊ ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ကျွန်တော်တို့ဆောင်ရွက်နေပါတယ်''ဟု ဦးရဲနိုင်က ပြောပါတယ်။

ဒါ့အပြင် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် နိုင်ငံတကာ ကျင့်သုံးနေတဲ့ အကောင်းဆုံးနည်းလမ်းများနဲ့ United Nations (UN) Global Compact ၏ သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သော လိုက်နာဆောင်ရွက်ရန်ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများအား၊ မူဝါဒချမှတ်၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

မန်းရေနံမြေတွင် ရေနံတွင်းများမှ ထွက်ရှိလာသည့် ရေနံများကို၊ ရေနံထိန်းသိမ်းရေး သံကန်တန်းစခန်းများဖြစ်သည့် သံကန်တန်း (၁) မှ (၅) အထိ၊ စခန်းငါးခုသို့ ပိုက်လိုင်းများဖြင့်ပို့ဆောင်ပြီး ကုန်းတွင်းရေနံနဲ့ သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းတွင် ပမာဏအများဆုံးစွန့်ပစ်ပစ္စည်းဖြစ်သော၊ ရေနံနှင့်အတူ ထွက်လာသည့် အညစ်အကြေးများကို ရေဆိုးကန်တွေနဲ့ စနစ်တကျသိုလှောင်ထိန်းသိမ်းထားရှိကာ ယင်းမှ ရေ ၉၂ ရာခိုင်နှုန်းခန့်ကို အသုံးမပြုတော့တဲ့ ရေနံတွင်းဟောင်းများအတွင်းသို့ Pump စက်များအသုံးပြု၍ စနစ်တကျ ပြန်လည်စွန့်ပစ်ကြောင်း၊ ဤသို့ပမာဏများပြားသည့် စွန့်ပစ်ရေများကို တွင်းဟောင်းများအတွင်းသို့ စွန့်ပစ်ခြင်းမှာ လွယ်ကူသည့်လုပ်ငန်းမဟုတ်ကြောင်း၊ တွင်းဟောင်းများ၏ တည်ရှိနေသည့် Geology နှင့် Reservoir Engineering တို့၏သဘာဝများကို ဆန်းစစ်အကဲဖြတ်ရကြောင်း၊ ဆက်လက်၍ Projecting, Engineering မှ Technology နှင့် Surface Facilities အကူအညီကိုရယူ၍ စနစ်တကျ တွင်းရွေးချယ်စွန့်ပစ်ရကြောင်း၊ ဤနည်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ကျဆင်းသည်သာမက မြေအောက်ရေနံ ကျန်ရှိခိုအောင်းနေသော သဲကြောများကို အထိုက်အလျောက် Pressure Energy ပြန်လည်ဖြည့်တင်းပေးနိုင်သဖြင့် ရေနံထုတ်လုပ်မှုကိုပါ အနည်းငယ်အထောက်အကူရရှိစေကြောင်း MPRL E & P မှ သိရပါတယ်။

ယခင်က ရေနံတွင်းများမှ ထွက်သောရေများကို မန်းချောင်းနဲ့ ဧရာဝတီမြစ်အတွင်းသို့ စွန့်ပစ်ခဲ့ရာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ်မှစ၍ ရေနံမြေ၏ ပြင်ပသို့လုံးဝမရောက်အောင် ထိန်းသိမ်းနိုင်ခဲ့ပါတယ်''ဟု မန်းရေနံမြေမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ဒါ့အပြင် ရေနံတွင်းအခြေများတွင် ရေနံယိုဖိတ်မှု မဖြစ်စေရန် Concrete Pad နှင့် Concrete Pit များ ဆောက်လုပ်မှုကို စီမံကိန်းချ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရပါတယ်။

ရေနံလုပ်ကွက် တွင်းအမှတ် (၄၃၁)အနီး စိုက်ပျိုးရေးလုပ်ကိုင်သူ မန်းကျိုးကျေးရွာနေ တောင်သူ ဦးအေးထွန်းက ''အခုထိတော့ ရေနံယိုဖိတ်တာတော့မရှိပါဘူး။ ရေနံတွင်းရဲ့ ပေ ၁၀၀ ပတ်လည်ကို ကျော်လွန်ပြီးပတ်ဝန်းကျင်ထိခိုက်တာ၊ စိုက်ခင်းတွေ ပျက်စီးတာဖြစ်ရင် ကုမ္ပဏီကသီးနှံလျော်ကြေးပေးတယ်။ ရေနံတွင်းတူးစင်နဲ့ ပေ ၁၀၀ အတွင်းသွားပြီးစိုက်လို့ ပျက်စီးရင်တော့မရဘူးပေါ့ ''ဟု ပြောပါတယ်။

ဒါ့အပြင် ရေနံနှင့်ရေဆိုးများယိုဖိတ်မှုများနှင့်ပတ်သက်၍ Emergency Response Team ကို MOGE နှင့် ပူးပေါင်းဖွဲ့စည်းကာ မန်းရေနံမြေအတွင်း ယိုဖိတ်မှုဖြစ်ပါက အလျင်အမြန် ရှင်းလင်းဆောင်ရွက်ပေးနေကြောင်း သိရပါတယ်။

''အရင်က ရေနံတွင်းများမှထွက်လာသည့်ရေဆိုးတွေကို သယ်ယူလာတဲ့ကားတွေက လယ်ယာလုပ်ကိုင်သူတွေရဲ့ ယာခင်းနားအနီးမှာ ဖောက်ချခဲ့လို့ တောင်သူတွေရဲ့ ယာမြေများရှိ ယာခင်းသီးနှံများ ပျက်စီးခဲ့မှုများရှိခဲ့သော်လည်း အခုအခါ စနစ်တကျစွန့်ပစ်မှုများကြောင့် ယာမြေတွေ ပျက်စီးမှုနည်းသွားပါပြီ''ဟု တောင်သူ ဦးစိုးဝင်းက ပြောပြပါတယ်။

မန်းရေနံမြေအတွင်း၊ ဒေသခံတောင်သူများက နေကြာ၊ မတ်ပဲ၊ ပဲစင်းငုံ၊ ပြောင်းဖူး၊ ပဲတီစိမ်း စသည့် သီးနှံခင်းများအပြင် ထင်းရှူးသေတ္တာများဖြင့် မြေကြီးပေါ်တွင်ချ၍ ပျားမွေးမြူရေးလုပ်ကိုင်ဆောင်ရွက်နေသည်မှာလည်း နေရာအနှံ့ပင် တွေ့ရပါတယ်။

မန်းရေနံမြေအတွင်း စိုက်ပျိုးလုပ်ကိုင်သူတောင်သူများကို နံနက် ၆ နာရီမှ ည ၆ နာရီအတွင်း လွတ်လပ်စွာစိုက်ပျိုးလုပ်ကိုင်သွားလာခွင့်ပေးထားပြီး ည ၆ နာရီမှ နံနက် ၆ နာရီအတွင်း မန်းရေနံမြေအတွင်း သွားလာခွင့်ကိုတားမြစ်ထားရခြင်းသည် တောင်သူများ၏သီးနှံများပျောက်ဆုံးမှုနှင့် ရေနံပိုက်များမှတစ်ဆင့် ရေနံခိုးထုတ်ဖောက်ယူသည့်ကိစ္စများကို ကာကွယ်သည့်အနေဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း MOGE မှ အထွေထွေမန်နေဂျာ (မန်းရေနံမြေ) က ရှင်းပြပါတယ်။

ထို့ပြင် ကုမ္ပဏီလုပ်ငန်းခွင်နှင့် အခြေစိုက်စခန်းများမှ ထွက်သော အညစ်အကြေးများအား စနစ်တကျစွန့်ပစ်ရန် အဆောက်အအုံ (Waste Management Compound) ကို ၂၀၁၅ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး လက်ရှိတွင် ဝန်ထမ်းနှစ်ဦးက စနစ်တကျသိမ်းဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါတယ်။

ရေနံနှင့်အတူထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို စနစ်တကျစုဆောင်းပြီး ရေနံဓာတ်ငွေ့ရည် စက်ရုံသို့ပို့ခြင်းနှင့် ဒေသတွင်းအသုံးပြုရန်အတွက် ဝန်ထမ်းအိမ်ရာများတွင် အသုံးပြုလျက်ရှိတယ်လို့ MPRL E & P ထံမှ သိရပါတယ်။

**ရေနံအထွက်တိုးရေးကြိုးပမ်းမှု**

''မန်းရေနံမြေမှာအခုဆို တူးဖော်ထားတဲ့ ရေနံတွင်းပေါင်း ၆၆၈ တွင်းရှိတယ်။ အဲဒီ ၆၆၈ တွင်းမှာ အခုလောလောဆယ် ၃၂၅ တွင်းကပဲ ထုတ်နိုင်တယ်။ ပိတ်ထားတဲ့တွင်းက ၃၂၆ တွင်း၊ စွန့်ပစ်ရေပြန်ထည့်တဲ့တွင်းက ၁၇ တွင်းရှိတယ်''ဟု MOGE မှ အထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်ထံမှ သိရပါတယ်။

ယခုလက်ရှိတွင် မန်းရေနံမြေအတွင်းရှိ ရေနံအထွက်နှုန်းနည်းပါးသည့်တွင်းများအား ရေနံအထွက်နှုန်းကောင်းမွန်ရန် MPRL E & P မှ (P 75)(P 69) Casing Swabbing စက်နှစ်စီးကို နည်းပညာတီထွင်အသုံးပြုပြီးဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတွင်း မည်သူမျှမပြုလုပ်ဖူးသော နောက်ဆုံးပေါ်နည်းများဖြစ်သည့် Greenzyme နှင့် အခြား Chemical Treatment များ၊ Hydraulic Fracturing Technique များ၊ တွင်းဟောင်းများအား ပေနက်ပိုင်းခန့် ဆက်လက်တူးဖော်ခြင်း (Deepening) ကို အသုံးပြု၍လည်း ရေနံထုတ်လုပ်မှုအထွက်တိုးစေရန် ဆောင်ရွက်လျက်ရှိကြောင်း MPRL E & P မှ သိရပါတယ်။

''တချို့တွင်းတွေက Pumping Unit (မောင်းညိတ်စက်) နဲ့ တစ်နေ့လုံးဆွဲတာတောင် ရေနံ တစ်ရက်မှ နှစ်စည်၊ သုံးစည်လောက်ရတာ၊ နောက်ပြီး မော်တာလျှပ်စစ်ကို သုံးနေရတယ်။ တွင်း ၇၀ စာလောက်အတွက် စက်က မလုံလောက်ဘူး။ အဲဒီစက်တွေက ဈေးကြီးတယ်။ စက်အပေါ်မူတည်ပြီး အဟောင်းတောင် ဒေါ်လာ လေး၊ ငါးသောင်းပေးရတာ။ MOGE က Pulling Unit စက်တွေကို Casing Swabbing Unit အဖြစ်ပြောင်းလဲပြီး ကုမ္ပဏီကရေနံခပ်လို့ရအောင် တီထွင်လိုက်တယ်၊ အဲဒီစက်တွေက ရွှေ့လျားလို့ရတဲ့အခါကျတော့ တစ်ရက်ကို ရေနံတွင်း ငါးတွင်းလောက် လိုက်ဆွဲနိုင်တဲ့အတွက် ပိုပြီးတွက်ခြေကိုက်တယ်''ဟု MPRL E & P မှ တာဝန်ရှိသူ ဦးခင်မောင်ဒွေးက ပြောပြပါတယ်။

**Win-Win အကျိုးကျေးဇူး**

MOGE နှင့် MPRL E & P တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရန်ချုပ်ဆိုထားသည့် Performance Compensation Contract (PCC) သဘောတူစာချုပ်တွင် မူလအခြေခံထုတ်လုပ်မှုနှင့် အထွက်တိုးထုတ်လုပ်မှုဆိုပြီး နှစ်ပိုင်းပါရှိပါတယ်။ စာချုပ်မချုပ်မီကတည်းက MOGE က ထုတ်လုပ်နိုင်နေသော ပမာဏကို မူလအခြေခံထုတ်လုပ်မှု (Base Production)လို့ ခေါ်ပါတယ်။ စာချုပ်ချုပ်ဆိုပြီးတဲ့အခါမှာ ကုမ္ပဏီက အလုံးစုံရင်းနှီးကျခံထုတ်လုပ်ရပြီး ရလာတဲ့ထုတ်လုပ်မှုတွေထဲက၊ အဲဒီ မူလအခြေခံထုတ်လုပ်မှုပမာဏ ၁၀၀ ရာခိုင်နှုန်းအားလုံးကို နိုင်ငံတော်က ရယူပါတယ်။ အခြေခံထုတ်လုပ်မှု သတ်မှတ်ချက်ထက် ကျော်လွန်ထုတ်လုပ်နိုင်တဲ့ပမာဏကိုတော့ အထွက်တိုးထုတ်လုပ်မှု (Incremental Production) လို့ခေါ်ပြီး အဲ့ဒီ အထွက်တိုးထုတ်လုပ်မှုရဲ့ ၄၀ ရာခိုင်နှုန်းကိုလည်း နိုင်ငံတော်ကပဲ ထပ်မံခွဲဝေရယူပါတယ်။ ကျန်တဲ့အထွက်တိုးထုတ်လုပ်မှု ၆၀ ရာခိုင်နှုန်းကိုသာ စိုက်ထုတ်ထားသော ကုန်ကျစရိတ်များအတွက် ခုနှိမ်မှု Cost Recovery အနေနဲ့ ကုမ္ပဏီက ခွဲဝေရရှိပါတယ်။ ထိုသို့ Cost Recovery အတွက် ခွဲဝေပြီးနောက် ပိုလျှံတဲ့ပမာဏကို စွန့်စားရင်းနှီးမြှုပ်နှံမှုအတွက် ပြန်လည်ရရှိမှု (Risk Compensation) အတွက် ခွဲဝေမှုအဖြစ်ကို အဆိုပါပိုလျှံတဲ့ပမာဏမှ နိုင်ငံတော်က ၆၅ ရာခိုင်နှုန်းရယူပြီး ကုမ္ပဏီက ၃၅ ရာခိုင်နှုန်းအဖြစ် အကျိုးအမြတ်ခွဲဝေမှု အနေနဲ့ ခွဲဝေရရှိပါတယ်။ ဒါကြောင့်၊ မန်းရေနံမြေ PCC Contract စာချုပ်အရ လက်ရှိအချိန်ထိ ထွက်ရှိလာသော အထွက်တိုးရေနံထုတ်လုပ်မှုအပေါ် ခွဲဝေမှုကိုကြည့်မယ်ဆိုရင် ဥပမာ - အထွက်တိုးစည် ၁၀၀ ထွက်တယ်လို့ယူဆပါက နိုင်ငံတော်အနေနဲ့ ၇၃ စည်ခန့်ရရှိပြီး ကုမ္ပဏီကတော့ ၂၇ စည်ခန့် ရရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် တွက်မယ်ဆိုရင် စုစုပေါင်းအထွက်တိုးထုတ်လုပ်မှုရဲ့ ၇၃ ရာခိုင်နှုန်းကို နိုင်ငံတော်ကရရှိတာဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူဖြစ် တဲ့ MPRL E & P အနေနဲ့ ၂၇ ရာခိုင်နှုန်းရရှိတာဖြစ်ပါတယ်''ဟု Country Manager ဦးစည်သူမိုးမြင့်က ပြောပါတယ်။



**ဒေသခံတို့၏စကားသံ**

မန်းရေနံမြေမှ ဒေသခံတောင်သူများအနေဖြင့် ရေနံမြေစတင်တူးဖော်ခဲ့သည့်အချိန်မှစ၍ စိုက်ပျိုးမြေနည်းပါးခဲ့ပြီး မြေနုကျွန်းပေါ်သည့်အချိန်မှသာ စိုက်ပျိုးလုပ်ကိုင်နေရသည့်အတွက် ရေနံထုတ်လုပ်မှုမရှိသော၊ ယာမြေများကို ပြန်လည်ရရှိရန်မျှော်လင့်နေကြကြောင်း ဒေသခံတစ်ဦးလည်းဖြစ်၊ ကျေးရွာစုအုပ်ချုပ်ရေးမှူးလည်းဖြစ်သည့် ဦးစိုးဝင်းထံမှ သိရပါတယ်။

''MOGE နှင့် MPRL E & P တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည့်အချိန်မှစ၍ မန်းရေနံမြေတွင် ရေနံတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးခဲ့ပြီး ဒေသခံများ၏လိုအပ်ချက်များ၊ လူမှုအကျိုးပြုလုပ်ငန်းများ၊ MOGE နှင့် MPRL E & P တို့မှ ဆောင်ရွက်ပေးနေသော်လည်း စိုက်ပျိုးမြေရှားပါးလာမှုနှင့် အလုပ်အကိုင်ရှားပါးမှုကို ဒီဒေသမှာ စိုက်ပျိုးလုပ်ကိုင်စရာက မြေနုကျွန်းပဲရှိတော့တယ်။ လက်လုပ်လက်စားတွေ အလုပ်အကိုင် အခွင့်အလမ်းတွေရစေချင်တယ်။ ရေနံတူးခဲ့တဲ့နေရာတွေက တိုင်းပြည်အတွက်အကျိုးရှိလို့ထားပါ။ ရေနံမတူးတော့တဲ့ နေရာတွေကိုတော့ စိုက်ပျိုးဖို့အတွက် ဒေသခံတွေကို ပြန်ပေးစေချင်တယ်''ဟု ၎င်းကပြောပြခဲ့ပါတယ်။

**Public- Private Partnership (PPP) ရဲ့အကျိုးကျေးဇူး**

ယနေ့ မန်းရေနံမြေရဲ့ အောင်မြင်မှုတွေဟာ PPP လို့ခေါ်တဲ့ Public-Private Partnership ပုံစံကို အခြေခံဆောင်ရွက်နိုင်လို့ရရှိခဲ့တာဖြစ်ပါတယ်။ PPP ဆိုတာဟာ နိုင်ငံတော်အစိုးရပိုင် Enterprise လုပ်ငန်းတစ်ခုနှင့် ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းတစ်ခုအကြား နှစ်ဦးနှစ်ဖက်သဘောတူကန်ထရိုက်စာချုပ်ချုပ်ဆိုဆောင်ရွက်ရတဲ့ စီးပွားရေးလုပ်ငန်းပုံစံတစ်ခုဖြစ်ပါတယ်။ အဲ့ဒီသဘောတူစာချုပ်အရ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းတစ်ခုချင်းအလိုက် ပိုင်ဆိုင်မှုတွေ၊ အရည်အသွေးတွေကို အချိုးကျထည့်ဝင်ပေါင်းစုပြီး နိုင်ငံ နဲ့ ပြည်သူရေရှည်အကျိုးအတွက် ပုံဖော်ဆောင်ရွက်ကြရပါတယ်။ ဒီနေရာမှာ Mann ရေနံမြေ Project ဟာ PPP အတွက် အကောင်းဆုံးဥပမာပုံစံတစ်ခုလို့ ပြောနိုင်ပါတယ်။ Natural Decline ကြောင့် ရေနံအထွက်နှုန်းကျဆင်းလာနေတဲ့ ရေနံမြေဟောင်းတစ်ခုကို ရေရှည်ထိန်းသိမ်းဖို့နဲ့ အထွက်နှုန်းပြန်လည်တိုးတက်လာနိုင်ရန်အတွက် အစိုးရကပဲ လုပ်ဆောင်ရန်ခက်ခဲတဲ့အချိန်မှာ နည်းပညာနဲ့ ဘဏ္ဍာငွေကြေးဆိုင်ရာ တတ်နိုင်သော ပုဂ္ဂလိကကုမ္ပဏီတစ်ခုနဲ့အပြန်အလှန်ညှိနှိုင်းပြီး သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ရပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှုကြောင့် ယနေ့ နှစ် ၂၀ ကျော် ကာလရောက်ရှိလာသည့်တိုင်အောင် နိုင်ငံနဲ့ ပြည်သူရဲ့ရေရှည်အကျိုးကို အဲ့ဒီရေနံမြေက တစ်နည်းအားဖြင့် Mann ရေနံမြေက ဖြည့်စွမ်းပေးနိုင်နေဆဲပဲဆိုတာကို မျက်ဝါးထင်ထင်မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး MPRL E & P မှ Country Manager ဦးစည်သူမိုးမြင့်ကတော့ ''ဒါ့ကြောင့် အခုအချိန်မှာ အစိုးရဖြစ်စေ၊ ကုမ္ပဏီဖြစ်စေ၊ အားလုံးဟာ ကိုယ်လိုချင်တာတစ်ခုထဲကိုပဲ၊ ကိုယ့်ဘက်က သာအောင်ကြည့်ချင်၊ လုပ်ချင်လို့မဖြစ်နိုင်တော့ပါဘူး။ နိုင်ငံရဲ့ရေရှည်အကျိုးကိုရှေးရှုပြီး အထက်မှာပြောခဲ့တဲ့အများသဘောတူ ( PPP ) ပုံစံမျိုးကိုဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်''လို့ သူ့ယုံကြည်ချက်အမြင်ကို ရှင်းလင်းစွာပြောပြခဲ့ပါတယ်။

**တပ်ကုန်းမြို့နယ်၌ (၄၂) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ**

**တပ်ကုန်း ဖေဖော်ဝါရီ ၁၃**-နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်းရှိ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်များ နှစ်စဉ်နှစ်တိုင်း တပို့တွဲလပြည့်နေ့တွင် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူနိုင်စေရန် ရည်ရွယ်၍ မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော်လောင်းလှူပွဲကြီးကို ဖေဖော်ဝါရီ ၁၁ ရက်က ငွေတောင်တောရ ပရိယတ္တိစာသင်တိုက်မှ မိုယ်းကောင်းဘုရားကြီးအထိ မြို့တွင်း ရန်ကုန်-မန္တလေး ကားလမ်းဟောင်းတစ်လျှောက်၌ ကျင်းပခဲ့သည်။ ဆွမ်းဆန်တော်လောင်းလှူပွဲတွင် နေပြည်တော်ကောင်စီဝင် (တပ်ကုန်း) မြို့နယ်တာဝန်ခံ ဦးတင်ထွဋ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိုယ်းကောင်းဘုရားကြီး ဆွမ်းဆန်တော် လောင်းလှူရေးအဖွဲ့တို့က မြို့နယ်အတွင်းရှိ သံဃာတော်အပါး ၅၀၀၊ သီလရှင် အပါး ၅၀ တို့ ကြွချီ ခံယူတော်မူကြောင်း သိရသည်။

**မေသုခ**

# ကုန်းဘောင်ခေတ် ပုထိုးတော်ကြီး နှစ်ဆူ



## မောင်သာ(ရှေးဟောင်းသုတေသန)

ပုထိုးတော်ကြီးဘွဲ့အမည်ဖြင့် ယနေ့တိုင် ထင်ရှားလျက်ရှိသည့် ကုန်းဘောင်ခေတ်လက်ရာ သာသနိကအဆောက်အအုံနှစ်ခုကို စစ်ကိုင်းမြို့နယ် မင်းကွန်းတွင်တစ်ဆူ၊ အမရပူရမြို့တွင် တစ်ဆူ မြင်တွေ့နိုင်ကြသည်။ မင်းကွန်းရှိ ပုထိုးတော်ကြီးသည် ဘိုးတော်ဘုရားဗဒုံမင်း(၁၇၈၂-၁၈၁၉) တည်ခဲ့သည့် အပြီးမသတ်ခဲ့သော အဆောက်အအုံကြီးတစ်ခုဖြစ်ပြီး အမရပူရပုထိုးတော်ကြီးမှာမူ ဘကြီးတော် စစ်ကိုင်းမင်း (၁၈၁၉-၁၈၃၇) တည်ထားခဲ့သည့် စေတီတော်ဖြစ်သည်။

ကုန်းဘောင်ခေတ် ဘုရင်များလှူဒါန်းခဲ့သည့် ခေါင်းလောင်းတော်များ လေ့လာရေးခရီးစဉ်အတွင်း စစ်ကိုင်းမြို့နှင့်အမရပူရမြို့သို့ရောက်ရှိခဲ့ရာ စစ်ကိုင်းမြို့အောင်မြေလောက စေတီဝင်းအတွင်း၌ ဘိုးတော်ဘုရားဗဒုံမင်းလှူဒါန်းခဲ့သည့် ခေါင်းလောင်းတော်နှင့် အမရပူရမြို့ပုထိုးတော်ကြီးအနီးတွင် ဘကြီးတော်စစ်ကိုင်းမင်းလှူဒါန်းခဲ့သည့် ပုထိုးတော်ကြီး ခေါင်းလောင်းတော်တို့ကို မြင်တွေ့ခဲ့ရသည်။

**စစ်ကိုင်းနှင့် အမရပူရ**

စစ်ကိုင်းနှင့်အမရပူရသည် မြန်မာနိုင်ငံအထက်ပိုင်းတွင် တည်ရှိသည့် ရှေးမြို့တော်ဟောင်းများဖြစ်ကြကာ ဧရာဝတီမြစ်၏ တစ်ဖက်တစ်ချက်တွင် တည်ရှိနေကြသည်။

ဇေယျာပူရခေါ် စစ်ကိုင်းမြို့သည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင်တည်ရှိပြီး ဧရာဝတီမြစ်သည် မြောက်မှတောင်သို့စီးဆင်းလာရာမှ စစ်ကိုင်းမြို့တောင်ဘက်တွင် အနောက်သို့ကွေ့သွားကာ မြို့ကိုပွေ့ပိုက်ထားသကဲ့သို့ဖြစ်နေသဖြင့် လှပသည့် စစ်ကိုင်းမြစ်ကမ်းကို ဇေယျာကမ်းအလှပန်းချီဟု တင်စားကြသည်။ စစ်ကိုင်းမြို့သည် မန္တလေးမြို့မှ အနောက်ဘက်သို့ ၁၂ မိုင်ခန့်ကွာဝေးပြီး မင်းဝံတောင်တန်းကြီး၏ အောက်ခြေတွင် တည်ရှိသည်။

ပုဂံပျက်ပြီးနောက် ရှမ်းညီနောင်သုံးယောက်အနက် အငယ်ဆုံးဖြစ်သော ပင်းယမြို့တည် တစ်စီးရှင်သီဟသူ၏ သားဖြစ်သူ စောယွမ်းသည် သက္ကရာဇ် ၆၇၇ ခုနှစ် (ခရစ်နှစ် ၁၃၁၅ ခုနှစ်) တွင် စစ်ကိုင်းမြို့ကို တည်ခဲ့ပြီး သီရိအသင်္ခယာဟူသော အမည်ကိုခံယူ၍ မြောက်ဘက်တစ်လွှားကို မင်းပြုခဲ့သည်။ စစ်ကိုင်းမြို့တည်နှစ်ကို “သားတိုးတိုင်း၊ စစ်ကိုင်းတည်” ဟုလည်းကောင်း၊ “သံတံတိုင်း၊ စစ်ကိုင်းတည်” ဟုလည်းကောင်းမှတ်သားခဲ့ကြသည်။ အသင်္ခယာစောယွမ်းသည် ထိုစဉ်က ၈၃၃ တာ အကျယ်အဝန်းရှိသော စစ်ကိုင်းမြို့ကို တည်ထောင်ခဲ့ရာ လက်ရှိအချိန်တွင် စစ်ကိုင်းမြို့နယ်၏ ဧရိယာသည် ၄၈၅ ဒသမ ၆ စတုရန်းမိုင်ဖြစ်ပြီး လူဦးရေ ၇၀၀၀၀ ကျော်နေထိုင်လျက်ရှိသည်။

စစ်ကိုင်းမြို့တော်တွင် မင်းဆက်ခုနစ်ဆက်က နှစ် ၅၀ ကြာ စိုးစံခဲ့ကြရာ အသင်္ခယာစောယွမ်းက ရှစ်နှစ်၊ နောင်တော် တရဖျားက ၁၄ နှစ်၊ တရဖျား၏သား ရွှေတောင်တက်က သုံးနှစ် ၊အသင်္ခယာစောယွမ်း၏သား ကျော်စွာက ၁၀နှစ်၊ ညီတော် နော်ရထာ မင်းရဲက ခုနစ်လ ၊ ညီတော် ဆင်ဖြူရှင် တရဖျားငယ်က သုံးနှစ်နှင့် မင်းပြောက်က ၁၃ နှစ် အုပ်စိုးခဲ့ကြသည်။

နှစ် ၅၀ ကြာ နန်းမြို့ဖြစ်ခဲ့သည့် စစ်ကိုင်းသည် မြောက်ဘက် ၁၂ မိုင်အကွာရှိ မင်းကွန်းဒေသမှ မင်းကွန်းခေါင်းလောင်းတော်ကြီး၊ မင်းကွန်းပုထိုးတော်ကြီးတို့နှင့် အတူအထူးထင်ရှားသော မြို့တစ်မြို့ဖြစ်ပေသည်။

ခရစ်နှစ် ၁၇၈၃ ခုနှစ် မေလတွင် ဘိုးတော်ဘုရား တည်ထောင်ခဲ့သည့် အမရပူရသည် ဘိုးတော်ဘုရားလက်ထက် ခရစ်နှစ် ၁၇၈၃ ခုနှစ်မှ ၁၈၂၃ ခုနှစ်အထိ တစ်ကြိမ်၊ သာယာဝတီမင်းလက်ထက်၊ ခရစ်နှစ် ၁၈၃၇ ခုနှစ်မှ ၁၈၅၇ ခုနှစ်အထိ တစ်ကြိမ် မင်းနေပြည်တော်နှစ်ကြိမ်ဖြစ်ခဲ့သည်။ အမရပူရသည် မန္တလေးမြို့မှ ၆ ဒသမ ၈ မိုင် ကွာဝေးပြီး မြို့ပြဖွံ့ဖြိုးလာမှုကြောင့် ယခုအချိန်တွင် မန္တလေးမြို့နှင့် တစ်ဆက်တည်းဖြစ်နေသည်။

အမရပူရမြို့ကို မန္တလေးမြို့၏ တောင်အရပ်တွင်ရှိသောကြောင့် တောင်မြို့ဟုလည်းခေါ်ဆိုကြပြီး ပိုးထည်၊ ချည်ထည်လုပ်ငန်းနှင့်ကြေးသွန်းလုပ်ငန်းများကြောင့် ထင်ရှားသကဲ့သို့ တောင်သမန်တံတားခေါ် ဦးပိန်တံတားကြောင့် ကမ္ဘာလှည့်ခရီးသွားများအကြား ပိုမိုကျော်ကြားခဲ့သည်။ ကုန်းဘောင်မင်းဆက်၏ ကိုးဆက်မြောက်ဘုရင် ပုဂံမင်း၏ အမိန့်အရ အမရပူရမြို့ဝန်ရုံးမှ စာရေး ဦးပိန်က တောင်သမန်အင်းကို ဖြတ်လျက် ကျွန်းသစ်လုံးတိုင်ပေါင်း ၉၈၄ တိုင် (နဝအင္ဂ ၊ ဇယမောင်ပိန်) ဖြင့် ခြောက်ဖာလုံ ရှည်လျားသည့် တံတားကို တည်ဆောက်ခဲ့ရာ ခရစ်နှစ် ၁၈၅၁ ခုနှစ်တွင် ပြီးစီးခဲ့သည်။

**မင်းကွန်းပုထိုးတော်ကြီး**

မင်းကွန်းပုထိုးတော်ကြီးအား အမရပူရကို တည်ထောင်ခဲ့သူ ဘိုးတော်ဘုရားဗဒုံမင်းက မြန်မာသက္ကရာဇ် ၁၁၅၂ ခုနှစ် (ခရစ်နှစ် ၁၇၉၀ ပြည့်နှစ်) တွင် တည်ထားခဲ့သည်။ ဘိုးတော်ဘုရားသည် တိုင်းပြည်သာယာဝပြောရေးနှင့် သာသနာရေးကို အထူး အာရုံစိုက်ခဲ့ပြီး အောင်ပင်လယ်ကန်နှင့် နန္ဒာကန်တို့ကို ပြုပြင်ခဲ့ကာ မိတ္ထီလာကန်ကို အသစ်ဆည်ဖို့ခဲ့သည်။ ဘိုးတော်ဘုရားလက်ထက်တွင် ယခုခေတ် သန်းခေါင်စာရင်းပုံစံစစ်တမ်းများကို ကောက်ယူခဲ့ရာ ဘိုးတော်ဘုရားစစ်တမ်းဟူ၍ ထင်ရှားခဲ့သည်။

သာသနာရေးကို အလေးထားသည့်ဘိုးတော်ဘုရား တည်ထားခဲ့သော မင်းကွန်းပုထိုးတော်ကြီးသည် ရွှေတိုက်စာရင်းမှု ပုရပိုက်အရ အချင်း ၂၉၃ တောင် နှင့် အမြင့် ၃၅၂ တောင်ရှိသည်။ မင်းကွန်းပုထိုးတော်ကြီးကျောက်စာ (မင်းကွန်းပုထိုးတော်ကြီး ဒုတိယကျောက်စာ အမှတ် ၂၂၁ မဟာမုနိဘုရားကျောက်စာရုံ မန္တလေးမြို့) တွင် ပုထိုးတော်ကြီး၏ အတိုင်းအတာကို စတုရန်း လေးထောင့်စပ်စပ် တည်ခင်းအပ်သောဘိနပ်အစ ပထမအာလိန်အချင်း သံတောင် ၃၀၀ နှင့် ၂ မိုက်ဟု ဖော်ပြထားသည်။

ဘိုးတော်ဘုရားသည် နန်းတက်ပြီး ကိုးနှစ်အကြာတွင် မိမိပိုင်နက်အတွင်း အကြီးမားဆုံးသော သာသနိကအဆောက်အအုံဖြစ်သည့် ပုထိုးတော်ကြီးကို မင်းကွန်းအရပ်၌ တည်ဆောက်ခဲ့သည်။ မင်းကွန်းပုထိုးတော်ကြီးကို ပေ ၅၀၀ အမြင့်အထိတည်ထားရန် ရည်ရွယ်ခဲ့သော်လည်း ပေ ၁၆၀ အမြင့်အရောက်တွင် ပြိုကျခဲ့သည်ဟု သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ရေးသားခဲ့သည်။

ဘိုးတော်ဘုရားသည် မင်းကွန်းပုထိုးတော်ကြီး တည်ဆောက်မှုအား သက္ကရာဇ် ၁၁၇၄ ခုနှစ်တွင် ရပ်ဆိုင်းခဲ့သည်။ “ကြီးလေးကြီး၊ အပြီးမသတ်၊ မုဆိုးသုညအပ်” ဟူသော တဘောင်ပေါ်ခဲ့သဖြင့် ရပ်ခဲ့ခြင်းဖြစ်ကြောင်း အစဉ်အဆက် ပြောဆိုခဲ့ကြသည်။ ကြီးလေးကြီးဟူသည်မှာပုထိုးတော်ကြီး၊ ခေါင်းလောင်းတော်ကြီး၊ ခြင်္သေ့ကြီးနှင့်ကန်တော်ကြီးတို့ဖြစ်သည်။ ထိုတဘောင်ကိုပညာရှိများက ပုထိုးတော်ကြီးကို ပြီးစီးအောင်တည်ပါက ဘုရင်မင်းမြတ် နတ်ရွာစံလိမ့်မည်ဖြစ်ကြောင်း အဓိပ္ပာယ်ကောက်ခဲ့ကြသဖြင့် ဘိုးတော်ဘုရားက ပြီးစီးအောင် မတည်ခဲ့ခြင်းဖြစ်ကြောင်းလည်း ယူဆကြသည်။ ဘိုးတော်ဘုရားသည်မင်းကွန်းပုထိုးတော်ကြီး ပြီးစီးသည်အထိ မတည်ဆောက်ခဲ့ရဘဲ ခရစ်နှစ် ၁၈၁၉ ခုနှစ်တွင် ကံကုန်ခဲ့သည်။

ဘိုးတော်ဘုရားသည် မင်းကွန်းပုထိုးတော်ကြီး၏ ပုံစံငယ်ဖြစ်သည့် ပုံတော်စေတီကို ပုထိုးတော်ကြီးနှင့်အတူ တည်ထားခဲ့သည်။ ယင်းစေတီငယ်သည် ဉာဏ်တော် ၁၅ ပေမြင့်ကာ နောင်တော်ကြီးစေတီဟု ဘွဲ့အမည်တွင်ပြီး ပုထိုးတော်ကြီး မပြီးစီးမီပုံတော်စေတီကို အနေကဇာတင်ခဲ့သည်။ ပုံတော်စေတီကိုကြည့်ကာ ပုထိုးတော်ကြီး ပြီးဆုံးအောင်တည်ခဲ့လျှင် ဖူးတွေ့ရမည့် ပုံသဏ္ဍာန်ကို မှန်းဆဖူးမြော်ကြရပေသည်။ မင်းကွန်းပုထိုးတော်ကြီးသို့ လာရောက်ကြသူများအား ယခုအခါတွင် ပုထိုးတော်ကြီး ရေရှည်ကြံ့ခိုင်မှုအတွက် အပေါ်သို့တက်ရောက်ခွင့်မပြုတော့ပါချေ။

ဘိုးတော်ဘုရားသည် ပုထိုးတော်ကြီးအနီးတွင် မင်းကွန်းခေါင်းလောင်းတော်ကြီးကို ချိတ်ဆွဲလှူဒါန်းခဲ့ရာ ကမ္ဘာပေါ်တွင် အသံထွက်နိုင်သော ခေါင်းလောင်းများအနက် အကြီးဆုံးခေါင်းလောင်းအဖြစ် ပြည်တွင်းပြည်ပ၌ အလွန်ထင်ရှားခဲ့သည်။ မင်းကွန်း ခေါင်းလောင်းတော်ကြီးအား နန်းတော်ကျွန်းတွင်သွန်းလုပ်ခဲ့ပြီး အလေးချိန်ကြေးပိဿာချိန် ၅၅၅၅၅ ခန့်ရှိသဖြင့် ၅ ဂဏန်းကို ကိုယ်စားပြုသော ကြာသပတေးနံစာလုံး ငါးလုံးဖြင့် “မင်းဖြူမှန်မှန်ပြော” ဟုမှတ်တမ်းပြုခဲ့သည်။ ခေတ်အတိုင်းအတာအရ မင်းကွန်းခေါင်းလောင်း၏ အလေးချိန်သည် ၉၀ ဒသမ ၅၂ တန်ဖြစ်သည်။

**အမရပူရ ပုထိုးတော်ကြီး**

အမရပူရမြို့၏ အနောက်တောင်ဘက်တွင်တည်ရှိသည့် ပုထိုးတော်ကြီး၏ဘွဲ့အမည်သည် မဟာဝိဇယရံသီဖြစ်သော်လည်း စည်းခုံတော်ပုထိုးတော်ကြီးဟု ပိုမိုထင်ရှားသည်။ ယခုအခါတွင် ပုထိုးတော်ကြီးသို့ အမရပူရမြို့တွင်းရှိ ဆုတောင်းပြည့်လမ်းအတိုင်းသွားကာ ရွှေကူကြီးဘုရားဝင်းကို ဖြတ်သန်းပြီး ဘုရားဝင်းအဆုံးတွင် မီးရထားလမ်းကိုဖြတ်ကျော်၍ အလွယ်တကူရောက်ရှိနိုင်သည်။

ဘကြီးတော် စစ်ကိုင်းမင်းသည် ဘိုးတော်ဘုရားဗဒုံမင်း၏ ထီးနန်းအရိုက်အရာကို ခရစ်နှစ် ၁၈၁၉ ခုနှစ် ဇွန် ၇ ရက်တွင် ဆက်ခံခဲ့ပြီး ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခဲ့သည်။ ခမည်းတော် ဗဒုံမင်းသည် အိမ်ရှေ့မင်းသားဘဝက ဟေမမာလာစေတီနှင့် ကျောင်းတော်များကို တည်ဆောက်ကုသိုလ်ပြုခဲ့သည်။ ယင်းစေတီနှင့်ကျောင်းတော်များသည် မီးသင့်ခဲ့ရပြီး ကြွင်းကျန်ခဲ့သည့် သရက်ဥယျာဉ်တော်၌ စေတီတော် တစ်ဆူ တည်ထားရန် စစ်ကိုင်းမင်းက ကြံရွယ်ခဲ့သည်။

ဘကြီးတော် စစ်ကိုင်းမင်းသည် အမရပူရရွှေနန်းတော်၏ အနောက်တောင်ထောင့်ရှိ တာ ၇၀၀ မြေမျက်နှာပြင်၌ သီဟိုဠ် မဟာစေတီကဲ့သို့စည်းခုံတော်စေတီကို မြန်မာသက္ကရာဇ် ၁၁၈၁ ခုနှစ် နှောင်းတန်ခူးလပြည့်နေ့ (ခရစ်နှစ် ၁၈၂၀ ပြည့်နှစ် မတ်လ ၂၈ ရက်) အင်္ဂါနေ့တွင် ကိုယ်တော်တိုင် အုတ်မြစ်ချခဲ့သည်။

ပုထိုးတော်ကြီးစေတီတော် ပထမပစ္စယံပတ်လည်တွင် ပုဂံခေတ်လက်ရာ စဉ့်ကွင်းများ ထည့်သွင်းခဲ့သည်။ ဒုတိယပစ္စယံ၌ ၅၅၀ ဇာတ်တော်လာ ဗုဒ္ဓဖြစ်တော်စဉ်များကို ဇာတ်တော်အမည်နှင့်ဇာတ်ကွက်များနှင့်အတူ စကျင်ကျောက်ဖြူကွက်များတွင်လည်းကောင်း၊ တတိယပစ္စယံတွင် သမ္ဗုဒ္ဓေဘုရားရုပ်တုတော်များကိုလည်းကောင်း ထုလုပ်ခဲ့သည်။ ပုထိုးတော်ကြီး၏ မူလထီးတော်သည် အဝ ၁၂ တောင်၊ အမြင့် ၁၈ တောင် ဘုံကိုးဆင့် ရွှေထီးတော်ဖြစ်သည်။

အမရပူရပုထိုးတော်ကြီးဌာပနာကို ကျုံးနှစ်တန်ရံလျက် ဌာပနာတိုက်ကြီး လေးတိုက်နှင့်တိုက်ငယ် ၁၂ တိုက် တည်ဆောက်ခဲ့သည်ဟုဆိုသည်။ ပုထိုးတော်ကြီးသည် ဖိနပ်တော်အချင်း သံတောင် ၁၂၀ နှင့် ဉာဏ်တော် သံတောင် ၁၂၀ ရှိသည်။

အမရပူရ ပုထိုးတော်ကြီး၏တည်နေရာသည် အမရပူရမြို့တည်နန်းတည် ခုနစ်ဌာနဖြစ်သည့် မြို့တော်၊ကျုံးတော်၊ ရွှေနန်းတော်၊ ကျောင်းတော်၊ ကန်တော်၊ ဂူတော်၊ ပိဋကတ်တိုက်တော်တို့တွင် တစ်ခုအပါအဝင်ဖြစ်သည့် ကျောင်းတော်နေရာဟု အဆိုရှိခဲ့သည်။

**ပုထိုးတော်ကြီး ထီးတော်နှင့် ငလျင်ဒဏ်များ**

မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်နှောင်းတန်ခူးလဆန်း ၈ရက်(ခရစ်နှစ် ၁၈၃၉ ခုနှစ် မတ်လ ၂၂ ရက်) သောကြာနေ့တွင် ပြင်းထန်သော စစ်ကိုင်းငလျင်ကြီး လှုပ်ခတ်ခဲ့ရာ မဟာဝိဇယရံသီပုထိုးတော်ကြီး၏ ထီးတော်သည် ငလျင်ဒဏ်ကြောင့် မြေသို့ခဲ့ခဲ့သည်။ ပုထိုးတော်ကြီးသည် ၃၄ နှစ်ကြာ ထီးတော်မဲ့နေခဲ့ပြီး မြန်မာသက္ကရာဇ် ၁၂၃၄ ခုနှစ်တွင် မင်းတုန်းမင်းကြီးက အမြင့် ၁၃တောင် တစ်ထွာ၊ အဝ ကိုးတောင် နှစ်မိုက်ရှိသည့် ထီးတော်အသစ်ကို ပုပ္ပားဝန်အား ကြီးကြပ်တင်လှူစေခဲ့သည်ဟု မြန်မာ့စွယ်စုံကျမ်းတွင် ဖတ်ရှုရသည်။

သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ စာစုပုရပိုက်မှုတွင် သာယာဝတီမင်းထီးတော်ပြုပြင်တင်လှူသည့် ကုန်ကျစာရင်းကို တွေ့ရှိရကြောင်း တောင်သမန်ပတ်ဝန်းကျင် သမိုင်းဝင်နေရာများ စာအုပ်တွင် ရေးသားထားသည်။ ဘကြီးတော်စစ်ကိုင်းမင်း၏ ညီတော်သာယာဝတီမင်းသည် မြန်မာသက္ကရာဇ် ၁၂၉၇ ခုနှစ်တွင် နောင်တော်မင်းတရား၏ ကောင်းမှုကုသိုလ်တော် မဟာဝိဇယရံသီ ပုထိုးတော်ကြီးကို ထီးတော်အသစ်ပြုပြင်တင်လှူခဲ့ကြောင်း ယင်းစာအုပ်တွင် မှတ်တမ်းပြုထားပေသည်။

မင်းတုန်းမင်းတင်လှူခဲ့သည့် ထီးတော်သည်လည်း မြန်မာသက္ကရာဇ် ၁၂၇၄ ခုနှစ်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် မြေခခဲ့ရပြန်ကာ ခုနစ်နှစ်ကြာ ထီးတော်မဲ့ နေခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၈၁ ခုနှစ်တွင် အမရပူရမြို့သူ မြို့သားများ အသစ်တင်လှူခဲ့သည့် ထီးတော်သည်လည်း ၁၉၅၆ ခုနှစ် ဇူလိုင်လတွင် လှုပ်ခဲ့သည့် ငလျင်ကြောင့် ပျက်စီးခဲ့ကာ ပုထိုးတော်ကြီးသည် ချရားသီးမှ ကြာမှောက်အထိ ပြိုကျခဲ့သည်။ ပုထိုးတော်ကြီး ထီးတော်အသစ်ကို ဗမာ့ခေတ် ဦးအုန်းခင်နှင့် ဇနီး ဒေါ်ခင်ခင်လေးတို့က ၁၉၅၉ ခုနှစ်တွင်တင်လှူခဲ့သည်။

**ပုထိုးတော်ကြီး ခေါင်းလောင်းတော်**

မဟာဝိဇယရံသီ ပုထိုးတော်ကြီး၏ အရှေ့မြောက်ထောင့်တွင် တစ်ဖက်လျှင် ငါးပေကျယ်ဝန်းသည့် လေးထောင့်အုတ်တိုင်ကြီးနှစ်ခုတွင်ခေါင်းလောင်းကြီးတစ်လုံး ချိတ်ဆွဲထားသည်ကို မြင်တွေ့နိုင်ကြသည်။ ယင်းခေါင်းလောင်းကြီးကို ဘကြီးတော် စစ်ကိုင်းမင်းက မြန်မာသက္ကရာဇ် ၁၁၈၉ ခုနှစ်၊ တပေါင်းလဆုတ် ၁၃ ရက် (ခရစ်နှစ်၁၈၂၈ ခုနှစ် မတ်လ ၁၃ ရက်) ကြာသပတေးနေ့တွင် တင်လှူခဲ့သည်။ ခေါင်းလောင်းအလေးချိန်သည် ကြေးစင် ၁၅၀၀၀၀ ကျပ်(ပိဿာ ၁၅၀၀) ဖြစ်ပြီး အချင်းသံတောင် ငါးတောင်၊ အမြင့် သံတောင် ငါးတောင်နှစ်မိုက်ရှိကာ ခေါင်းလောင်းကြီး၏ ပုစွန်တုပ်ကွေးတွင် ခြင်္သေ့ရုပ်များသွန်းလုပ်ထားပြီး မဟာမေရုမကုဋဃဏ္ဍာရာဇာဟု ခေါင်းလောင်းတော်ဘွဲ့အမည် တပ်ခဲ့သည်။

လက်ရှိအချိန်တွင် ပုထိုးတော်ကြီး ခေါင်းလောင်းတော် အတိုင်းအတာသည် အချင်းရှစ်ပေရှစ်လက်မ၊ အတွင်းနှုတ်ခမ်းအချင်း ခုနစ်ပေလေးလက်မရှိပြီး ခေါင်းလောင်းအတွင်းပိုင်းအမြင့်သည် ခြောက်ပေတစ်လက်မဖြစ်သည်။ခေါင်းလောင်းတော် အထူ ရှစ်လက်မ ရှိကာ အထက်အောက် ၂၉ လက်မ ကျယ်ဝန်းသည့် နေရာတွင် ခေါင်းလောင်းစာများကို ပတ်လည်ရေးထိုးထားသည်။ခေါင်းလောင်းစာများကို ဝက်မစွပ်မြို့စားစာဆိုဒုတိယ နဝဒေးဟုကျော်ကြားသည့် ဦးနုကရေးသားခဲ့သည်။

စာများ မရေးခြ စ်ရဟု သတိပေး ဆိုင်းဘုတ်တင်ထားသည့်တိုင် ပုထိုးတော်ကြီးခေါင်းလောင်းတော်ပေါ်တွင် မင်ဖျက်ဆေးဖြူ (Correction Pen) ဖြင့် ရေးခြစ်ထားမှုများကြောင့် ခေါင်းလောင်းစာများကို ပြည့်ပြည့်စုံစုံမဖတ်ရှုနိုင်တော့သည်မှာ နှမြောဖွယ်ကောင်းလှပေသည်။ သမိုင်းဝင် ရှေးဟောင်းပစ္စည်း၏ တန်ဖိုးကို သိနားလည်ကြရန် အထူးလိုအပ်လှပေသည်။

ကုန်းဘောင်ဆက် မြန်မာရှင်ဘုရင်နှစ်ပါးဖြစ်သည့် ခမည်းတော်ဗဒုံမင်းနှင့်သားတော် စစ်ကိုင်းမင်းတို့သည် ဧရာဝတီမြစ်၏ တစ်ဖက်စီတွင် ပုထိုးတော်ကြီးတစ်ဆူနှင့် ခေါင်းလောင်းတော်ကြီးတစ်လုံးစီတို့ကို လှူဒါန်းခဲ့ကြသဖြင့် ကုန်းဘောင်အမွေအနှစ်များအဖြစ် ထင်ရှားစွာ ကျန်ရှိနေပေရာ သမိုင်းအမွေအနှစ်များ အရှည်တည်တံ့ရေးအတွက် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် ကြရမည်သာ ဖြစ်ပါပေသည်။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်း အတွဲ(၆)**

**တောင်သမန်ပတ်ဝန်းကျင် သမိုင်းဝင်နေရာများ (ကိုပညာ၊ အမရပူရ)၊ ဝင်းတွေနှင့်တည်ခဲ့သည့် မင်းနေပြည် (နတ်မောက်ထွန်းရှိန်)**



# ရီးရဲမက်ဒရစ်နဲ့ ဘိုင်ယန်မြူးနစ်တို့ အောင်ပွဲခံမယ့် ချန်ပီယံလိဂ် (၁၆) သင်းအဆင့် ပထမအကျော့

ဒီတစ်ပတ်ကြားရက်မှာတော့ ချန်ပီယံလိဂ် (၁၆)သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွေကို စတင်ကစားတော့မှာ ဖြစ်ပါတယ်။ ပထမအကျော့ပွဲစဉ်ဖြစ်တာကြောင့် ပြတ်သားတဲ့ရလဒ်နဲ့ နိုင်ပွဲရရှိရေးကို အစွမ်းကုန်ကြိုးစားကြမယ့်အပြင် ခြေစွမ်းမြင့်မားတဲ့အသင်းတွေချည်းဖြစ်တာမို့ အခုပွဲဟာ ပွဲကောင်းတွေချည်းဖြစ်နေပါတယ်။ ဒီအဆင့်ကို ရောက်ရှိလာတဲ့အသင်းတွေဟာ အားထုတ်မှုရော တစ်ဦးချင်းပါ စွမ်းဆောင်ရည်မြင့်မားတာကြောင့် အနိုင်ရလဒ်ဟာ အသင်းတိုင်းအတွက် ဖြစ်နိုင်တာမို့ ဘယ်အသင်းတွေ အောင်ပွဲခံသွားမလဲဆိုတာ စောင့်ကြည့်အားပေးရဦးမှာပဲ ဖြစ်ပါတယ်။



### ရီးရဲမက်ဒရစ်နှင့် နာပိုလီ

ချန်ပီယံလိဂ်သမိုင်းမှာ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့မှုက နှစ်ပေါင်း ၃၀ ခန့်ရှိနေပြီဖြစ်ပါတယ်။ ဒီနှစ်လာလီဂါမှာ ရီးရဲမက်ဒရစ်တို့က တန်းစီဇယားကိုဦးဆောင်နေတဲ့အသင်းဖြစ်ပြီး စီးရီးအေမှာတော့ နာပိုလီတို့က တန်းစီဇယား တတိယနေရာမှာ ရပ်တည်နေတဲ့အသင်းဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်တို့ကတော့ လက်ရှိခြေစွမ်းအရ နိုင်ပွဲတွေဆက်တိုက်ရရှိနေပြီး ကစားသမားတွေရဲ့ အားထုတ်မှုလည်း ကောင်းမွန်နေပါတယ်။ ကစားသမားတွေ အနားရထားတဲ့ ရီးရဲမက်ဒရစ်အတွက်ကတော့ ဒီပွဲကို အင်အားပြည့် ကစားနိုင်ပြီး အထူးသဖြင့် ခံစစ်ပိုင်းကောင်းမွန်နေတဲ့အသင်းဖြစ်သလို တိုက်စစ်မှူးတွေကလည်း ဂိုးသွင်းစွမ်းရည်မြင့်မားနေပါတယ်။ နာပိုလီတို့ကလည်း ဘိုလော့နာကို ခုနစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရယူထားတဲ့ ခြေစွမ်းမျိုးရခဲ့ရင်တော့ ရီးရဲမက်ဒရစ်တို့ မလွယ်ပါဘူး။ နာပိုလီတို့ကတော့ လောလောဆယ် ခြေစွမ်းကောင်းမွန်နေပေမယ့် ရီးရဲမက်ဒရစ်ကွင်းမှာ နိုင်ပွဲရဖို့ဆိုတာ ခက်ခဲပါလိမ့်မယ်။ တစ်ဦးချင်းရော အသင်းလိုက်ပါ ခြေစွမ်းသာလွန်တဲ့ ရီးရဲမက်ဒရစ်တို့ပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

### ဘင်ဖီကာနှင့် ဒေါ့မွန်

ပေါ်တူဂီလိဂ်မှာ ဒီနှစ်အကောင်းဆုံးခြေစွမ်းရရှိနေတဲ့ ဘင်ဖီကာတို့ဟာ ဒီနှစ်မှာ နိုင်ပွဲတွေ ဆက်နေပါတယ်။ တိုက်စစ်မှူးတွေကလည်း ပွဲတိုင်းဂိုးသွင်းနိုင်ပြီး ခံစစ်ပိုင်းကလည်း ပေးဂိုးနည်းအောင် ကစားနိုင်နေပါတယ်။ ဒေါ့မွန်တို့ကလည်း ဒီနှစ် ဘွန်ဒက်စ်လီဂါမှာ တန်းစီဇယားအဆင့် (၄)နေရာမှာ ရပ်တည်နေပြီး ခြေစွမ်းတည်ငြိမ်အောင် ကြိုးစားနေတဲ့အသင်းဖြစ်ပါတယ်။ ခံစစ်ပိုင်းမှာ ဘင်ဖီကာတို့က ပိုမိုကျစ်လျစ်ပြီး ကစားအားလည်း ဒေါ့မွန်ထက်သာလွန်နေပါတယ်။ ဘင်ဖီကာတို့က အဝေးကွင်းထက် အိမ်ကွင်းမှာ နိုင်ပွဲရအောင် စွမ်းဆောင်နိုင်တာမို့ ဒေါ့မွန်တို့ ခြေကုန်ဖွင့်ကစားရင်တောင် ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် ချန်ပီယံလိဂ်ပွဲစဉ်တွေဆိုရင် အကောင်းဆုံးခြေစွမ်းရရှိနေတဲ့ ဒေါ့မွန်တို့ရဲ့တိုက်စစ်အားကလည်း ဘင်ဖီကာရဲ့ ခံစစ်တံတိုင်းကို ချိုးဖောက်နိုင်တာမို့ ဒီပွဲဟာ သရေရလဒ်လည်း ထွက်ပေါ်သွားနိုင်ပါတယ်။

### ပီအက်စ်ဂျီနှင့် ဘာစီလိုနာ

ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ဘာစီလိုနာတို့က နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရယူထားနိုင်ပါတယ်။ ပြင်သစ်လီဂူး-၁ မှာ ခြေစွမ်းကောင်းတွေ ပြသနေတဲ့ ပီအက်စ်ဂျီကို ဘာစီလိုနာတို့ အဝေးကွင်းမှာ မလွယ်ပါဘူး။ ဘာစီလိုနာဟာ အဝေးကွင်းမှာ ခြေစွမ်းယိုင်တတ်တာမို့ အဲဒီအချက်ကို အိမ်ရှင်ပီအက်စ်ဂျီတို့ အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချသွားပါလိမ့်မယ်။ နှစ်သင်းစလုံးရဲ့ လက်ရှိအနေအထားကိုကြည့်ရင် တိုက်စစ်၊ ခံစစ်စွမ်းရည်တူညီနေပြီး အားထုတ်မှုချင်းလည်း တူညီနေပါတယ်။ ပီအက်စ်ဂျီတို့က အခုတလော နိုင်ပွဲတွေဆက်တိုက် ပုံဖော်နေတာမို့ ဒီပွဲဟာ နာမည်ကြီး ဘာစီလိုနာတို့ မျှော်မှန်းသလောက် ခရီးမပေါက်နိုင်ပါဘူး။ ဒီနှစ်သင်းရဲ့အဖြစ်နိုင်ဆုံးရလဒ်က သရေပွဲဖြစ်သွားဖို့များနေပြီး အနိုင်ဆိုရင် ပီအက်စ်ဂျီတို့ ဖြစ်သွားနိုင်ပါတယ်။

### ဘိုင်ယန်မြူးနစ်နှင့် အာဆင်နယ်

ပြီးခဲ့တဲ့ နှစ်နှစ်လောက်တုန်းက ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ဘိုင်ယန်မြူးနစ်တို့က ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရယူနိုင်ခဲ့ပါတယ်။ လက်ရှိအနေအထားမှာ ခြေစွမ်းပိုင်းကိုကြည့်ရင် ဘိုင်ယန်မြူးနစ်တို့က ဒီနှစ် ဘွန်ဒက်စ်လီဂါမှာ တန်းစီဇယားကို ဦးဆောင်နေပြီး ဘွန်ဒက်စ်လီဂါဖလား ဆွတ်ခူးနိုင်ရေး အကောင်းဆုံးအခြေအနေရှိနေပါတယ်။ အာဆင်နယ်တို့ကလည်း ပရီမီယာလိဂ် ခြေစွမ်းမတည်မငြိမ်ဖြစ်နေပေမယ့် လက်ရှိအခြေအနေမှာတော့ နိုင်ပွဲ ပြန်ရှာဖွေတွေ့နေပြီဖြစ်ပါတယ်။ ဒါပေမယ့် ဝက်ဖို့ဒ်နဲ့ ချယ်လ်ဆီးကို ရှုံးပွဲဆက်ထားတဲ့ အာဆင်နယ်ရဲ့ ခြေစွမ်းက ဘိုင်ယန်မြူးနစ်လိုအသင်းကို အနိုင်ကစားဖို့ ဆိုတာ လုံလောက်မှု မရှိသေးတာတော့ အမှန်ပါ။ ဘိုင်ယန်မြူးနစ်ကစားသမားတွေရဲ့ အနိုင်ရလိုမှု စိတ်ဓာတ်ပြင်းပြင်းနဲ့ အားထုတ်လာမယ့် စွမ်းဆောင်မှုကို အာဆင်နယ်တို့ ဟန့်တားထိန်းချုပ်ဖို့ ခက်ခဲပါလိမ့်မယ်။ အကြိုက်က ဘိုင်ယန်မြူးနစ်ပဲ ဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက်**



## ထိပ်ဆုံးလေးသင်းနေရာတက်ဖို့ တစ်မှတ်သာလိုတော့တဲ့ မန်ယူ

ဝက်ဖို့ဒ်ကို အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့အနိုင်ရလိုက်တဲ့ မန်ယူဟာ နံပါတ် ၄ နေရာမှာရှိတဲ့ လီဗာပူးအသင်းကို လိုက်မီဖို့ တစ်မှတ်သာလိုတော့တယ်လို့ ဆိုပါတယ်။ မန်ယူအတွက် အနိုင်ဂိုး နှစ်ဂိုးကို မာရှယ်နှင့် မာတာတို့က သွင်းယူပေးခဲ့ကြပါတယ်။ မန်ယူအသင်းဟာ ဒီအနိုင်ပွဲကြောင့် ၁၆ ပွဲ ရှုံးပွဲမရှိ စံချိန်ကို တင်ခဲ့ပါတယ်။ မာရှယ်ဟာ ဒီပွဲမှာ ကိုယ်တိုင်ဂိုးသွင်းပေးနိုင်ခဲ့သလို မာတာကိုလည်း ဂိုးပေါက် ဖန်တီးပေးနိုင်ခဲ့ပါတယ်။ သို့သော်လည်း ဇန်နဝါရီ ၁၅ ရက်မှစပြီး ပထမဆုံး လိဂ်ပွဲအဖြစ် ပါဝင်ကစားခွင့်ရခဲ့တာပါ။ မန်ယူက ဒီအနိုင်ပွဲကြောင့် နံပါတ် ၅ နေရာကို တက်ရောက်လာပြီး နံပါတ် ၄ နေရာမှာရှိနေတဲ့ လီဗာပူးနဲ့ တစ်မှတ်သာကွာခြားမှုရှိပါတော့တယ်။ မော်ရင်ဟိုရဲ့မန်ယူအသင်းဟာ မတ် ၄ ရက်မှာ ဘုန်းမောက်အသင်းနဲ့ ကစားရမှာဖြစ်လို့ နံပါတ် ၄ နေရာတက်ရောက်ဖို့ အလားအလာကောင်းတွေ ရှိနေပါတယ်။

## အာဆင်နယ်က ထွက်ခွာဖို့ ငြင်းဆိုနေတဲ့ အာစင်ဝင်းဂါး

အာဆင်နယ်က မကြာမီကာလအတွင်း ပြင်သစ်နိုင်ငံသား အာစင်ဝင်းဂါးအား နည်းပြအဖြစ်မှ အဆုံးသတ်ဖို့ တောင်းဆိုလိုက်ပြီးနောက် လန်ရိုက်အား အာဆင်နယ်အသင်း နည်းပြအဖြစ် သူ့ရဲ့ အနာဂတ်နဲ့ ပတ်သက်ပြီး မည်သည့် ညွှန်ကြားချက်မှ ပေးနိုင်မည်မဟုတ်ကြောင်း အာစင်ဝင်းဂါးက ပြောဆိုလိုက်ပါတယ်။ အသက် ၆၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နည်းပြဝင်းဂါးအား ၁၉၉၆ ခုနှစ်က အာဆင်နယ်အသင်းနည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်ပါတယ်။ အာဆင်နယ် နည်းပြဖြစ်လာဖို့ ဆန္ဒပြင်းပြနေတဲ့ ရိုက်ကတော့ ရာသီအကုန်မှာ လက်ရှိနည်းပြ ဝင်းဂါး အနားယူလိမ့်မယ်လို့ ပြောဆိုနေပါတယ်။ လန်ရိုက်ဟာ ၁၉၉၆ မှ ၁၉၉၈ ခုနှစ်အတွင်း အာစင်ဝင်းဂါးရဲ့လက်အောက်မှာ နှစ်နှစ်အလုပ်လုပ်ခဲ့သူဖြစ်ပါတယ်။ သူဟာ လာမယ့်ရာသီမှာ အာဆင်နယ်အသင်းရဲ့ နည်းပြဖြစ်လာဖို့ ကြိုးစားနေသူဖြစ်ပါတယ်။ ဝင်းဂါးဟာ ပရီမီယာလိဂ်မှာ သက်တမ်းအရှည်ဆုံး နည်းပြဖြစ်ပါတယ်။ သူနဲ့ အာဆင်နယ်တို့ရဲ့ စာချုပ်ဟာ ယခုရာသီအကုန်မှာ အဆုံးသတ်မှာဖြစ်ပါတယ်။ ဘင်နီတတ်ဇ်၊ ဆီမြွန်နီနဲ့ တွန်ကဲတို့ကတော့ အာဆင်နယ်နည်းပြဖြစ်လာဖို့ တာစူနေကြပါတယ်။





## ဇယားထိပ် ပြန်ရောက်လာတဲ့ ရီးရဲမက်ဒရစ်

ရီးရဲမက်ဒရစ်အသင်းဟာ အိုဆာဆူနာအသင်းကိုနိုင်ပြီး ပြိုင်ဘက်ဘာစီလိုနာကို ကျော်ဖြတ်ကာ ဇယားထိပ်ဆုံးနေရာသို့ ပြန်လည်ရောက်ရှိလာပါတယ်။ စပိန်လာလီဂါကလပ် အောက်ဆုံးအသင်း အိုဆာဆူနာအသင်း နောက်တန်းကစားသမား ခြေထောက်ပြင်းထန်စွာ ဒဏ်ရာရသွားပြီးတဲ့နောက် ရီးရဲမက်ဒရစ် ကစားသမားတွေဖြစ်တဲ့ စီရော်နယ်ဒို၊ အစ်ကိုနဲ့ ဗာကွတ်ဇ်တို့က ဖိကစားလာတဲ့အတွက် သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားခဲ့ပါတယ်။ ဒီပွဲအနိုင်ကစားနိုင်ခဲ့တဲ့အတွက် ရီးရဲမက်ဒရစ်အသင်းဟာ ပြိုင်ဘက် ဘာစီလိုနာထက် တစ်မှတ်အကွာနဲ့ ထိပ်ဆုံးနေရာကို ပြန်တက်လာခဲ့ပါတယ်။ သို့သော်လည်း ရီးရဲမက်ဒရစ်က ထပ်မံကစားဖို့ နှစ်ပွဲကျန်ရှိနေပါတယ်။ ဒီနှစ်ပွဲ ကစားအပြီးမှာ ရီးရဲမက်ဒရစ်ရဲ့အမှတ်သာ ပိုများလာနိုင်ဖွယ်ရှိပါတယ်။ ပွဲစဉ် ၂၂ ပွဲ ကစားပြီးချိန်မှာ ဘာစီလိုနာက ၄၈ မှတ်၊ ရီးရဲမက်ဒရစ်ကတော့ ပွဲ ၂၀ ကစားအပြီး ၄၉ မှတ်နဲ့ ထိပ်ဆုံးနေရာရောက်ရှိနေပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ လက်ကျန်နှစ်ပွဲ ကစားပြီးချိန်မှာတော့ ရမှတ်တွေ ထပ်မံရရှိလာဖွယ်ရှိနေပါတယ်။ ရီးရဲမက်ဒရစ်အသင်းမှာ လက်ရှိအချိန်မှာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတွေ ပါဝင်နေတဲ့အတွက် အကောင်းဆုံး ခြေစွမ်းပြကစားနေပြီး ဒီနှစ်ထဲမှာလည်း ဖလားတွေရဖို့ အလားအလာကောင်းနေဆဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ချန်ပီယံလိဂ်ဖလားအပါအဝင် ဖလားသုံးလုံးဆွတ်ခူးနိုင်ခဲ့တာကြောင့် နည်းပြဇီးဒန်းအတွက် မျက်နှာပွင့်လန်းခဲ့ပါတယ်။ ဒါ့အပြင် စီရော်နယ်ဒိုဟာလည်း အကောင်းဆုံး ဘောလုံးသမားဆုတွေ ဆက်တိုက်ဆွတ်ခူးခဲ့ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ကိုးသိန်းကိုးသန်းရှင်စေတီ ထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပ



**သီပေါ ဖေဖော်ဝါရီ ၁၃**
ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စံဖိတ်ကျေးရွာ လွယ်မုဝ်တောင် သာသနာ့နယ်မြေတွင် တည်ထားကိုးကွယ်သည့် ကိုးသိန်းကိုးသန်းရှင်စေတီတော်မြတ်ကြီး၏ ထီးတော်တင် မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်က ကျင်းပခဲ့သည်။

ထီးတော်တင်မင်္ဂလာအခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင်ဆရာတော် အရှင်ပညာသီရိနှင့် ပင့်သံဃာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ ထီးတော်တင်လှူပွဲကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်နှင့် မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် စေတီတော်ကြီး၏ ထီးတော်ဘုံခုနစ်ဆင့်အနက်မှ ပထမအဆင့်ကို ပန်းရထားဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ပင့်ဆောင်ရာတွင် ဆရာတော်သံဃာတော်များနှင့် မြို့နယ်တာဝန်ရှိသူတို့က ထီးတော်များကို အမွှေးနံ့သာရည်များဖြင့် ပျက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အမျိုးသမီးများ ရွှေဈေးကွက်အကြောင်း စိတ်ဝင်စားမှုများပြားလာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**
ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ရွှေပညာဒါန(အခမဲ့) သင်တန်းများကို ၂၀၁၃ ခုနှစ်မှစတင်၍ စဉ်ဆက်မပြတ်ဖွင့်လှစ်ခဲ့ရာ ယခုအခါ သင်တန်းတစ်ကြိမ်လျှင် သင်တန်းသားဦးရေ ၁၀၀ နီးပါးခန့် တက်ရောက်ကြကြောင်းနှင့် သင်တန်းများတွင် အမျိုးသမီးဦးရေက ပိုမိုများပြားလာလျက်ရှိကြောင်း သိရသည်။

သင်တန်းတက်ရောက်သော အမျိုးသမီးများအနေဖြင့် ရွှေဈေးကွက်အတွင်း ဝင်ရောက်အလုပ်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ခြင်းထက် ရွှေနှင့် ရွှေဈေးနှုန်း ဈေးကွက် အကြောင်းများနှင့် ပတ်သက်၍ ဗဟုသုတ အသိပညာများ ရရှိစေရန် ရည်ရွယ်၍ တက်ရောက်ခြင်းက ပိုမိုများပြားကြောင်း သိရသည်။

သင်တန်းတက်ရောက်ခဲ့ပြီးသူတစ်ဦးဖြစ်သည့် ကမာရွတ်မြို့နယ်မှ မမော်မော်လင်းက အမျိုးသမီးများမှာ ရွှေနှင့်ကျောက်မျက်ရတနာများကို အမျိုးသားများထက် ပိုမိုစိတ်ဝင်စားကြောင်း၊ မိမိတို့ကိုယ်တိုင် တန်ဖိုးထားမြတ်နိုးစွာ ဝယ်ယူဝတ်ဆင်လေ့ရှိကြောင်း၊ သင်တန်းတွင် ရွှေအရည်အသွေး၊ အတုအစစ်ခွဲခြားခြင်း၊ ရွှေဈေးနှုန်းတွက်နည်း၊ အလျော့တွက်၊ အပေါင်ခံနည်း၊ ရွှေမှတ်ကျောက်တိုက်နည်း၊ ပန်းထိမ်လုပ်ငန်း၊ ကျောက်မျက်အရည်အသွေး စသည်တို့ကို စာတွေ့လက်တွေ့သင်ကြားရသည့်အတွက် သူတစ်ပါးလိမ်ညာခြင်းကိုမခံရနိုင်သလို ဗဟုသုတများစွာရရှိသဖြင့် တက်ရောက်ခြင်းဖြစ်ကြောင်း ပြောသည်။

ဖေဖော်ဝါရီ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ပြုလုပ်သည့် ရွှေပညာဒါန(အခမဲ့)သင်တန်း အမှတ်စဉ် (၁/၂၀၁၇)ဆင်းပွဲတွင် သင်တန်းတက်ရောက်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားရာ၌ ပြောကြားခဲ့ခြင်းဖြစ်ပြီး



အဆိုပါသင်တန်းဆင်းပွဲတွင် သင်တန်းဆင်းလက်မှတ်များကို အသင်းနာယက ဦးဘသန်း၊ ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အတွင်းရေးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ဖွင့်လှစ်နေသော ရွှေပညာဒါန (အခမဲ့)သင်တန်းများသည် သင်တန်းကာလ ၁၀ ရက်ကြာမြင့်ပြီး သင်တန်းတွင် ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်း၊ မီးလင်းအခေါက်ရွှေ ရောင်းဝယ်ခြင်း၊ ရွှေအပေါင်ခံခြင်း၊ ရွှေပန်းထိမ်အထည်အပ်ခြင်း၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း၊ ရွှေဈေးကွက်နှင့် နိုင်ငံခြား ရွှေထည်များအကြောင်း၊ ရွှေဂီးငွေဒင်္ဂါးများအကြောင်း၊ ရွှေဈေးနှင့်ဝယ်ရောင်းခြင်း၊ ကျောက်မျက်ပညာရပ်များ စသည်တို့ကို ရွှေလောကမှ ထင်ရှားကျော်ကြားသည့် ပညာရှင်များက သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **အောင်သူရ**

# လက်ဖက်ထွက်နှုန်းတိုးရေးအတွက် ကိုင်းဖြတ်စိုက်ပျိုးခြင်းနည်းစနစ် လက်တွေ့သရုပ်ပြ

**သံတောင်ကြီး ဖေဖော်ဝါရီ ၁၃**
ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် တောပြာကြီးကျေးရွာအုပ်စုအတွင်းမှ တစ်ပိုင်တစ်နိုင် လက်ဖက်စိုက်တောင်သူများနှင့် လက်ဖက်စိုက်ပျိုးရန် ဝါသနာပါသူများအား လက်ဖက်အထွက်နှုန်း တိုးတက်စေရေး အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ရွှေညောင်ပင်ကျေးရွာလက်ဖက်စိုက်ခင်း၌ လက်ဖက်ကိုင်းဖြတ်စိုက်ပျိုးနည်း လက်တွေ့သရုပ်ပြမှုများကို ဖေဖော်ဝါရီ ၁၀ ရက်က ပြုလုပ်ခဲ့သည်။




သံတောင်ကြီးဒေသသည် လက်ဖက်စိုက်ပျိုးဖြစ်ထွန်းသည့် ဒေသဖြစ်ပြီး ဒေသတွင်းမှ လက်ဖက်စိုက်တောင်သူများအနေဖြင့် မိရိုးဖလာစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးနေကြကြောင်း၊ မိရိုးဖလာ အစေ့ပျိုးစိုက်ပျိုးကြသည့် စနစ်အပြင် အချိန်တိုအတွင်း ခူးဆွတ်ရောင်းချနိုင်ကာ ဝင်ငွေပိုမိုရရှိစေရေးအတွက် ရည်ရွယ်၍ ပိုမိုထိရောက်မှုရှိသော လက်ဖက်ကိုင်းဖြတ် ပြုပြင်စိုက်ပျိုးနည်းများကို နည်းစနစ်မှန်ကန်စွာဖြင့် သိရှိစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

လက်ဖက်ကိုင်းဖြတ်စိုက်ပျိုးနည်း လက်တွေ့သရုပ်ပြသရာတွင် သံတောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းထိုက်မင်းနှင့် ဝန်ထမ်းများက ကိုင်းဖြတ်စိုက်ပျိုးရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များကို လက်တွေ့သရုပ်ပြခဲ့ကြပြီး ဒေသခံ လက်ဖက်စိုက်ခြံရှင်များ၊ ကျေးရွာနေပြည်သူများ လာရောက်လေ့လာကြည့်ရှုကြကာ ဒေသအတွင်း လက်ဖက်ကို ပိုမိုကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးနည်းပညာများအတွက် ဆွေးနွေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပြည်မြို့နယ် လယ်ဘဲ့မှ စိမ်းပြိုင်အေးသို့ ဆက်သွယ်သည့် ကျောက်စရစ်ခင်းလမ်းဖွင့်

**ပြည် ဖေဖော်ဝါရီ ၁၃**
နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်မြို့နယ် လွှစင်ကျေးရွာအုပ်စု လယ်ဘဲ့ကျေးရွာမှ စမ်းမြိုင်အေးကျေးရွာသို့ ဆက်သွယ်သည့် အရှည်ပေ ၁၀၅၆၀ အကျယ်ခြောက်ပေ အမြင့်ခြောက်လက်မရှိ မြေနီကျောက်စရစ်ခင်းလမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်က အမှာစကားပြောကြားပြီး မြေနီကျောက်စရစ်ခင်းလမ်းအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုးပြေမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ မြေနီကျောက်စရစ်ခင်းလမ်းကို ပြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၇၅ သိန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၁၀ သိန်း စုစုပေါင်း ၈၅ သိန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူများနှင့် ဒေသထွက်ကုန်များ၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။
**(ခရိုင်ပြန်/ဆက်)**

## သတင်းတိုများ

### ကြေးသွန်းဘုရားကြီးအား ရောင်တော်ဖွင့်

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ သမားတော်ကြီး ဒေါက်တာဦးကျော်စိန် ဦးဆောင်သော ခရိုင်သာသနာ့နုဂ္ဂဟအဖွဲ့ဝင်များနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌများ စုပေါင်း၍ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ရောင်တော်ဖွင့်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၀ ရက်က ဆောင်ရွက်ခဲ့ကြသည်။ ကြေးသွန်းရုပ်ပွားတော်ကြီးအား ရောင်တော်ဖွင့်နေစဉ် ဗဟန်းမြို့နယ် အမျိုးသမီးဝတ်ရွတ်အဖွဲ့ဝင်များကလည်း နိုင်ငံတစ်ဝန်း အေးချမ်းသာယာဖွံ့ဖြိုးပြီး သဘာဝဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးရန် ပဋ္ဌာန်းပရိတ်တော်များ ရွတ်ပွား ပူဇော်ခဲ့ကြကြောင်း သိရသည်။ **တင်မောင်ဦး (အလုံ)**

### စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးပြီး မြို့နယ်စာရေးဆရာအသင်းနှင့် စာပေဝါသနာရှင်များ၊ စာပေချစ်သူများ ပူးပေါင်း၍ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ဖြူးမြို့နယ်ခန်းမ၌ ကျင်းပရာ စာပေဟောပြောပွဲတွင် စာရေးဆရာနွမ်ဂျာသိုင်းက ပုံပြင်လေးတစ်ပုဒ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမ ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ပညာခေတ်နှင့် မကျက်တကျက်ပေါင်မုန့်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာဒေါက်တာလွမ်းဆွေက စာပေလွတ်လပ်ခွင့်နှင့် ဆင်ဆာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သုတရသ စာပေအကြောင်းအရာများကို ဟောပြောခဲ့ကြပြီး ဟောပြောပွဲသို့ ဖြူးမြို့ပေါ်မှ စာပေဝါသနာရှင် ပြည်သူများ စည်ကားစွာ တက်ရောက်နားထောင်ခဲ့ကြကြောင်း သိရသည်။ **ဖြူးမြင့်ဦး**

### မော်လူးဒီပင်္ကရာဘုရားပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသရှိ တတိယသင်္ဂါယနာတင် သီရိခမ္မာသောကမင်းကြီး၏ကောင်းမှု သမိုင်းဝင် ဒီပင်္ကရာမဟာစေတီတော်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၁ ရက်(တပို့တွဲလဆန်း ၁၀ ရက်မှ လပြည့်နေ့)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပပြီးသည့် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဗုဒ္ဓပူဇနိယပွဲတော်သို့ ကြွရောက်တော်မူကြသော သံဃာတော်များနှင့် သီလရှင်များအား ဒါယကာ၊ ဒါယိကာမများက ဆွမ်းဆန်စိမ်းများ စုပေါင်းလောင်းလှူခဲ့ကြသည်။
**ကိုမင်း(အင်းတော်)**

### ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေအကြောင်း ပညာပေးဟောပြော

သာစည်ဘူတာ ရထားရဲတပ်ဖွဲ့စခန်းနယ်မြေအတွင်းတွင် ခုတ်မောင်းသွားလာနေသည့်ရထားများနှင့် စီးနင်းလိုက်ပါလာကြသည့် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံမှုရှိစေရေးအတွက် ရထားခဲပေါက်မှုများ မဖြစ်ပွားစေရေး အပါအဝင် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေအကြောင်းနှင့် ဥပဒေပါပြစ်မှုပြစ်ဒဏ်များအကြောင်း အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က သာစည်ဘူတာရုံ အမှတ်(၂)စင်္ကြံ၌ ပြုလုပ်ခဲ့ပြီး ရထားရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်မင်းနိုင်က အမှတ်(၂)ရပ်ကွက်မှ ပြည်သူများနှင့် ခရီးသွားပြည်သူများအား ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပါ ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ဖတ်ကြားရှင်းလင်း ဟောပြောခဲ့သည်။
**မောင်ကို(သာစည်)**



# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇေလတ်မျိုးနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၀ ရက်နံနက် ၁၁ နာရီက ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စု ကြို့တန်းကျေးရွာ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဟောပြောသည်။ လျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ၍ ကျေးရွာလမ်းဆုံရှိ ထရန်စဖော်မာတွင် အသိပညာပေးဗီနိုင်းပိုစတာကပ်ခြင်း ကျေးရွာအတွင်း တရားမဝင်ခိုးယူသုံးစွဲမှုတို့အား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**မင်းမင်းလတ် (ရုပ်ဗေဒ)**

# ကုလားပဲစိုက်ခင်းများအတွင်း ဥကပ်ပါးနကျယ်ကောင်ရေ သိန်း ၄၀ အထိ လွှတ်ပေးပြီးဖြစ်

**မင်းဘူး ဖေဖော်ဝါရီ ၁၃**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း၌ ၂၀၁၆ ခုနှစ်ကုန်ပိုင်းက စိုက်ပျိုးသော ဆောင်းရာသီ ကုလားပဲသီးနှံစိုက်ခင်းများတွင် ကျရောက်တတ်သည့် သီးလုံးဖောက်ပိုးများ၏ အန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ဥကပ်ပါးနကျယ်ကောင်ရေ သိန်း ၄၀ အထိ လွှတ်ထားပေးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥကပ်ပါးနကျယ်ကောင်ရေ သိန်း ၄၀ ကို မင်းဘူးမြို့နယ် ဥယျာဉ်ကျေးရွာရှိ တောင်သူ ငါးဦး၏ ကုလားပဲစိုက်ခင်း ဧက ၃၀ တွင်လည်းကောင်း၊ ပွင့်ဖြူမြို့နယ် ရွာသာကြီးကျေးရွာမှ တောင်သူ ခုနစ်ဦး၏ ကုလားပဲစိုက်ခင်း ဧက ၄၀ တွင်လည်းကောင်း၊ စလင်းမြို့နယ် ကံဆွယ်ကျေးရွာမှ ကုလားပဲစိုက်တောင်သူ ၁၅ ဦး၏ ကုလားပဲ စိုက်ခင်း ဧက ၃၀ တွင်လည်းကောင်း လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ဧက ၁၀၀ အနက် ဧက ၅၀ တွင် ဖေဖော်ဝါရီ ၃ ရက်မှစတင်၍ ပထမအကြိမ်အဖြစ် ဥကပ်ပါးနကျယ်ကောင်ရေ သိန်းနှစ်ဆယ်ကို လွှတ်ပေးခဲ့ပြီး ကျန်ဧက ၅၀ တွင် ဖေဖော်ဝါရီ ၁၀ ရက်က ဒုတိယအကြိမ်အဖြစ် ဥကပ်ပါးနကျယ်ကောင်ရေ သိန်းနှစ်ဆယ် ထပ်မံလွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ခင်းများတွင် ဥကပ်ပါးနကျယ်ကောင်များ လွှတ်ပေးနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ပုလိပ်မြို့ဇီဝဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီဝင်း၊ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မော်မော်ဝင်းနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား တွေ့ဆုံဆွေးနွေးကာ ကုလားပဲစိုက်ခင်းများအတွင်း၌ ဥကပ်ပါးနကျယ်ကောင်များ ပါဝင်သော ကတ်များကို ကွင်းဆင်းချိတ်ဆွဲပေးခဲ့ကြခြင်းဖြစ်သည်။

"၂၀၁၆-၂၀၁၇ ဆောင်းသီးနှံ ကုလားပဲ စိုက်ခင်းတွေမှာ ကျရောက်တတ်တဲ့ ကုလားပဲသီးလုံးဖောက်ပိုးရဲ့ ဥများကို ဥကပ်ပါးနကျယ်ကောင်တွေကသာ ပိုးကိုပိုးချင်း ကာကွယ်နိုင်တယ်။ ကုလားပဲစိုက်ခင်းအတွင်းမှာ ဥကပ်ပါးနကျယ်ကောင်တွေ မသေအောင် စနစ်တကျ နေကာပေးခဲ့တယ်။ ကုလားပဲ သီးလုံးဖောက်ပိုးကို ဆေးပက်ဖျန်းကာကွယ်ခြင်းထက် ပိုးကိုပိုးနဲ့ ကာကွယ်ခြင်းက ပိုထိရောက်တယ်။ ဆေးက ထိရောက်မှုနည်းတယ်။ ဒီနည်းကို တောင်သူများ အသေးစိတ်သိရှိအောင် စိုက်ပျိုးရေး၊ ကာကွယ်ရေးကို သဘောပေါက်အောင် ဆွေးနွေးပေးခဲ့တယ်"ဟု မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံ ဦးသိန်းဝင်းက ပြောသည်။

မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ရေးအတွက် မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ စေတုတ္တရာနှင့် ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနများမှ သီးနှံကာကွယ်ရေးတာဝန်ခံများ၊ မြေအသုံးချရေး တာဝန်ခံများအား ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ ဥပဒေအကြောင်း သင်တန်းများ၊ အရောင်းဆိုင်များကို ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာ သင်တန်းများ ပို့ချပေးပြီး လိုအပ်သည့် စာရွက်စာတမ်းများ၊ စာအုပ်များကိုလည်း ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

**ဇွဲထက်ရှင်**



ဥကပ်ပါးနကျယ်ကောင်များပါဝင်သော ကတ်များကို စိုက်ခင်းအတွင်း ချိတ်ဆွဲနေစဉ်

## ချောင်းကူးဘေလီတံတားသစ် တည်ဆောက်လျက်ရှိ

**ထန်တလန် ဖေဖော်ဝါရီ ၁၃**
ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့နယ်အတွင်းရှိ လေတပ်(ခ)ထန်ဟောရ် ချောင်းကူး ဘေလီတံတားကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၂၀ ဖြင့် တင်ဒါအောင်မြင်သော ကြိုးကြာကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားသည် ဒေသတွင်းမှ ကျေးရွာ ၁၂ ရွာ၏ အဓိကကုန်ထုတ်လုပ်မှုလမ်းကြောင်းဖြစ်သည့် အရှေ့ဇိုဖေတောင်ကြောနှင့် အနောက်ဇိုဖေတောင်ကြောဆုံရာ လမ်းကြောင်းပေါ်တွင်တည်ရှိသော တံတားဖြစ်သဖြင့် တည်ဆောက်ပြီးစီးပါက ဒေသတွင်းကျေးရွာများမှ လူဦးရေ ၅၃၀၀ ကျော်၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် မြို့နယ်တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ ဖေဖော်ဝါရီ ၁၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

**နေစု(ချင်းရိုးမ)**

## မဲဇာမြစ်ကူး ယာယီသစ်သားတံတား ယိုယွင်းပျက်စီးလာ

**အင်းတော် ဖေဖော်ဝါရီ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပင်သချေကျေးရွာနှင့် အလယ်ဆိပ်ကျေးရွာကြားရှိ မဲဇာမြစ်ကူး ယာယီလူကူးသစ်သားတံတားသည် ယခုအခါ ယိုယွင်းပျက်စီးမှုများ ရှိလာသော်လည်း ဒေသခံများမှာ အဆိုပါတံတားကို အားထားအသုံးပြု၍ပင် သွားလာနေကြရကြောင်း သိရသည်။

"မဲဇာမြစ် လူကူးသစ်သားတံတားကြီး ဆောက်လုပ်ထားတာကတော့ ပင်သချေကျေးရွာက ဆရာတော် သံဃာတော်တွေနဲ့ ရပ်မိရပ်ဖတွေ ဦးစီးပြီးဆောက်ထားတာဖြစ်ပါတယ်။ ဆောက်လုပ်ထားတာ ကြာပြီဖြစ်လို့ မြစ်ကူးသစ်သားတံတားကြီးက ယိုယွင်းပျက်စီးစပြုလာပြီဖြစ်ပါတယ်။ ပျက်စီးယိုယွင်းလာပေမယ့် ကျွန်တော်တို့ ဒေသခံတွေ အသုံးပြု သွားလာနေကြရတုန်းပဲဖြစ်ပါတယ်"ဟု နန့်သဲရွာမှ ပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ တံတားသည် အရှည် ပေ ၄၀၀ ခန့်၊ အကျယ် ၄ ပေခန့်နှင့် ရေပြင်မှ အမြင့် ၂၂ ပေရှိကာ ဒေသတွင်းရှိ ပင်သချေ၊ မကျီးပင်၊ သစ်လုတော၊ တုံးစီရွာသစ်၊ တုံစီရွာမနှင့် ပိန္နဲပင်ကျေးရွာတို့မှ ပြည်သူများမှာ အဆိုပါတံတားကို အားထားအသုံးပြုနေရကြောင်း သိရသည်။

**သန်းမောင်လေး**

## ကိုယ့်အားကိုယ်ကိုး တံတားတည်ဆောက်ပြီး၍ ဒေသခံများ သွားလာရေးအဆင်ပြေလျက်ရှိ

**ကျွန်းလှ ဖေဖော်ဝါရီ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ဝေသော်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ချောင်းကူးသစ်သားတံတားသစ် တည်ဆောက်မှုများ ပြီးစီးသွားပြီဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် သွားလာရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာမှာအိမ်ခြေ ၁၄၀ ရှိပြီး လူဦးရေ ၆၇၀ နေထိုင်ကြပါတယ်။ မိုးရာသီမှာ သွားလာရေးခက်ခဲခြင်းကြောင့် ရွာနဲ့ ကားလမ်းမကြီးဆက်သွယ်တဲ့လမ်းကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေသားလမ်းတစ်မိုင် ခင်းပေးပါတယ်။ ကျေးရွာအဝင် ချောင်းကူးတံတားကိုတော့ ကျောင်းထိုင်ဆရာတော်ရဲ့ လမ်းညွှန်မှုနဲ့ ရွာသူရွာသားတွေစုပေါင်းပြီး သစ်သားတံတား တည်ဆောက်လိုက်လို့ သွားလာရေးအဆင်ပြေနေပါတယ်"ဟု ဝေသော်ကျေးရွာနေ ပြည်သူတစ်ဦးက ပြောသည်။ အဆိုပါ ချောင်းကူးတံတားသည် အရှည် ပေ ၁၈၀၊ အကျယ် ၁၂ ရှိပြီး ဒေသခံပြည်သူများ စုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း ၅၀ အကုန်ကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## မဟာစည်သာသနာ့ရိပ်သာသို့ ကျောင်းတိုက်လွှဲပြောင်းပေး



**ရမည်းသင်း ဖေဖော်ဝါရီ ၁၃**
ရမည်းသင်းမြို့နယ် တဘက္ကာကျေးရွာအုပ်စုအတွင်းရှိ ထီးကြီးကုန်းကျောင်းတိုက်သာသနာ့မြေနှင့် မြေအတွင်းရှိ သာသနိကအဆောက်အအုံများကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် မဟာစည်သာသနာ့ရိပ်သာသို့ ဖေဖော်ဝါရီ ၁၁ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းတိုက်၌ ကျင်းပခဲ့သည့် ကျောင်းတိုက်လွှဲပြောင်းပေးအပ်ပွဲတွင် ရမည်းသင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ သီလခံယူကြပြီး အလှူရှင်များက သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ထီးကြီးကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာရဒက ကျောင်းတိုက်ဖြစ်ပေါ်လာပုံကို ရှင်းလင်းမိန့်ကြားပြီး ထီးကြီးကုန်းကျေးရွာ သာသနာ့နုဂ္ဂဟအဖွဲ့ထံသို့ ကျောင်းတိုက်သာသနာ့မြေနှင့် မြေအတွင်းရှိ သာသနိကအဆောက်အအုံများနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကာ ကျေးရွာသာသနာ့နုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဦးလှမောင်က ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် မဟာစည်သာသနာ့ရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်ထံသို့ ထပ်ဆင့်လွှဲပြောင်းလှူဒါန်းခဲ့သည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ICCV-2 ကုလားပဲမျိုးစိုက်ပျိုးမှု အထူးအောင်မြင်ဖြစ်ထွန်း

**သာစည် ဖေဖော်ဝါရီ ၁၃**
သာစည်မြို့နယ် ကြာဘက်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၅၁)အတွင်းရှိ တောင်သူ ဦးဇော်ဇော်အောင်၏ ကုလားပဲစိုက်ခင်း ဧက ၁၀၀ တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဝေပေးသည့် ICCV-2 ကုလားပဲမျိုးများကို စိုက်ပျိုးထားရာ အပင်ကြီးထွားမှု၊ အကိုင်းအလက် ဝေဖြာမှုနှင့် အသီးသီးအား အထူးကောင်းမွန်မှုများကြောင့် ဒေသခံတောင်သူများ အံ့သြလျက်ရှိကြောင်း သိရသည်။

"ဒီကုလားပဲမျိုးစေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပေးတဲ့ ICCV-2 ကုလားပဲ မျိုးစေ့ပါ။ အထွက်နှုန်းမြင့်မားပြီး အရည်အသွေးကောင်းမွန်တဲ့မျိုးစေ့ပါ။ ကျွန်တော့်အနေနဲ့ ဧက ၁၀၀ ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဝန်ထမ်းများရဲ့ အကူအညီနဲ့ သူတို့လမ်းညွှန်တဲ့အတိုင်း စိုက်ခဲ့တာပါ"ဟု တောင်သူ ဦးဇော်ဇော်အောင်က ရှင်းပြသည်။

မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးကံဆောင်က "ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ကျေးရွာတွေအရောက်ကွင်းဆင်းပြီး အရည်အသွေးကောင်းမွန်တဲ့ မျိုးစေ့တွေကို အားထားစိုက်ပျိုးဖို့၊ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြဖို့ ပညာပေး ဟောပြောနေပါတယ်။ တောင်သူတွေလိုအပ်တဲ့ အကူအညီတွေကိုလည်း တောင်းဆိုလာရင် ကျွန်တော်တို့ဌာနက အကူအညီတွေ ပေးနေပါတယ်"ဟု ပြောသည်။

ယခု တောင်သူ ဦးဇော်ဇော်အောင် စိုက်ပျိုးသည့် ICCV-2 ကုလားပဲစိုက်ခင်း ဧက ၁၀၀ မှ ထွက်ရှိလာမည့် ကုလားပဲမျိုးစေ့များကို မျိုးစေ့ဘဏ်အဖြစ် ထားရှိပြီး လာမည့်နှစ် ကုလားပဲစိုက်ရာသီချိန်တွင် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ကုလားပဲစိုက်ပျိုးကြသည့် တောင်သူများထံသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်းနှင့် သာစည်မြို့နယ်၌ ၂၀၁၆ -၂၀၁၇ ဆောင်းသီးနှံစိုက်ပျိုးရာသီအတွင်း ကုလားပဲဧက စုစုပေါင်း ၁၀၀၀ နီးပါးကို စိုက်ပျိုးခဲ့ကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မောင်ကို(သာစည်)**

## ဘားအံမြို့၌ ထမနဲထိုးပြိုင်ပွဲကို အသင်းပေါင်း ၃၂ သင်း ပါဝင်ပြီး စည်ကားစွာကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၁၃**
ကရင်ပြည်နယ်အစိုးရက ကြီးမှူး၍ ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ဘားအံမြို့သီရိကွင်း၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ဌာနဆိုင်ရာများ၊ တက္ကသိုလ်များနှင့် ဘားအံမြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၃၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကာ စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်က ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် တာဝန်ရှိသူများက ထမနဲထိုးပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။ ပြိုင်ပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး ပထမ ဆုရ အမှတ်(၉) ရပ်ကွက်အသင်း၊ ဒုတိယဆုရ ဘားအံတက္ကသိုလ်အသင်း၊ တတိယဆုရ ပြည်နယ်သစ်တော- သစ်လုပ်ငန်းအသင်း၊ စတုတ္ထဆုရ ပြည်နယ်ရဲတပ်ဖွဲ့အသင်း၊ ပဉ္စမဆုရ ပြည်နယ်ပညာရေးအသင်းနှင့် နှစ်သိမ့်ဆုရအသင်းများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သားနှင့်အမိကြား လက်ကလေးများ

## ဒေါက်တာမော်

မေမေ၏ လက်ကလေးများကို ကိုင်၍ ‘မေမေရေ ...ရှေ့မှာ လမ်းမညီဘူး’၊ ‘မေမေရေ ... ရှေ့မှာအဆင်း ရှိတယ်’ ဟု နှုတ်မှလည်း သတိပေးရင်း၊ ချော်မလဲအောင် ဂရုစိုက်၍ ခေါ်ဆောင်လာခဲ့ပါသည်။

အသက်ကြီးလာလျှင် လူကြီးတွေ ချော်လဲတတ်ကြပါသည်။ အသက် ၆၅ ကျော်လာလျှင် သုံးယောက်တွင် တစ်ယောက်၊ အသက် ၈၀ ကျော်လာလျှင် နှစ်ယောက်တွင် တစ်ယောက် ချော်လဲနိုင်ကြသည်ဟု သုတေသနအချက်များအရ ကောက်ချက်ချထားပါသည်။ အသက်ကြီးသူများတွင် ချော်လဲရခြင်းအကြောင်းရင်းများမှာ အမြင်အာရုံချို့ယွင်းလာ၍သော် လည်းကောင်း၊ ခန္ဓာကိုယ်ကို ချိန်ဆနိုင်သည့် အာရုံကြောလေးများ အားလျော့လာ၍သော် လည်းကောင်း၊ နှလုံး၊ သွေးတိုး၊ ဆီးချိုအစရှိသောရောဂါများ ပေါင်းဆုံလာ၍သော်လည်းကောင်း၊ ထိုရောဂါများအတွက် သောက်သုံးရသော အမယ်များစွာသော ဆေးဝါးတို့ကြောင့်သော်လည်းကောင်း (အချို့ဆေးဝါးများမှာ ထုံထိုင်းငိုက်မျဉ်းစေနိုင်ပါသည်) စသည်ဖြင့် အကြောင်းများစွာ ပေါင်းဆုံလာ၍ဖြစ်သည်။ အလင်းရောင်မကောင်းသောနေရာများ၊ သွားနေကျမဟုတ်သည့် နေရာများတွင် လမ်းလျှောက်ရလျှင် ပို၍ ချော်လဲနိုင်ပါသည်။

အသက်ကြီးသူတစ်ယောက် ချော်လဲလျှင် အရိုးကျိုးခြင်းကြောင့် လည်းကောင်း၊ အကြောအဆစ်ထိခိုက်ခြင်းကြောင့် လည်းကောင်း ပုံမှန်သွားလာလှုပ်ရှားရန် မလွယ်ကူတော့ပါ။ အချို့မှာ အိပ်ရာမှမထနိုင်ဘဲ စားရန်၊ သောက်ရန်၊ အိမ်သာသွားရန်ပင် ခက်ခဲပြီး နောက်ဆုံးတော့ အခြားရောဂါများဝင်ကာ အသက်ဆုံးသည်အထိ ဖြစ်နိုင်ပါသည်။

မေမေ့မှာ ရင်သားကင်ဆာအတွက် ကုသထားရသော ဆေးဝါးများကြောင့် လည်းကောင်း၊ အသက်အရွယ်နှင့် genes ကြောင့်လည်းကောင်း၊ Osteoporosis ဟူသော အရိုးကြွပ်ဆတ်မှု ရှိနေပါသည်။ အနည်းငယ်ချော်လဲသည်နှင့် အရိုးတွေကျိုးနိုင်ပါသည်။ ထို့ကြောင့် မေမေချော်လဲမှာ မော်အလွန်စိုးရိမ်ပါသည်။ မေမေနှင့် အတူလမ်းလျှောက်သော အခါတိုင်း မေမေ့လက်ကို သေသေချာချာဆုပ်ကိုင်၍ နှုတ်မှလည်း တတွတ်တွတ်သတိပေးရင်း ခေါ်ဆောင်လေ့ရှိသည်။

မေမေသည် မော့်လက်ကို နွေးထွေးစွာဆုပ်ကိုင်၍ ယုံကြည်မှုအပြည့်ဖြင့် မော်ခေါ်ရာသို့ ပြုံးပျော်ရွှင်လန်းစွာ လိုက်ပါလေ့ရှိသည်။ ပြုံးပျော်နေသော မေမေ့မျက်နှာကို ကြည့်ရသည်မှာ စိတ်ချမ်းသာပေစွ။ သားသမီးများသည် မိဘတို့ကို လက်တွဲရန် မမေ့ကြစေလိုပါ။ တစ်ခါက သားတစ်ဦးသည် မိခင်အိုကြီးတစ်ဦးကို ကြင်နာစွာလက်ဆွဲ၍ လမ်းကူးနေသည်ကို တွေ့လိုက်ရသောအခါ ဝမ်းမြောက်စွာ သာခုခေါ်မိပါသည်။ သမီးတို့က မိခင်ကိုလက်ဆွဲသည်မှာ မြန်မာနိုင်ငံမှာ မဆန်းသော်လည်း၊ သန်မာထွားကျိုင်းသော လူလတ်ပိုင်းသားတစ်ဦးက သူ့မိခင်အိုကြီးကို ဖေးမလက်ဆွဲလာတာ နိုင်ငံခြားမှာ တွေ့လိုက်ရသောအခါ မြင်နေကျမြင်ကွင်းမဟုတ်လို့ သာခုခေါ်မိပါသည်။

လူကြီးမိဘတို့သည် ယခင်က သူတို့၏ ပြုစုဂရုစိုက်မှု၊ စီမံခန့်ခွဲမှု၊ လမ်းညွှန်သွန်သင်မှုများနှင့် ဦးဆောင်ခဲ့သော်လည်း ယခုအခါ ကိုယ်ကပြုစုမှ သူတို့ချမ်းသာရမည့်အခြေအနေ၊ ကိုယ်လိုက်ပို့ပေးမှ သူတို့ရောက်ရမည့်အခြေအနေ၊ ကိုယ်ကျွေးမှ သူတို့စားရမည့်အခြေအနေသို့ ရောက်ရှိနေကြပြီဖြစ်၍ တစ်ခါတစ်ရံ အားငယ်တတ်ကြပေသည်။ အချို့သော အသက်ကြီးသူများသည် အိမ်မှာပဲနေ၍ အပြင်လောကနှင့် ကင်းကွာနေကြသဖြင့် ဖြစ်ရပ်အသစ်များ မရှိတော့ဘဲ ဖြစ်ရပ်အဟောင်းများကိုသာ ခေတ်ပြားဟောင်းကြီးဖွင့်သလို ထပ်ခါထပ်ခါ ပြောတတ်ကြပေသည်။ ထိုအခါမျိုးမှာ

**လူကြီးမိဘတို့သည် ယခင်က သူတို့၏ ပြုစုဂရုစိုက်မှု၊ စီမံခန့်ခွဲမှု၊ လမ်းညွှန်သွန်သင်မှုများနှင့် ဦးဆောင်ခဲ့သော်လည်း ယခုအခါ ကိုယ်ကပြုစုမှ သူတို့ချမ်းသာရမည့်အခြေအနေ၊ ကိုယ်လိုက်ပို့ပေးမှ သူတို့ရောက်ရမည့်အခြေအနေ၊ ကိုယ်ကျွေးမှ သူတို့စားရမည့်အခြေအနေသို့ ရောက်ရှိနေကြပြီဖြစ်၍ တစ်ခါတစ်ရံ အားငယ်တတ်ကြ**

မရိုးတမ်းနားထောင်၍ ကိုယ်ကလည်း ဆင်တူခေတ်ပြားဟောင်းဖြင့် ထပ်ဆင့်ဝေဖန်ဆွေးနွေးကြဖို့ အကြံပေးပါရစေ။ ကုသိုလ်ရပါသည်။

များသောအားဖြင့် မြန်မာဗုဒ္ဓဘာသာမိဘများသည် အသက်ကြီးလာသောအခါ အိမ်တွင်းမှာပင် လောကုတ္တရာအရေးအတွက် တရားရှုမြင်ပြင်ဆင်နေကြလေ့ရှိသော်လည်းအနာဂါမ်၊ ရဟန္တာမဖြစ်သေးသမျှ ယခုဘဝ၊ ယခုလောကမှာ မိမိကိုယ်ခန္ဓာကျန်းမာဖို့ ပြုပြင်နေထိုင်ရဦးမည်ဖြစ်၍ ကိုယ်စိတ်နှလုံးရွှင်လန်းရန်၊ အတွေးသစ်အမြင်သစ်တွေရရန်၊ သူတို့လက်ကလေးများကို ကြင်နာစွာဆွဲကိုင်၍ အပြင်ပတ်ဝန်းကျင်သို့ ခေါ်ထုတ်ပေးကြပါရန် အကြံပြုအပ်ပါသည်။

မော့်မှာ သားလေးနှစ်ယောက် လမ်းလျှောက်တတ်ခါစက လဲကျမည်စိုး၍လည်းကောင်း၊ တောက်တောက် တောက်တောက်နဲ့ လျှောက်သွားတတ်တော့လည်း လူကြားထဲမှာ ပျောက်သွားမည်စိုး၍လည်းကောင်း သားလေးတို့၏ လက်ကို မြဲမြဲဆုပ်ကိုင်ထားခဲ့မိပါသည်။ မော်အစိုးရိမ်လွန်မှုကြောင့် သူငယ်ချင်းများက “ကလေးဆိုတာ လဲကျမှ လမ်းလျှောက်တတ်မှာ” ဟူ၍တောင် သတိပေးရပါသည်။

ယခုတော့ သားလေးတို့မှာ အမွေးအတောင်စုံ၍ ပျံသန်းတော့မည့်အရွယ်ရောက်နေပြီဖြစ်၍ လက်ဆွဲစရာ မလိုတော့ပါ။ သားလေး နှစ်ယောက်ကို လက်ဆွဲတဲ့တာဝန်ပြီးသွားတော့ အိုမင်းလာပြီဖြစ်သော မိခင်ကြီးနှစ်ပါး (မွေးမိခင်နှင့်ယောက္ခမမိခင်)ကို လက်ဆွဲရမည့်အချိန် ရောက်လာပေပြီ။ ဖခင်နှစ်ဦးကိုတော့ လက်ဆွဲခွင့်မရတော့ပါ။ ကျန်ရစ်သော မိခင်ကြီးနှစ်ဦးကို လက်တွဲခွင့်ရသည်ကပင် မော်ကံကောင်းလှပေသည်။

ဤသို့ သားတို့၏ လက်ကလေးများကိုလွှတ်၍ အမိတို့၏ လက်ကလေးများကို တွဲကိုင်ရင်း အတွေးလေးတွေ ဝင်လာပါသည်။ နူးညံ့သေးကွေးသော သားတို့၏ လက်ကလေးများကိုကိုင်စဉ်က မော့်ရင်ထဲမှာ အကာအကွယ်ပေးခြင်း၊ ပိုင်စိုးခြင်း၊ တွယ်တာခြင်းများ ခံစားခဲ့ရပါသည်။ ယခုသားတို့ကြီးလာ၍ တစ်ခါတစ်ရံ မော်အားငယ်တဲ့အချိန်မှာ သားတို့၏ နုပျိုသန်မာသောလက်ကြီးများဖြင့် မော့်လက်ကို ဆုပ်ကိုင်၍ အားပေးသောအခါ လုံခြုံခြင်း၊ ကျေနပ်ခြင်း၊ ပီတိဖြစ်ခြင်းတို့ကို ခံစားရပါသည်။ သားတို့အနေဖြင့် ငယ်စဉ်ကအကြိမ်ပေါင်းများစွာ ဆုပ်ကိုင်ခဲ့သော မော့်လက်ကလေးများကို သတိပြုမိမည် မထင်ပါ။ မော့်အနေဖြင့်တော့ သားတို့၏ အားအင်ပြည့်သော၊ သန်မာသောလက်ကြီးများဖြင့် တစ်ခါဆုပ်ကိုင်ခံရသည်ကိုပင် တစ်သက်မမေ့မည် မဟုတ်တော့ပါ။

ထိုနည်းတူစွာပင် ....

ထိုနည်းတူစွာပင် မော်၏ကြင်နာနွေးထွေးသော မြဲမြဲမြံမြံဆုပ်ကိုင်ထားသော လက်ကလေးများကိုလည်း မိခင်ကြီးများအနေဖြင့် မေ့နိုင်မည်မထင်ပါ။ မေတ္တာဆိုတာ ရေစုန်သာရှိပါသည်။ ရေဆန်ရန်ခက်ပါသည်။ ခက်သောရေကို ဆန်တက်ကြရင်း ကြင်နာသောလက်ကလေးများဖြင့် သားနှင့်အမိကြား မေတ္တာကွင်းဆက်များ တည်ဆောက်ကြပါစို့။ ။

## အထုပ်ကောက်၊ အမှိုက်သိမ်းစနစ်ကြောင့် နောက်ဖေးလမ်းကြား စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှု နည်းလာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ယခင်က လမ်းတွင်းနေထိုင်သူ ပြည်သူများက စုပေါင်းထည့်ဝင်ငွေဖြင့် နောက်ဖေးလမ်းကြောင်း အမှိုက်များရှင်းလင်းခြင်းကို ဆောင်ရွက်ခဲ့ရသော်လည်း ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဦးဆောင်ကာ ရန်ကုန်မြို့တွင်း (Down Town)အဓိက ခြောက်မြို့နယ် အပါအဝင် ဆက်စပ်မြို့နယ်များကိုပါ ပြည်သူများထံမှ အမှိုက်ရှင်းခငွေကြေးကောက်ခံခြင်း လုံးဝမပြုလုပ်တော့ဘဲ စည်ပင်သာယာစရိတ်ဖြင့် အမှိုက်သယ်ယူရှင်းလင်းပေးနေမှုကြောင့် ပြည်သူများ ဝမ်းသာလျက်ရှိကြသည်။

မြို့တွင်းအဓိက ခြောက်မြို့နယ် နောက်ဖေးလမ်းကြားများကို အမှိုက်များရှင်းလင်းပေးပြီးနောက် ဆက်စပ်မြို့နယ်ဖြစ်သည့် မင်္ဂလာတောင်ညွန့်မြို့နယ်သို့လည်း ဇန်နဝါရီလ ၆ရက်နေ့မှ စတင်၍ ရှင်းလင်းပေးလျက်ရှိရာ ကျိုတော်၊ တောင်လုံးပြန်၊ ကန်တော်လေး (တောင်ပိုင်း)(အနောက်ပိုင်း)နှင့် (မြောက်ပိုင်း) ရပ်ကွက်များအပြီး ကန်တော်ကလေး (အရှေ့) ရပ်ကွက်၏ နောက်ဖေးလမ်းကြား ငါးလမ်းကို အမှိုက်သယ်ယာဉ် လေးစီး၊ သန့်ရှင်းရေးဝန်ထမ်း ၅၀၊ ကြီးကြပ်သူ ၁၀ ဦးတို့ဖြင့် ရှင်းလင်းပေးလျက်ရှိသည်ကို ဖေဖော်ဝါရီ ၁၁ ရက်က တွေ့မြင်ရသည်။



မြို့နယ်သန့်ရှင်းရေး တာဝန်ခံ ဦးမျိုးဝင်းဦးက မင်္ဂလာတောင်ညွန့်မြို့နယ်တွင် အမှိုက်သိမ်းယာဉ်များ၊ လက်တွန်းလှည်းများဖြင့် နေအိမ်သုံးအမှိုက်များ၊ လိုက်လံသိမ်းဆည်းပေးနေရခြင်းမှ အထုပ်ကောက် အမှိုက်သိမ်းစနစ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစတင် စမ်းသပ်ဆောင်ရွက်ခဲ့ရာ ပြည်သူများ လက်ခံမှုကြောင့် အောင်မြင်မှုရရှိခဲ့ပြီး နောက်ဖေးလမ်းကြားသို့ အမှိုက်များ စွန့်ပစ်မှုနည်းပါးလာသည်ကို တွေ့ရကြောင်း၊ နောက်ဖေးလမ်းကြားများတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ CCTV လုံခြုံရေးကင်မရာများ တပ်ဆင်ကာ၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူများကို ဖော်ထုတ်အရေးယူမှုကြောင့် ပိုမိုအဆင်ပြေကာ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများ နည်းသွားကြောင်း၊ ပြည်သူများက စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရေးတွင် ပူးပေါင်းပါဝင်လာခြင်းကြောင့် ကျေနပ်မိကြောင်း ပြောသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ခြောက်ရပ်ကွက်မှ နောက်ဖေးလမ်းကြားပေါင်း ၄၇ လမ်းကြားမှ အမှိုက်တန်ချိန် ၆၀၀ ကျော်ကို အမှိုက်သယ် ယာဉ်ခေါက်ရေ ၁၂၀ ဖြင့် သယ်ယူရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## အညာမြေအရပ်ဘက် လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဖိုရမ်ကျင်းပ

**ရေစကြို ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ အညာမြေငြိမ်းချမ်းရေးကွန်ရက်မှ ဦးဆောင်၍ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အညာဒေသပြည်သူများ ပိုမိုစိတ်ဝင်စားစွာ ပါဝင်လာရေးအတွက် ဒုတိယအကြိမ် အညာမြေအရပ်ဘက် လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဖိုရမ်ကို ဖေဖော်ဝါရီ ၁၁ ရက်က ရေစကြိုမြို့ ဒုံးပျံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အညာမြေ ငြိမ်းချမ်းရေးကွန်ရက်မှ ဦးသန်းဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဖိုရမ်ညှိနှိုင်းရေးမှူး ဦးဆိုင်းဂျွမ်က CSFOP အကြောင်း မိတ်ဆက်ရှင်းလင်းသည်။ ဆက်လက်၍ အညာမြေငြိမ်းချမ်းရေး ကွန်ရက်၏ ပထမနှင့် ဒုတိယအကြိမ်ဖိုရမ်အကြား ဆောင်ရွက်မှုများကို ဦးဘိုရဲက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဦးသန်းဆွေက လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်များကိုလည်းကောင်း၊ ဦးဆိုင်းဂျွမ်က လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ ဆရာမဂျာနန်၏ ရှင်းလင်းတင်ပြချက်(Video File)ဖြင့် ပြသ၍လည်းကောင်း၊ ဦးသွင်လင်းအောင်က (၂၁)ပင်လုံအရပ်ဘက် လူ့အဖွဲ့စည်းဖိုရမ်၏လုပ်ငန်းဆောင်တာများ ကိုလည်းကောင်း၊ ဦးဝဏ္ဏနွယ်က Transitional Justice နှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အဆိုပါဖိုရမ်သို့ ရန်ကုန်၊ နတ်မောက်၊ တောင်တွင်းကြီး၊ မကွေး၊ စလင်း၊ စတုတ္တရာ၊ ရေနံချောင်း၊ ပွင့်ဖြူ၊ ချောက်၊ ပခုက္ကူမြို၊ မုံရွာတို့မှ CSFOP တာဝန် ခံများ၊ ရေစကြိုမြို့မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ ဒေသခံပြည်သူများ တက်ရောက်ကြပြီးခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်-ရေစကြို**

## နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပ

**နမ့်ခမ်း ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို နမ့်ခမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိရွှေရည်ခန်းမ၌ ဖေဖော်ဝါရီ (၉)က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ခရိုင်ဦးစီးမှူး ဦးစောနိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်တို့က အမှာစကားပြောကြား ပြီး ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိသော ကျောင်းသား ကျောင်းသူ ၁၀၈ ဦးရှိရာ ကျောင်းသား ကျောင်းသူအချို့အားတစ်ဦးချင်းအလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

ထို့နောက် ပေးအပ်ရန်ကျန်ရှိသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နမ့်ခမ်းမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းလွင်က ကျောင်းအုပ်ဆရာမကြီးထံပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

" မွေးနေ့ရှင်များနှင့် မင်္ဂလာဆောင်နှံများအတွက် ... အထူးအစီအစဉ် "

KK ကောင်းကြိုက် မှ



ပွဲ(၅၀)မှာယူသူများအတွက်ပန်းကန်၊ ဇွန်းခက်ရင်းအစုံ(၂၀)နှင့် ရေခဲမုန့်ခွက်အစုံ(၂၀)တို့ကို (အခမဲ့) ငှားရမ်းပေးပါသည်။

ရှယ်ဒံပေါက် / စကားပွဒံပေါက် / ကြက်ဆီထမင်း / နတ်သုဒ္ဓါဒံပေါက် / ထောပတ်ထမင်း

ရှယ်ဒံပေါက် ပွဲ(၅၀)လိုက်ပွဲပါ + သီးစုံရေခဲမုန့် ခွက်(၅၀) + အသည်း၊ အမြစ် ဆီပြန်(၁၅)ပွဲ + ဗာလချောင်ကြော် ရောက်သီးသနပ် + သခွားချဉ် ချဉ်ပေါင်ဟင်းချို = ၂၆၀၀ိ/-နှုန်း

5% Discount

ပွဲ (၁၅၀)မှာယူလျှင် ကောင်းကြိုက်ထီး(၁)ချောင်း၊ ပွဲ(၂၅၀)မှာယူလျှင် တိုင်ကပ်နာရီ(၁)လုံး၊ ပွဲ (၄၀၀)မှာယူလျှင် လက်ဆောင်(၂)မျိုးစလုံးရယူပါ။ ပင်ရင်းနှင့် ဆိုင်ခွဲများအားလုံးတွင် အထူးအော်ဒါမှာယူရရှိနိုင်ပါသည်။

Tel: 01-651891, 653296, 654030, 654383, 522994, 522682 Hot Line: 09-49218237, 09-8611027 09-73145495, 09-5012704

## ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈

ဖုန်း-၀၉-၅၀၈၄၁၂၆

## ရောင်းမည်

ပဲခူးမြို့လယ်ကောင် လိပ်ပြာကန် ၃၂လမ်းရှိ စီးပွားရေးအတွက် အချက်အချာကျသော အိမ်နှင့်ခြံ (၂၆ပေ× ၁၉၈ပေ) နှစ်ထပ် B/N ရေ၊ မီး၊ ဖုန်း အဆင်သင့် ညှိနှိုင်းဈေးဖြင့် ရောင်းမည်။

ဖုန်း-၀၉-၇၆၂၁၆၄၈၀၀

ဒီတစ်ပတ်မှာတော့ အင်္ဂလန်မှာ MBA လေ့လာသင်ယူခြင်းအကြောင်းနဲ့

"လန်ဒန်မြို့ ပေါ်မှာ MBA ကို £ 6450 နဲ့ သင်ယူနိုင်မည့် အခွင့်အရေး" အကြောင်းဆွေးနွေးပွဲ

UNIVERSITY OF THE WEST of SCOTLAND UWS



CROWN EDUCATION Yangon . Myanmar

British Council Education UK Agents Training Certificate(Distinction)

**18 Feb**

10:00 am - 12:00 noon

CROWN Edu : Learning Center

- အင်္ဂလန်မှာ MBA တက်မယ်ဆို ဘာတွေ ပြင်ဆင်ထားဖို့လိုမလဲ
- အင်္ဂလန်မှာ မိမိတတ်နိုင်တဲ့ ကုန်ကျစရိတ်အလိုက် တက္ကသိုလ်များရွေးချယ်ခြင်းနှင့်ပတ်သက်သည့်အကြံပြုချက်များ
- MSC နဲ့ MBA ဘယ်လိုင်းရွေးချယ်ရမလဲ
- MBA မတက်ခင် မြန်မာပြည်မှာ ဘာတွေပြင်ဆင်ထားဖို့လိုမလဲ
- အသိအမှတ်ပြုဘွဲ့ရထားသူများအတွက် MBA ကို တိုက်ရိုက်တက်ရောက်နိုင်မလား

Register Now : 01 527 838 - 09 4500 56 300 - 09 732 732 77

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးကျော်ငွေး ၈/မကန(နိုင်)၁၃၅၆၄၄၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၆၀၈၄၇၄၁

## ပျောက်ဆုံးကြောင်း

